
www.burmeseclassic.com

BURMESE CLASSIC .com



ဉာဏ်ဝင်းစာပေ

## ဆုလေးနွယ်

# အချစ်ရဲ့အာနိသင်ကြောင့်

www.burmeseclassic.com

GRAPHIC DESIGNED BY: YuWa

www.burmeseclassic.com

# ဆုလေးနွယ်

## အချစ်ရဲ့ အာနိသင်ကြောင့်

ပြည်လုံးကျွတ် ဖြန့်ချိရေး



ညာဏ်ဝင်းစာပေ
အမှတ် ၂၇၊ သင်္ဂဟလမ်း
ကျောက်မြောင်း
ဖုန်း - ၅၄၃၀၀၈

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ..... ၅၀၀၉၅၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက် ... ၅၀၁၁၄၄၀၈၀၉

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၀၉ အောက်တိုဘာလ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - အောင်နိုင်

[illegible] - ဒေါ်[illegible]မေ

၈၉၁.၅ - ၃၁

ဆုလေးနွယ်

အချစ်ရဲ့အာနိသင်ကြောင့် / ဆုလေးနွယ် - ရန်ကုန်

ဥာဏ်ဝင်း စာပေ၊ ၂၀၀၉

၂၂၈ - စာ၊ ၁၂ x ၁၇ ၅ စင်တီ

(၁) အချစ်ရဲ့အာနိသင်ကြောင့်

ဒေါ်ဒွေးဒွေးမော်၊ ဥာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ ဘိုချိုတော်လမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇)၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

“ဟက်လို”

ချိုလွင်နူးညံ့သော ထူးသံလေးကို ဒီတစ်ခါတော့ နောင်လင်းတာ မှတ်မိသွားပြီဖြစ်သလို၊ တစ်ဖက်က နန်းမှာလည်း နောင်လင်းရဲ့ ဖုန်းနံပါတ်ပဲဆိုတာ ကြိုသိလိုက်ပါသည်။

အချိန်က မစောလှပါ။ နံနက် ကိုးနာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုပါသည်။

သိသော် မျက်ချယ်ဇင်က အိပ်ကောင်းတုန်း ဖြစ်သည်။

သူ့ရဲ့လက်ကိုင်ဖုန်းကိုလည်း ထုံးစံအတိုင်း အသံပိတ်ထား၏။ ထို့ကြောင့် နောင်လင်းက မျက်ချယ်တို့ရဲ့ အိမ်ဖုန်းကို ခေါ်လိုက်တာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ နန်းတို့ သူငယ်ချင်းတစ်ယောက်ရဲ့ ဆွမ်းကျွေး အလှူညစာခံပွဲတစ်ခု သွားစရာရှိတာကြောင့် မျက်ချယ်က နန်းကို သူ့အိမ် အစောကြီးလာဖို့ ညကတည်းက တဖွဖွ မှာထားတာ ကြောင့် နန်းက ဖေဖေ ရုံးသွားချိန် တစ်ခါတည်း ဝင်ပို့ခဲ့ခိုင်းရတာ။

ဒီကျတော့ မျက်ချယ်အစ်မက တံခါးဖွင့်ပေးသည်။

မျက်ချယ်မှာ အိပ်ကောင်းတုန်းပဲ ရှိသေး၏။

"အဲဒီ. . . မျက်ချယ်က လုပ်ပြီ၊ သူ နိုးလာရင် ရေချိုးဦး မှာနဲ့၊ အလှပြင်မှာနဲ့၊ ဆယ်နာရီ ဘယ်လိုရောက်ပါတော့မလဲ စိတ်ရှုပ်ပါတယ်"

သူမက ညည်းညည်းညူညူ. . .။

ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်လိုက်ဆဲမှာပဲ တယ်လီဖုန်း အ လေးက ထမြည်လာတာ အနီးမှာ သူမပဲ ရှိတာကြောင့် နန်းက ဖုန်းကိုင်လိုက်တာ ဖြစ်သည်။

"နန်းဆန် ရောက်နေတယ် ထင်တယ်"

"ဟုတ်ကဲ့. . သွားစရာတစ်ခု ရှိလို့ပါ"

နန်းဆန်သူက ဆံပင်လေးတွေ လက်တစ်ဖက်က သ တင်ရင်း မျက်ချယ်ကို သွားနှိုးပေးရမလား စဉ်းစားသည်။





"မျက်ချယ်ရော. . . ဘာလုပ်နေလဲ၊ မအားဘူးထင် တယ်၊ သူ့ဖုန်းကိုလည်း ဖွင့်ဖို့ သတိပေးစမ်းပါဦးဗျာ"

"ဟိုလေ. . . သူ အိပ်နေတယ်"

"ဟာ. . . အိပ်တုန်းလား"

"ဟုတ်ကဲ့. . . နှိုးပေးရမလား"

"ရတယ်. . . ရတယ်၊ နောက်မှပဲ ကျွန်တော် ပြန်ဆက် မယ်၊ နန်းဆန် သူ နိုးရင် တစ်ခုပြောပေးပါ၊ ဒီညနေ ကျွန်တော် လာဖြစ်ဘူးလို့၊ ကျွန်တော့်မေမေ ပြန်ရောက်မှာမို့လို့ လေဆိပ် သွားကြိုရမယ်၊ ဒါကြောင့်ပါ"

တစ်ဆင့် ပြောရတာကို နောင်လင်း စိတ်သက်သာရာရ ဟန်၏။

မျက်ချယ်ကိုသာ ဒါရိုက်ပြောရဝ် ချိန်းပြီးမှ ပျက်ကွက်ရ ကောင်းလားဟု ပွစိပွစိ ရေရွတ်ပြစ်တင် စိတ်ကောက်လို့ဆုံးမှာ မဟုတ်။

နောင်လင်းလည်း မတွေ့ချင်လို့မှ မဟုတ်ဘဲ။

သူမကို တွေ့ချင်လွန်းလို့သာ တွေ့ခွင့်ရဖို့ ချိန်းဆိုထားခဲ့ တာ။ အခုတော့ မေမေက ဒီနေ့ ပြန်ရောက်မည်ဟု ဖုန်းဆက်တ မှ မတတ်နိုင်။

www.burmeseclassic.com



လေဆိပ်ကို သူ ဆင်းမကြိုရင် မေမေ စိတ်ဆိုးမှာ။

ဒီတစ်လလုံး စက်ကပူသွားနေတာမို့ မေမေနဲ့ သူ ခွဲနေရတာ တစ်လရှိပြီလေ။

စီးပွားရေးတိုင်တွေနှင့် မေမေက နိုင်ငံရပ်ခြားလည်း မကြာခဏ သွားလာရတတ်သည်။

အဲဒီအခါမျိုးတွေမှာ နောင်လင်းကို စိတ်မချတတ်၊ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်သူနဲ့တော့ မပေါင်းနဲ့ စသဖြင့် တဖွဖွ မှာကြားမဆုံး။

ပြီးတော့. . . ဟဲ. . . ဟဲ။

သူ ရည်စားထားနေပြီဆိုတာ မေမေ မသိသေးပါ။

နည်းနည်းပါးပါး ရိပ်မိချင်တော့ ရိပ်မိနိုင်သည်။

သူ့ဖက်ကလည်း လိုမှ ဖွင့်ပြောမည်ဟု စဉ်းစားထားသည်။ မျက်ချယ်နဲ့ သူနဲ့က ရေ့ရေးရှေ့ရပ်တွေ တိုင်ပင် ဆွေးနွေးတာမျိုး မလုပ်ဘူးသေးပါ။

ချစ်သူဖြစ်သည်ဆိုရုံမျှသက်သက်ကလေးမို့ မေမေ့ ထိုအကြောင်းတွေ မဆွေးနွေးရသေး။

နောင်လင်းသည် သူ့ဖက်က တစ်ခါမှ မပျက်ကွက်ဘူးတာမို့ အားတုံ့အားနာ စိတ်တွေ ရှုပ်နေရသေး။





မျက်ချယ်နှင့်ပတ်သက်လျှင် သူ့ဖက်က ဘာမဆို အလေးအနက်ထားနေကျပါ။ ချိန်းထားပြီးရင် အချိန်တိတိကျကျ ရောက်နိုင်ဖို့ပင် သူ အမြဲကြိုးစားခဲ့သူပါ။

တစ်ခါမှလည်း နောက်မကျခဲ့ဘူးပါ။

ဒီတစ်ကြိမ်သာ မတွေ့နိုင်ခဲ့သေးဘူးဟု ပြန်ပြင်တာဖြစ်သည်။

"သူ နိုးလာရင် နန်း ပြောပေးပါ့မယ်"

"ဆက်ဆက် ပြောလိုက်ပါဗျာ၊ တော်ကြာ သူ ကျွန်တော့်ကို စိတ်ကောက်နေဦးမယ်"

"စိတ်ချပါ. . . ကိုနောင်လင်းရဲ့၊ နန်း မမေ့ပါဘူး"

"အဲဒါဆို. . . သင့်ခ်ယူဗျာ"

နောင်လင်းက ဖုန်းခွက်ကို အသာပြန်ချလိုက်သည်။

ပြီးလျှင် သက်ပြင်းတစ်ချက်နှင့်. . .

မျက်ချယ်. . . မျက်ချယ်၊ ဒီအချိန်ထိ အိပ်တုန်းတဲ့၊ ညက ဘယ်တွေသွားခဲ့လို့ ညဥ့်နက်သလဲမသိ။

သူနှင့် မျက်ချယ်က ချစ်သူတွေဘာတွေ ဖြစ်နေတာ၊ တစ်ယောက်အပေါ် တစ်ယောက် ထဲထဲဝင်ဝင် ရင်းနှီးလွန်းလှသော မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



[illegible] မျက်ချယ်အကြောင်းကို မျက်ချယ်ပြောသလောက် [illegible]တဲ့သူ။

မျက်ချယ်မှာ သူ့အပြင် နောက်ထပ် ရည်းစားများ ရှိနေ [illegible] တစ်ခါတစ်ခါ သူ သံသယ ဝင်မိသည်။

မေမေသာ သိသွားရင် မျက်ချယ်လို ခေတ်ဆန်ပွင့်လင်းတဲ့ မိန်းကလေးမျိုးနဲ့ သဘောတူပါ့မလား။

ဒါကိုလည်း သူ စိုးရိမ်ပါသေးသည်။ စိုးရိမ်စိတ်ကြောင့်ပင် မေမေနဲ့ မျက်ချယ်ကို မိတ်ဆက်မပေးရဲသေးတာ ဖြစ်၏။

မေမေက သူ့နှလုံးသားရေးရာကိစ္စမှာ လွတ်လပ်ခွင့် ပေးထားတယ်ဆိုပေမယ့် သူ သဘောမတွေ့ရင်တော့ တားမြစ် မှာ သေချာသည်။

မေမေက အခုထိ နုပျိုသွက်လက်နေသလို စိတ်ဓါ လည်း ခပ်ထက်ထက် မဟုတ်လား။ နောင်လင်းဘဝမှာ ဒီအမေ တစ်ယောက်သာ ရှိသဖြင့် သူ့အိမ်ထောင်ရေးမှာ မေမေ့သဘော ထားက အလွန်အရေးကြီးသည်။

နောင်လင်းသည် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင် မေမေ့အကြောင်းတွေ သတိတရ တွေးနေမိ၏။

ပြီးတော့ မျက်ချယ်. . .။





မျက်ချယ်နဲ့ သူနဲ့ စတွေ့ခဲ့ပုံ။ သူတို့ ဆယ်တန်းဖြေပြီး အောင်စာရင်းထွက်တဲ့နေက အဖြစ်အပျက်လေးများ။

အဲဒီရဲ့နောက်. . .။

နန်းဆန်သူနဲ့ သူနဲ့ ရေကူးကန်မှာ စတွေ့ခဲ့တာ။

နန်းဆန်က မျက်ချယ် သူငယ်ချင်းဖြစ်နေတာ။

အတိတ်က ဖြစ်ရပ်လေးများက သူ့ခေါင်းထဲ စီကာ စဉ်ကာ ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ အိမ်ပြန်ရောက်တော့ အမေက ဝတ်စားပြင်ဆင်ပြီး အပြင်တစ်နေရာ သွားမလို့ ဖြစ်ဟန်တူ၏။

"သား ထမင်းစားလေ"

မေမေက အနားမှာထိုင်ကာ သူ့ပန်းကန်ထဲ ဟင်းထည့်ပေးတာမျိုး မလုပ်ဘဲ နှုတ်ကနေ သူ့ကို လှမ်းသတိပေးတတ်၏။

စားချင်တဲ့ဟင်း မေးပြီး အိမ်က ကောင်မလေး ဘဲဥမကို စီစဉ်စိုင်းသည်။ အပြင်ဆိုင်ကနေ ဝယ်ခိုင်းတာက ပိုများသည်။

အမေသည် အိမ်ဟာဟီရ စီစဉ်နိုင်သော မီးဖိုချောင်ဝင်နိုင်သော မိန်းမမျိုးမဟုတ်ခဲ့။

မေမေ သူ့ကို ဂရုတစိုက်နှင့် ထမင်းဟင်း ခူးခပ်ထည့်ပေးတာမျိုးလည်း မရှိပါ။





သူ ခုနစ်တန်း၊ ရှစ်တန်း ကျောင်းသားဘဝကတည်းက မေမေက စီးပွားရေးထဲ စိတ်နှစ်ထားသည်။

ပြီးတော့ သူ့မှာ သားရှိနေတာကို မေမေ မေ့နေပုံပါ။ အပျိုစင်လေးလို ကြော့ရှင်းနေတတ်သည်။

သူတို့ကို သားအမိလို့ မထင်ရဘဲ မောင်နှမလို့ ထင်ရတာ သူကိုယ်တိုင် သတိထားမိခဲ့၏။

ဖွံ့ဖြိုးသော ခန္ဓာကိုယ်နှင့် ရှည်မတ်သော အရပ်ကြီးကြောင့် မောင်နှမဆိုရင်တောင် မေမေက ညီမလေးဖြစ်ဖို့ပဲ ရှိသည်။

ဒီကိစ္စတွေအတွက် သူ့အနေနှင့် မေမေ့ကိုလည်း အပြစ်မထင်မိပါ။

သူ့ဘဝ အခုထိ အေးအေးဆေးဆေး ပြည့်ပြည့်စုံစုံ ကြီးကျယ်ခန်းနားနေတာ မေမေ အရမ်းကြိုးစားတာကြောင့်မှန်း သိသည်။

Mand Phone တစ်လုံးနှင့် တစ်ချိန်လုံး စကားတွေပြော၊ ဟိုသွားဒီသွား မအားလပ်သော မေမေ့ခေါင်းထဲမှာတော့ သူ့သားအတွက်ဆိုတဲ့ ရည်ရွယ်ချက်သာ ရှိခဲ့သည်။

သူ မေမေ့ကို သနားသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ အရွယ်ရောက်ပြီး သိတတ်လာကတည်းက ဆုံးဖြတ်ထားသည်။

မေမေ စိတ်မချမ်းသာဖြစ်မည့်ကိစ္စကို လုံးဝ ရှောင်ကြဉ်မည်ဆိုတာပါပဲ။ မေမေ သူ့ကိုချစ်တာ သူ ယုံသည်။

မေမေ့ အနားကပ်ပြီး ဆိုးခွင့်၊ ဂျီကျခွင့် မရတာကိုလည်း သူ ဖြေသိမ့်လိုက်သည်။

လုပ်ငန်းတွေ အကြီးအသေးစုံစွာ ရှိတာမို့ မေမေက လူပေါင်းစုံနှင့် ပတ်သက်ပြောဆို ဆက်ဆံရသည်။

ပွဲမျိုးစုံ သွားရသည်။ ပါဝင်ဆင်နွှဲရသည်။

အဲဒီလို အခါမျိုးတွေမှာ မေမေနှင့် ရင်းနှီးသောမိတ်ဆွေတွေက မေမေ့ကို အိမ်တိုင်ရာရောက် လာခေါ်တတ်သည်။

များသောအားဖြင့် စီးပွားရေးလုပ်နေကြတာက အမျိုးသားတွေ မဟုတ်လား။

မေမေက မိန်းမသားပေမယ့် အမျိုးသားတွေနဲ့ ပုခုံးချင်းယှဉ်ကာ အလုပ်လုပ်နေရတာမို့ သူတို့နှင့် ကင်းရှင်းချင်လို့လည်း မရပါ။

လုပ်ငန်းသဘောအရ၊ လူမှုရေးအရ အမျိုးသားတွေနှင့် မေမေ ရင်းနှီးရသည်။ ပေါင်းသင်းဆက်ဆံရသည်။





တွဲသွားတွဲလာလည်း ရှိသည်။

သူက ငယ်သေးတော့ ထိုကိစ္စတွေထဲ မပါ။

ကလေးလိုပဲ၊ မသိသလို နေခဲ့ပေမယ့် အတွေးထဲမှာတော့ ကိုယ့်မိခင်အကြောင်းက အမြဲရှိနေခဲ့သည်။

"သား. . . မေမေ ဒီည နောက်ကျမယ်နော်၊ ဒင်နာရှိတယ်"

"ဟုတ်ကဲ့"

မေမေက သူ့ကို အသိပေးရုံ ပြောတတ်သည်။

'သား လိုက်မလား' ဟု ဘယ်တော့မှ မခေါ်။

သူကလည်း မေမေ ခေါ်မှာပင် စိုးရိမ်နေသေးတာ။ လိုက်မလားဟု မေးရင် 'မလိုက်ဘူး မေမေ' ဟု ငြင်းဖို့ စီစဉ်ပြီးသား။

ဒါမှမဟုတ်လည်း. . . သား စာကျက်စရာတွေ ရှိသေးတယ်ဟု အကြောင်းပြလိုက်မည်ဟု တွေးထားသည်။

မေမေကလည်း သူ တမင် အကြောင်းပြမှန်း သိမှာပါ။

ဒါပေမယ့် မေမေက သူ့ကို မခေါ်။ သူကလည်း မေမေနှင့် ခပ်စိမ်းစိမ်းပဲ ရှိနေခဲ့သည်။

မေမေ့မိတ်ဆွေ အမျိုးသားတွေကိုလည်း အရယ်အမောမပျက် ဆက်ဆံနိုင်သည်အထိ သူ တစ်စတစ်စ ရင့်ကျက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဖုန်းပြောနေလျှင် စကားသံလေးက ချိုပြီး ချစ်စရာကောင်း၏။

စိတ်ကြည်သာနေမိလျှင် သူပါ ဝင်နောက်ကာ ရယ်မောနေမိသေး၏။

သူ တွေ့ဖူးသမျှ မိန်းမတွေထဲမှာ သူ့အမေ အလှဆုံးဟု သူ ထင်သည်။

နုဖတ်ဝင်းစိုပြီး ဆံပင်ကလေးတွေမှအစ ခြေဖဝါးလေး အဆုံး အပြစ်ဆိုစရာ တစ်ကွက်မှ မရှိ။

အမြဲလိုလို ဖွတ်လတ် မြူးသွက်နေကာ ဆယ်ကျော် ဃက်လိုပါ။ အဝတ်အစားလည်း ဖက်ရှင်ကျအောင် ရွေးတတ်သည်။

ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် မေမေက ရှင်းကျော့ ကျော့လေး သပ်ရပ်ပြီး ရင်သပ်ရှုမောစရာ ဖြစ်နေ၏။

သူကမှ တစ်ခါတရံ အကျီပောင်းတစ်ထည်နှင့် ဆံပင်တွေ ပွနေချင် နေပစ်သေးတာ။ မေမေက ဘယ်တော့မှ ပစ်စလက်ခတ် မနေတတ်ပါ။

ထာဝရ ကြော့မော့သန့်ပြန့် သပ်ရပ်စွာ နေတတ်သော မေမေပါ။





ရုပ်က လန်းဆန်း တက်ကြွနေတတ်သလို စိတ်ကိုလည်း အညှိုးအနွမ်း မခံပါ။

စကားပြောတာ တစ်ခုပဲ မေမေ အပင်ပန်းခံသည်။

အဲဒါကြောင့်ပဲလား မသိ။

မေမေ စကားပြောလျှင် အရမ်း နားထောင်ကောင်းသည်။ နားဝင်ချိုသည်။

ဖုန်းပြောလျှင်လည်း အကြာကြီး၊ တော်တော်နှင့်မပြီး။

စိတ်အေးလက်အေးနှင့် ပြောနေလိုက်ဘာ တမေ့တမော။

မေမေက ကိုယ့်ဘဝကို ကျေနပ်ပျော်ရွှင်နေပုံရသည်။

အနားယူချိန် မရှိအောင် မေမေက အလုပ်များသည်။

နောင်လင်းလည်း ကျောင်းတက်၊ စာကျက်၊ ကျူရှင်တက်နှင့် ကွန်ပျူတာနိုပ်၊ အင်တာနက်ဝင်နှင့် အချိန်ပို အချိန်အား မရှိပါ။

မေမေက ဘယ်လောက်ပဲ အလုပ်များများ သူ့ကို မသိသာတော့ စောင့်ကြည့် လေ့လာနေတတ်သည်။

သူ ဖုန်း ခပ်ကြာကြာ ပြောနေလျှင် မေမေ သတိပြုမိပြီပဲ။

"ဘယ်သူလဲ. . . သား၊ ဘာကိစ္စနဲ့ သားဆီ ဖုန်း ဆက



www.burmeseclassic.com

www.burmeseclassic.com



ခဏ ဆက်နေတာလဲ၊ အကြောင်းမရှိဘဲ လျှောက်ပြောနေတာ မဟုတ်လား"

ဟု မေးတတ်၏။

တစ်ခါတရံ မေမေ ဖုန်းကိုင်မိလျှင် သူ မရှိဘူးဟု အသံ မာမာနှင့် အပြတ်ပြောတတ်တာကြောင့် ကောင်မလေးတွေ သူ့ဆီ ဖုန်းမဆက်ရဲတော့။

"စာသင်ချိန်မှာ စာပဲနော်၊ တခြား မေမေ ဘာမှ မလိုချင်ဘူး၊ ဆယ်တန်းအောင်ပြီးရင် သားသဘော"

ဟု ခပ်တင်းတင်း ဆိုသည်။

သူ့ကို အမိန့်ပေး၊ စည်းကမ်းထုတ်ရာမှာတော့ မေမေ တကယ် ပြတ်သားသည်။

အခွင့်အရေး လုံးဝ မပေးဘဲ အမြဲ တင်းကျပ်သည်။

မေမေ မကြိုက်သော သူငယ်ချင်းတွေနှင့်လည်း အပေါင်းအသင်း မလုပ်ရပါ။

သူက မေမေ့ကို သနားစိတ် [illegible] မေမေ့စကားမှန်သမျှ နာခံခေါင်းညိတ်သည်။

နောင်လင်းက တစ်ခါတ[illegible] မ [illegible]က်နှင့် မေမေ့ကို ပြန်ပြောတတ်သည်။





"သားကိုကျတော့ အမျိုးမျိုး ကန့်သတ်တယ်၊ ဘောင်ခတ်တယ်၊ မေမေကျတော့ သားဆန္ဒတွေကို တစ်ခါမှ ဂရုမစိုက်ဘူးနော်"

"အောင်မယ်. . . ငါက မအေလေ၊ မေမေက သားစကား နားထောင်ရမှာလား၊ သားက မေမေ့စကား နားထောင်ရမှာလား စဉ်းစားပါဦး"

"မေမေလည်း တစ်ခါတလေတော့ သားစကား နားထောင်သင့်တာပေါ့"

မေမေက သူ့စကားကို ရယ်နေတတ်သည်။ သူကလည်း အတွန့်မတက်တော့။ ယောကျ်ားလေးမို့ ခံစားချက်တွေကို ရင်မှာပဲ အတတ်နိုင်ဆုံး မျိုသိပ်ထားတတ်ခဲ့သည်။

မေမေက သူ့ကို တချို့နေရာတွေမှာ ကလေးလို သဘောထားပြီး၊ တချို့နေရာတွေမှာကျတော့ လူကြီးလို သဘောထားသည်။

မေမေ့ကိစ္စတွေ ဝင်စွက်တာမျိုး၊ ဝင်ပါတာမျိုးကို မကြိုက် [illegible] ကလေးတစ်ဦး [illegible] စာကိုယ် ကြိုးစားပြီး နေချင်သလိုမျိုး သဘောထား ရှိသည်။

သူ့ဘ[illegible]အင် [illegible]မှန်သမျှ တစ်ခုမကျန် ချက်ချင်း [illegible]စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံသော ပူပင်ကြောင့်ကြောင့်မှုဆိုတာ သူ့မှာ မရှိခဲ့။

ရှင်းရှင်းပြောရလျှင် သူ့အပေါ် အနစ်နာခံ၊ အနွံတာခံ တာ အရိပ်တကြည့်ကြည့် ရှိမနေခဲ့တာက လွဲလျှင် သူ့ဘဝ ပြည့်စုံ ခမ်းနားဖို့ အားလုံး ဖြည့်ဆည်းပေးသည်။

မိခင်တာဝန် မကျေဘူးဟုလည်း မဆိုနိုင်ပါ။ သူ နေမကောင်းလျှင် ဆရာဝန် ချက်ချင်း ခေါ်ပေးသည်။

ကျောင်းစာဘာသာရပ်တွေကို အကောင်းဆုံးဆရာကို ရှာဖွေ စုံစမ်းကာ သင်ကြားစေသည်။

သူကြိုက်တတ်သော ဟင်းကို အမြဲချက်စေသည်။ သူ လိုချင်သည့် အဝတ်အစား၊ အသုံးအဆောင်အားလုံး ဈေး ဘယ်လောက်ကြီးကြီး ဝယ်ပေးသည်။

သူ ဝါသနာပါသည့်အလုပ်ဆိုလျှင် မေမေ မကြိုက်သော်လည်း မကန့်ကွက်ခဲ့ပါ။

ပြီးတော့ ချစ်သူထားတာနှင့် ပတ်သက်ပြီး . . .

"သားက ဒါ ကျွန်တော့်ချစ်သူပါ မေမေလို့ ပြောလာတဲ့ မိန်းကလေးကို သားကို ချစ်သလို၊ မေမေ ချစ်မယ်ပါတဲ့"

ကဲ. . . သူ့အပေါ် ဘယ်လောက်သဘောကောင်းလိုက်သလဲ။





မေမေနှင့် သူ့ကို ရုတ်တရက်ကြည့်လျှင် ခပ်စိမ်းစိမ်း နေမည် ဖြစ်သော်လည်း နှလုံးသားချင်းကျတော့ ပူနွေးစွာ သွယ်လျက် ရှိကြသည်။

သားအမိလေ. . . မချစ်ဘဲ နေမလား၊ ချစ်တာပေါ့။

ယောက်ျားတွေနှင့် ပုခုံးချင်းယှဉ်၊ ခြေရာချင်းယှဉ်ပြီး ပွားရေးထဲ စိတ်နှစ်ကြိုးစားနေသော မေမေ့ကို သူ လေးစားသည်။

သို့သော် ဘာကိုမှန်းမသိ။ စိတ်တိုင်းမကျသလိုလည်း သည်။

သူ မေမေ့ကို ချစ်တာမို့ အစစအရာရာ မေမေ့စိတ်ကြိုက် စေခဲ့သည်။

မေမေ ဖြစ်စေချင်တာတွေဖြစ်အောင် ကြိုးစားပေးသည်။ မေမေ့အချစ်တွေက သူ့ရင်ကို အင်အားဖြစ်စေသည်။

ကျောင်းစာမှာ အရင်ကထက် ပိုကြိုးစားသည်။ အတန်း မှာ ဆုရလျှင် သူ့အောင်မြင်မှုတွေကို မေမေ ကျေနပ်မဆုံး။

သူ့ရင်ထဲ မေမေ့အပျော်တွေ ကူးစက်ကာ ကြည်နူးမိသည်။

အဲဒီနှစ်မှာ မေမေက သူ့ကို မွေးနေ့ပွဲ လုပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုတယ်တစ်ခုမှာ ကျင်းပပေးခဲ့တာ။ သူ့အတွက် ငွေကုန်ကြေး
ခံဖို့ မေမေ လက်မနှေး။

အဲဒီ မွေးနေ့ပွဲမှာ မိတ်ဆွေ သူငယ်ချင်းများနှင့် စည်က
ဆူညံကာ စိတ်လွတ်လပ်စွာ ပျော်ရွှင်မြူးတူးခဲ့ရတာကို နောင်လ
မမေ့နိုင်။

မေမေက တစ်ခါတစ်ခါတော့ သူနှင့် လက်ပွန်းတ
နေတတ်သည်။

သူ့ပုခုံးကို ဖက်လိုက်၊ ဆံပင်လေးတွေ သပ်ပေးလို
ခေါင်းလေးကို ပုတ်လိုက်နှင့် သူ့ကို ချော့မော့တတ်သည်။

မေမေက သူ့ကို ဆရာဝန်ပဲ ဖြစ်စေချင်သည်။ သူ
တော့ ဝါသနာ သိပ်မပါ။

ဆယ်တန်းအောင်ပြီးမှ ဘယ်လိုအခြေအနေ ဖြစ်
မလဲ ကြည့်ရပါဦးမည်။



ဇူလိုင်လရဲ့ တစ်ခုသော တနင်္ဂနွေနေ့မှာ နောင်လင်း
ဆက်ယောက် ညကတည်းက မအိပ်ဘဲ ကျူရှင်က အပေါင်း
အသင်းတို့နှင့် ရှုပ်ယှက်ခတ်နေခဲ့သည်။

ဒီမနက် ကျောင်းမှာ အောင်စာရင်းကပ်မှာ ဖြစ်တဲ့
အတွက် သူတို့ မိုးမလင်းခင် သွားတိုးကြည့်ဖို့ တပြင်ပြင် စုဝေး
နေကြတာပဲ ဖြစ်သည်။

"ဆယ်တန်းအောင်စာရင်းဆိုတာ နှစ်တိုင်း ရင်ကို လာထိ
နေကျကွ။ မင်းတို့တော့မသိဘူး၊ ငါတော့ ခုကတည်းက ရင်ခုန်
နေပြီ"

သူတို့ရဲ့ ဂိုက်ဆရာ ကိုကျော်စွာက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပတ်လုံး အနီးကပ် ဂိုက်လုပ်၊ စာသင်၊ စာစုကျ လာကြတာကြောင့် ကိုကျော်စွာကလည်း သူတို့ရဲ့ သူငယ်ချင်းလို ဖြစ်နေပါပြီ။

အောင်စာရင်း ကြည့်ဖို့ကို ညကတည်းက သူလည်း စိတ် လှုပ်ရှားနေသည်။

"အစ်ကို့တုန်းက သရီးဒီပါတော့ ပျော်သွားမှာပေါ့"

"မင်းလည်း ဒီမှန်းတာပဲ မဟုတ်လား နောင်လင်းရ"

"သူက ဒီ ခုနှစ်လုံးရမှာ"

"ဖြေတာကမှ ခြောက်ဘာသာ၊ သူက တစ်လုံးတော အပိုပါသေးတာပေါ့. . . ဟား. . . ဟား"

အောင်ရုံလောက်သာ မနည်းမှန်းရသော ဘော်ဒါတွေ တကုပ်ကုပ် ကြိုးစားလာခဲ့သော နောင်လင်းကို ဟားလိုက်ကြသည်။

နောင်လင်းက အမေ့ကိုချစ်သော သားလိမ္မာ၊ လက် ရည်ဆိုင် ထိုင်ဖို့သွားခေါ် လျှင်တောင် သူ စာကျက်ပြီးတဲ့ ည နာရီထိ စောင့်ရတာမို့ ပျော်ပျော်ပါးပါးနေတတ်သော သူငယ်ချ တွေက သိပ်မကြည်။

"ဒါကတော့ကွာ. . . နောင်လင်းက မင်းတို့ထက် ရှ မှန်းချက်ကြီးတာကိုး"





ကိုကျော်စွာက စာတော်တဲ့ နောင်လင်းကို ပိုချစ်တာ အမှန်။ ဂိုက်ဆရာဆိုပေမယ့် တပည့်လိုသက်သက်မဟုတ်ဘဲ ညီရင်းအစ်ကိုပမာ ပေါင်းသည်။

ဆယ်တန်းဖြေပြီးသွားပေမယ့် သူတို့တစ်သိုက်နှင့် အခင် အမင် အသွားအလာ မပျက်ခဲ့ပေ။

သူတို့ကလည်း ကိုကျော်စွာကို ပြောရဲဆိုရဲ ရှိသည်။

"ဟုတ်တယ်. . . ဒီကောင်က ဆရာဝန်တောင် ဖြစ်ချင် ဖြစ်မှာ၊ ကိုကျော်စွာ သူ့ကို အမျိုးတော်ရင် မမှားဘူး"

"ဟေ့ကောင်တွေ"

နောင်ရဲက ဟန့်၏။

ကိုကျော်စွာရဲ့ ညီမလေးက ဒီနှစ် ကိုးတန်းတက်မှာ။ သူတို့က ဒါကို ရည်ရွယ်ပြီး မထိခလုတ်၊ ထိခလုတ် ရိသဲ့သဲ့ နောက် ပြောင်ချင်တာ။

"အေးပေါ့. . . တော်သင့်ရင်လည်း တော်ရမှာပေါ့ကွာ၊ မင်းတို့သာ မနာလိုမရှိနဲ့ ကြားလား"

"ဟား. . . ဟား. . . ဟား"

ကိုကျော်စွာက ခပ်တည်တည် ပြန်ပြောတော့ သူတို့ သဘောတကျ ရယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သိပ်စကားမများနဲ့တော့၊ ကားပေါ်တက်ကြ"

"အဟဲ. . . ဆရာ ဖင်ကျိန်းသွားပြီ"

ဟု အချင်းချင်း ကပ်တိုးပြောကြသေးသည်။

ပြီးလျှင် နောင်ရဲရဲ့ ရာဇာဂျစ်ပုလေးပေါ် ကိုယ်စီ ခုန်တက်လိုက်ကြသည်။

နောင်လင်းအမေက သူ့သားသူ့စာမေးပွဲအောင်မည်ဆိုတာ ယုံကြည်ပြီး ခုကတည်းက ကြိုတင်၍ ဂျစ်ကားဝယ်ပေးလိုက်ပြီ

ဒါပေမယ့် နောင်လင်းမှာ လိုင်စင်မရှိသေးတာကြောင့် ကိုကျော်စွာပဲ မောင်းသည်။

နောင်လင်းက မောင်းသူဘေးက ကူရှင်မှာ ခပ်တောင့်တောင့်ထိုင်ရင်း အောင်စာရင်းကြည့်ဖို့ စိတ်စောနေမိသည်။

အခုမှ နံနက်လေးနာရီကျော်ရုံ ရှိပါသေးသည်။ သို့သော် ဆယ်တန်းကျောင်းသူကျောင်းသားရှိသော မိသားစုဝင်တွေမှာ လှုပ်လှုပ်ရှားရှား လမ်းပေါ် ရောက်နေကြပါပြီ။

သူတို့အဖွဲ့တွေက ဂျစ်ကားတစ်စီး၊ ပါပလစ်ကာတစ်စီး စုစုပေါင်း ကားနှစ်စီး အတူထွက်ခွာလာကြသည်။

မှောင်မည်းမည်း ညထဲမှာ သူတို့လိုပဲ ကျောင်းရှေ့ရောက်လာကြတဲ့ ကားတွေမှာ ပလက်ဖောင်းတောင် ပြည့်နေပြီ။





ကျောင်းရှေ့မှာ လူငယ်လူရွယ်အများစု စုပြုံတိုးဝှေ့ကာ အုတ်စီကျွတ်စီ အသံတွေ ထွက်နေသည်။

ကောင်မလေးတွေလည်း အများကြီး။

လူအုပ်ကြီးက မနည်းပါ။

သူတို့ကား ရပ်စရာနေရာ ရှာ၍ ခပ်လှမ်းလှမ်းမှာ ရပ်ခဲ့ကြသည်။

ထိုအချိန်မှာပင် ရင်ခုန်နေမိသော နောင်လင်းကို ပို၍ ရင်ခုန်မြန်ချင်စရာအကြောင်းက ပေါ်ပေါက်လာလေသည်။

"ဘယ်သူ ထိုးဖောက်တိုးမှာလဲ"

"နောင်လင်း. . . တိုးပလေ့စေ၊ ဒီကောင်က အရပ်ကြီးခြင်းတော့ ဟန်ကျတယ်"

"အောင်မာ. . . မင်းတို့လည်း တိုးလို့ရတာပဲ၊ ကိုယ့်အောင်စာရင်းဆိုတာ ကိုယ်တိုင် မျက်စိနဲ့ သေချာကြည့်မှ အရသာရှိတာကွ"

"ငါ ကားနားမှာပဲ စောင့်မယ်၊ ငါ မကြည့်ရဲဘူး"

သန့်စင်က မျက်နှာပျက်ပျက်နှင့် တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

"ငါ့ခုံနံပါတ် ရေးပေးထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အောင်ပါတယ်ကွာ"

"ဖစ်ဆစ် မဖြေနိုင်ဘူး ကိုကျော်စွာ၊ အမှတ်ပြန်ထွက်တာ လေးဆယ်ကို မပြည့်ဘူး"

"ပြည့်ပါတယ်"

"ပြောနေကြာတယ် . . . သွားကြည့်မယ်"

သူတို့က သန့်စင်ကိုပါ အတင်းဆွဲခေါ်ကြ၏။

အောင်စာရင်း ကပ်ထားရာ သံပန်းတံခါးရှေ့ကို မမြင်ရဘဲ တိုးဝှေ့နေသော လူအုပ်ကြီးသာ မြင်နေရ၏။

အနားရောက်တော့ လူချောင်မည်ထင်တဲ့ဖက် ကိုယ့်အစီအစဉ်နှင့်ကိုယ် လူစုကွဲကာ တိုးဝှေ့ကြရတာ ဖြစ်သည်။

"ဟေး . . . ဘယ်လိုဖြစ်တာလဲ"

ကောင်မလေးတစ်ယောက်က သူ့ရှေ့မှ ဖြန်းကနဲ ပြန်လှည့်တိုးထွက်တာမို့ ရင်ချင်းအပ်သလို ဖြစ်သွားတာကြောင့် နောင်လင်းက အားနာပါးနာ ရေရွတ်သည်။

"ဆောရီးနော် . . ."

တီးတိုးတောင်းပန်သူလေးကို နောင်ရဲ ငုံ့ကြည့်မိသည်။ ဆံပင်လေး ဖားလျားချထားတဲ့ ချစ်စဖွယ်မျက်နှာနုနု ဝင်းပပလေးကို မြင်သည်။ ခေါင်းဆောင်းပါသော ဆွယ်တာအနက် ရင်ရှေ့





ဆက်ရှည်လေးကို ဝတ်ထားပြီး ချွေးပျံနေရှာ၏။ လူကြားထဲမှာမို့ သူမ စကတ်ဝတ်ထားသလား၊ ဘောင်းဘီဝတ်ထားသလား မသဲကွဲ အပေါ်ပိုင်းပဲ မြင်ရတာလေ။

"မင်း ပြန်ထွက်ရင် ထွက်လေ"

ဟုတ်သည်လေ။

ဒီအတိုင်းကြီး ရှေ့ဆက် မတိုးကြဘဲ ဘယ်လိုနေမလဲ။ နီးကပ်သော အနေအထားကြောင့် နောင်လင်းရင်ထဲ ဖိုနွေးနွေးကြီးပင် ဖြစ်သွားရသည် မဟုတ်လား။

"မျက်ချယ်နာမည် မတွေ့သေးဘူး"

သူမကိုယ်သူမ မျက်ချယ်ဟု ပြောလိုက်မှ ဒါဟာ ဘီခန်းက ကောင်မလေးပဲဆိုတာ နောင်လင်း မှတ်မိသွားသည်။

ခါတိုင်းက အဖြူအစိမ်း ကျောင်းဝတ်စုံနှင့် ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ် ထားတာကြောင့် အခုလို ဆွဲဆောင်မှုရှိသော မိန်းမပျိုတစ်ယောက် ဟန်ပန်မျိုး မဟုတ်ဘူးလေ။

"ကြည့်ပေးမယ်လေ၊ အပြင်က စောင့်ပေါ့၊ ခုံနံပါတ်ပြော"

"ဟင့်အင်း . . . မျက်ချယ်က ကိုယ်တိုင်မြင်ချင်တာ"

"ဒါဆိုလည်း ရအောင်တိုးပေါ့၊ မင်းသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောင်လင်းအသံက ခပ်ဆတ်ဆတ်လေး စိတ်တိုသလို ဖြစ်သွားရပါသည်။ ဒီလောက်ကြီး တိုးဝှေ့နေတာ သူမမျက်မြင် ပြီးတော့ အများစုက ယောကျ်ားလေးတွေ။ အခုကိုပဲ သူမခမျာ ကောင်ကလေးတွေအုပ်စုကြားထဲ ကျပ်ညပ်နေပြီ. . ကြည့်လေ

ဒါကိုမှ လူအုပ်အပြင်ကို ပြန်မထွက်ဘူးဆိုတော့လည်း သဘောတော်အတိုင်းပေါ့။

အတိုးခံရမှာ သနားစာနာမိတာ အလကားပဲ။နောင်လင်း က စေတနာပို စကားစ,မိတာကိုပင် ချက်ချင်း နောင်တရသည်။

"စိတ်မဆိုးပါနဲ့"

"မဆိုးပါဘူး"

"ရှင်က ရှေ့ကတိုး၊ မျက်ချယ် ရှင့်နောက်က ကပ်လိုက် မယ်"

"ဟာ"

ဖျတ်ကနဲ သူ့နောက်ကျောဖက် တိုးကပ်သွားလိုက်ပုံက မြန်ဆန်၏။

မျက်ချယ်ဇင်သည် 'နောင်လင်းကို' ဆိုသည့် ဖြူဖြူသန့် သန့် ရုပ်ချောချော ကောင်လေးကို ဆယ်တန်းကျောင်းတတ်စ ရက်တွေထဲကပင် သတိပြုမိခဲ့တာဖြစ်သည်။





အရပ်မြင့်မြင့် ဖြူဖြူချောချော မော်ဒယ်ဘွိုင်းပုံစံလေးဖြင့် သူ့သဏ္ဌာန်က ကျောင်းသားအများစုကြားမှာ ထင်လင်းပြတ်သား စွာ အမြဲတမ်း ပေါ်လွင်နေတတ်သည်။

သူ့မျက်နှာက အသားအရေ ဖြူဝင်းစိုပြေရုံသက်သက် မဟုတ်ဘဲ ဆလိုက်မီးတစ်ခု လျှို့ဝှက်ထွန်းပေးထားသလို မျက်နှာ လေးမှာ အလင်းဓာတ်တစ်မျိုး ရှိကိုရှိနေတာ။

အဲဒါဟာ သူ့ရဲ့ထူးခြားချက်ပါ။ ပြီးတော့ မျက်လုံးအစုံက နက်ရွှန်းပြီး စူးရှတောက်ပသည်။

အဖြူအစိမ်းဝတ်စုံနှင့် သူ ကော်ရစ်ဒါက ဖြတ်လျှောက် သွားတိုင်း မျက်ချယ်မှာ အသာကလေး ခိုးကြည့်ရတာအမောပါ။

သူကတော့ မျက်ချယ်ကို သိသလား. . မသိသလား မပြောတတ်ပါ။

မျက်ချယ်ဇင်ဟာလည်း ကျောင်းမှာ အချောအလှ စာရင်းဝင်ပါ။

ကျောင်းမှာ အာစရိယပူဇော်ပွဲတို့၊ ကျောင်းကပွဲတို့ ရှိရင် မျက်ချယ်က ရှေ့ဆုံးကနေ ပါဝင်ဆင်နွှဲနေကျ။

ဒါကြောင့် မျက်ချယ်ဇင်ဆိုတာ ကျောင်းမှာ လူသိများ ကျော်ကြားသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်လင်းကိုလည်း သူမကို သိကိုသိနေမည်ဟု ယူဆမိ၏။

အခုတော့ ဖြုန်းဆို ဒီဖက်ပြန်အလှည့်မှာ သူ့ရင်ခွင်ထဲ တည့်တည့်ဝင်တိုးမိသလို ဖြစ်သွားသည်။

ရှိန်းခွေသော ခံစားချက်နှင့်အတူ မျက်ချယ်နှလုံးသား အစုံက ခုန်လှုပ်သွားသည်။

လူတွေကြားထဲ သူနှင့်မှ နီးနီးကပ်ကပ် ဆုံရတာကို လည်း အားရှိသွားမိသည်။

မကြည့်သေးပါဘူးဟု လက်လျှော့နောက်ပြန်လှည့်မိရာ ကနေ ပြန်ဝင်တိုးကြည့်ချင်စိတ်လည်း ပေါက်၏။

အမှန်တော့ ဝမ်းဒီနဲ့ အောင်တယ်ဆိုတာ သူငယ်ချင်း တွေ သတင်းပေးလို့ သိပြီးပါပြီ။ ကျူရှင်ကဆရာကလည်း ဖုန်း ဆက်ပေးသည်။

ဒါပေမယ့် မျက်ချယ်က ကိုယ့်အမည်ကပ်ထားတာ မျက် ဝါးထင်ထင် ကိုယ်တိုင် ကြည့်ချင်တာ။ သူများပြောရုံနှင့် လှည့် မပြန်နိုင်။

ရဲရဲ ဝမ်းမသာဝံ့။

သူတို့နောက်မှာ မဟုတ်ဘူးလို့ ယုံကာက ယုံသည်။





သို့သော် လောကကြီးမှာ ကိုယ်တိုင်မြင်တာလောက် သေချာတာတော့ ဘယ်ရှိမလဲလေ မဟုတ်ဘူးလား။

အောင်စာရင်း ကြည့်ရတဲ့ ပီတိ၊ အောင်မြင်ခြင်းရဲ့ အရ သာကို ခံစားချင်သေးသည်။

လူရှင်းမှ လာကြည့်ပါလားလို့ ဆိုချင်လိမ့်မည်။

ဒါပေမယ့် လူရှင်းအောင် မစောင့်နိုင်။ ညကတည်းက အိပ်မပျော်အောင် လှုပ်ရှားနေရတဲ့ စိတ်လှုပ်ရှားမှုလေ။

ကောင်မလေးက တရင်းတနှီးဟန်ဖြင့် သူ့ကျောဖက် အတင်းကပ်လိုက်တာကြောင့် နောင်လင်းပင် ရှုံ့တွဲ့ရှုန်းတန်းကြီး အနေခက်သွားမိသည်။

တပ်ရုံတင် မဟုတ်။ သူ့ကျောပြင်တစ်နေရာကို သူမ ဆတ်ကလေးဖြင့် ဆုပ်ကိုင်ထားလိုက်သေး၏။

ကျွတ် . . . ဘယ်လိုကောင်မလေးလဲကွာ။

သို့သော် မဘက်နိုင်။ အားနာပေမယ့် ဘာမှ မပြောသာ။

ရှေ့က တိုးပေးပါဆိုသဖြင့် ဦးဆောင်ပြီး တိုးပေးရ၏။

သူမက နောင်လင်းကျောပြင်နား မခွဲမခွာ တောက်တဲ့ လေးလို ကပ်ပါလာသည်။ ထိကပ်နေသော အတွေ့နွေးနွေးမှာ နောင်လင်းရင်ထဲ ပြောင်းဆန်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ မိန်းကလေးတို့နှင့် ပတ်သက်တဲ့ အတွေ့အကြ
မရှိသေးပါ။

ကိုယ့်အမည် ကိုယ်ကြည့်ဖို့ပင် အယောင်ယောင်အမှာ
မှားဖြစ်သွားသည်။ ဘယ်နားက လျှောက်လွှာစာရွက်ထဲ ကြည့်
မလဲ။

"မျက်ချယ်နာမည် အရင်ရှာပေးနော်"

သူမက တောင်းဆို၏။ ကိုယ့်အတွက် အရေးကြီးသူ
ပေါ်လာသည်။ နောင်လင်းမှာ သူမအမည် ပါမပါ အရင်ရှာရ
ရင်ခုန်စရာ ကောင်းပါဘိ။ မတွေ့မှာလည်း စိတ်ပူသည်။

"ဒီမှာ. . . ဒီမှာ"

မျက်ချယ်ဇင်ဆိုသော ကွန်ပျူတာစာလုံးလေးအာ
သေချာညွှန်ပြရာ သူမက အတင်းတိုးဝှေ့ကြည့်သဖြင့် နောင်လ
နှင့် သူမမှာ နီးနီးကပ်ကပ်၊ နောင်လင်းရင်ခွင်ထဲသို့ ပြန်ရော
လုလု အခြေအနေပါ။

"မက်စ် ဒီပါတယ်. . . ဝမ်းသာလိုက်တာ"

သူမဝမ်းသာတာက ကိုယ့်အကျႌကို ဆုပ်ပြီးခါတာ။

နောင်လင်းရင်တွေ တုန်ခါရတာပေါ့။

"ကိုနောင်လင်းရောဟင်. . . ရှာကြည့်ဦးလေ"





အခုမှ ဆုပ်ကိုင်ထားတဲ့ အကျႌကို လွှတ်ပြီး သတိပေးဖော်
သသည်။

သူ့အမည်က နောက်ထပ်လျှောက်လွှာတစ်ရွက်မှာမို့
တ်သို့ ပြန်တိုးရသည်။

မျက်ချယ်သည် ရပ်ချန်မနေဘဲ သူ့ အကျႌစဆွဲကာ
ူမခွဲ ကပ်ပါလာပါသည်။

"တွေ့ပြီလား. . . တွေ့ပြီလား"

"အင်း. . ."

မောင်နောင်လင်းကိုဆိုတဲ့ အမည်နံဘေးမှာ ဂုဏ်ထူး
ုစ် တန်းပါသည်။ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘိုင်အိုတဲ့။

ဟား. . . သုံးခုတည်းကွာ။

ကျန်တဲ့သုံးဘာသာ ဘာကြောင့် ဒီမထွက်သလဲ။

"ဟယ်. . . သရီးဒီဟုတ်လား။ ရှင်က စာတော်လိုက်တာ
နောင်ရယ်. . သိပ်တော်တာပဲ"

သူမက ဝမ်းသာအားရ သူ့လက်မောင်းကို ဖက်လှဲ
တင်း ဆုပ်ကိုင်ရေရွှတ်သည်။

တရင်းတနှီးဟန်ဖြင့် နောင်လင်းမှာလည်း လင်းတစ်လုံး
လျှင်မြန်စွာ ဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်တဲ့။

ထိုအသံလေးက ချစ်ဖို့ကောင်းပါသည်။

အိမ်ကထွက်လာတုန်းက သူငယ်ချင်းတွေပဲ အဖော် အခုတော့ ဝမ်းသာမှုကို မျှဝေခံစားပေးသော ကောင်မ တစ်ယောက်သာ အနားမှာရှိသည်။

လူအုပ်များသဖြင့် ကိုယ့်အမည်ပဲကြည့်ပြီး အမြန် ထွက်သည်။

လူအုပ် အပြင်ဖက်ရောက်လျှင် သန့်စင်က မြင်တော့. . .

"ငါ့နာမည်ပါရဲ့လား"

ဟုတ်သားပဲ။

သူ ဖြေရခက်သွားသည်။

ဘေးနားက မျက်ချယ် ပြုစားသဖြင့် တခြားသူ အမည်ကြည့်ဖို့ သူ မေ့လျော့သွားခဲ့ပြီ။

အားတုံ့အားနာဖြစ်သွားဆဲ. . .။

"ဟေး. . . ငါတို့အားလုံး အောင်တယ်၊ နောင် သရိုးဒီ၊ အာကာနဲ့ လှိုင်မိုးက ဝမ်းဒီစီ၊ ကိုကျော်စွာ ခန့်မှ အတိုင်းပဲဗျ. . . နော်"





အချိန်မီ အော်ပြောလိုက်တဲ့ နိုင်ဝင်း ရောက်လာလို့ က ောင်းသွားပါသည်။

သူငယ်ချင်းတွေ ခုန်ပေါက်ပျော်နေဆဲ သူမက. . .

"ကိုနောင်. . . ကျေးဇူးပဲနော်၊ မျက်ချယ် ပြန်တော့မယ်"

"ဟုတ်ကဲ့"

"သရိုးဒီတောင်ရတာ. . . နောက်နေ့ မုန့်ဝယ်ကျွေးဖို့ မေ့နဲ့နော်"

"ဟုတ်ကဲ့"

"ဒါဆို တာ့တာ"

မျှမျှကြွကြွ နှုတ်ဆက်သော ကောင်မလေးကို ကြည့်ပြီး ာကာတို့က. . .

"ဟော့ကောင်. . . လျှို့ထားမယ် မကြံနဲ့နော်၊ ငါ အားလုံး င်တယ်"

"ဘာမြင်တာလဲ အာကာ"

"နောင်လင်းနဲ့ မျက်ချယ်နဲ့ မရိုးဘူးကွ၊ ဒီကောင်က ငါတို့ ယက်တစ်လုံးခြား မျက်ခြေဖြတ်ပြီး ကောင်မလေးနဲ့ သွားပူး တာ"

"ဟာ. . မဟုတ်ပါဘူး၊ သူ့နာမည် ဝိုင်းရှာခိုင်းလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



နောင်လင်းက ကမန်းကတန်း ဖြေရှင်းသည်။

“ဒါတွေ ရှိုးနေပြီ ဟောကောင်၊ မင်းပုခုံးကို သူကိုင်
တာ ငါတွေ့တယ်. . . လုပ်မနေနဲ့”

“ရှိုးရှိုးပါကွာ. . . သူများတွေ စွတ်တိုးလို့ပါ”

သူငယ်ချင်းတွေက ပြုံးစိစိနှင့် တစ်ယောက်တစ်
ဝိုင်းစစ်ဆေးနေကြသည်။

“ဘာပဲဖြစ်ဖြစ်. . . မင်း ငါတို့ကို ချစ်စရာမှာ လိုက်
ရမယ်. . . ဒါပဲ”

“အေးပါကွာ. . . ကျွေးမှာပါ”

“အခု သွားမှာနော်. . . ဘယ်လိုလဲ”

“မိုးတောင် မလင်းသေးဘူး. . . အေးဆေးပေါ့”

“မရဘူးကွ. . . ဗိုက်တွေဆာနေပြီ၊ ကြာတယ်ကွာ
ကားပေါ်တက်ကြတော့ဟေ့”

“ကိုကျော်စွာ. . . ဒီကောင့်ကို ထိန်းဦးနော်”

“ယောကျ်ားလေးပဲကွာ. . . ထိန်းဖို့ မလိုပါဘူး”

“မျက်ချယ်က ရှုပ်တယ်နော်. . . ဆရာမကြီး”

“ဟ. . . ပြဿနာပဲ၊ ငါနဲ့သူနဲ့ ဘာမှ မဟုတ်ပါဘူး
မင်းတို့ကို ကျွေးမယ်ဆိုတာက အောင်စာရင်းကိစ္စပါ၊ သူနဲ့
မဆိုင်ဘူး”





“ဘာပဲဖြစ်ဖြစ် မင်းက ငါတို့အားလုံးထဲမှာ ကိုဖိုးစွံပါကွာ၊
ညီ ရင်တွေခုန်နေတယ်မှတ်လား”

အာကာက သူ့ရင်ဘတ်ကို လာစမ်းဟန်ပြင်တာမို့
နောင်လင်းက ထိုလက်ကို ခပ်မြန်မြန် ပုတ်ထုတ်လိုက်၏။

သူတို့တစ်ဖွဲ့လုံးမှာ ရယ်သံ၊ စကားသံတွေနှင့် ဆူညံရှုပ်
ထွေးတက်ခတ်နေကြသည်။

နောင်လင်းအတွက်တော့ ဆယ်တန်းအောင်စာရင်း
ထွက်တဲ့ နံနက်ခင်းလေးက အမှတ်တရ ဖြစ်သွားပါသည်။

ထိုနေ့ကစလို့ မျက်ချယ်ဇင်ဆိုသော မိန်းကလေးတစ်
ယောက် သူ့ဘဝထဲသို့ စတင် ချဉ်းနင်း ဝင်ရောက်လာခဲ့သည်
ဆိုလျှင်လည်း မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုညနေမှာ သူတို့နှစ်ယောက် ချိန်းဆို၍ ကော်ဖီဆိုင် လေးတစ်ခုမှာ သွားထိုင်ကြသည်။

တခြား ဘယ်သူငယ်ချင်းတွေကိုမှ မခေါ်။ နောင်လင်း စိတ်တွေက မလှုပ်ရှားစဘူး တုန်ယင်လှုပ်ရှားနေခဲ့သည်။

ဆယ်တန်းအောင်တဲ့နေ့မှာပဲ သူ ရည်းစားရတော့ မလား။

ကောင်မလေးက သွက်သွက်လက်လက်ကလေး၊ သူ့ကို ညှို့ငင် ဆွဲဆောင်နေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကော်ဖီ အေးကို တစ်ငုံချင်းသောက်ရင်း ရောက်တတ်ရာရာလေးတွေ





ဆိုနေရတာ နောင်လင်းအတွက် တစ်မျိုးတဖုံ ဆန်းကြယ်နေ သည်။

ရင်ထဲမှာ ပျော်သလိုလို နွေးသလိုလိုကြီး ဖြစ်နေသည်။

"လင်း. . . မျက်ချယ်ကို လင်း အစောကြီးကတည်းက သိတယ် မဟုတ်လား"

"မြင်ဖူးနေတယ်၊ မျက်ချယ် နှုတ်ဆက်တော့မှ မှတ်မိသွား တာ"

"မျက်ချယ်ကတော့ လင်းကို အစကတည်းက ကြိတ်ပြီး နေတာ၊ အခန်းက စတော်ကြီးကို အားကျလို့ အမြဲ ခိုးကြည့် နေတာသိလား၊ လင်း မျက်ချယ်တို့အခန်းရှေ့ ကော်ရစ်ဒါက သွားရင် လက်ဖျားတွေတောင် အေးလာသလိုပဲ"

"ကျွန်တော်က ကြောက်စရာ ကောင်းနေလို့လား"

"ဟင့်အင်း. . . ရင်ခုန်စရာကောင်းတာ၊ အရပ်က မြင့်ကြီးနဲ့ လူကလည်း ခပ်တည်တည်ကြီး၊ ချောတော့လည်း ကြည့်ဘဲ မနေနိုင်ဘူးပေါ့နော် ဟင်း. . . ဟင်း၊ အမှန်အတိုင်း ပြောတာနော်၊ လင်း. . . တို့ကို အထင်မသေးရဘူး"

"အထင်မသေးရပါဘူးဗျာ၊ မျက်ချယ်နဲ့ ခင်ရတာကိုပဲ ကျွန်တော် ဝမ်းသာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာရင် ကော်ဖီဖိုး ရှင်းရမှာနော်"

"ရှင်းပါတယ်ဗျာ"

"သရီးဒီပဲ ဥစ္စာ၊ ရုပ်ရှင်တောင် လိုက်ပြသင့်တယ်

"ဘယ်ကားကြည့်မလဲ"

သူလည်း ကောင်မလေးခေါ်ဆောင်ရာ အလိုက်

မျောမိသည်။

ဒီလောက်လှတဲ့ ကောင်မလေးနဲ့ မတွဲချင်ဘဲ ရှိမ

ထိုအချိန်ကတော့ မျက်ချယ်ဟာ အဆိပ်ပြင်းတဲ့ မိန်းကလေ

သူ မရိပ်မိသေးပါ။

"မျက်ချယ်က အင်္ဂလိပ်ကားတွေပဲ ကြိုက်တာ"

"အင်းလေ. . . ကြိုက်တာ ကြည့်ပေါ့"

သူတို့သည် နှစ်ယောက်ထဲ ရုပ်ရှင်ကြည့်ကြဖို့ တ

တည်း သဘောတူညီမှုရသည်။

တစ်ယောက်ကိုတစ်ယောက် မခွဲချင်ဘဲ သာယာ

သည်။

မျက်ချယ်ဇင်က ရဲတင်းသွက်လက်သော မိန်းက

သူ့ကို ဦးဆောင်ခေါ်သွားနိုင်ပါသည်။

ကောင်မလေးနှင့် ရုပ်ရှင်ကြည့်ရသောနေ့မှာ နောင်





တစ်ယောက် ရင်ထဲနွေးကာ ခြေထောက်တွေတောင် မြေကြီးနဲ့ ဆိတယ်မထင်။

ဘာမှ သိပ်မကြိုးစားရပါဘဲ သူ့နံဘေးမှာ ချစ်စရာ ကောင်မလေး ရှိနေခဲ့ပြီလေ။

သူငယ်ချင်းတွေကြားမှာ ကိုဖိုးစွံအဖြစ် မျက်နှာပန်းပွင့်လှတာကို ချာတိတ်ကလေးပီပီ သူ သဘောကျ ကြည်နူးမိပါသည်။

အဲဒီနေ့က မြို့ထဲမှာ ရုပ်ရှင်ဝင်ကြည့်ကြတာ။

မျက်ချယ်ဟာ သူ့ဘဝရဲ့ ပထမဆုံး မိန်းကလေးအဖော်ပါ။

တစ်ယောက်အကြောင်း တစ်ယောက် သေချာမသိပေမယ့် သူတို့နှစ်ယောက် အလွယ်တကူ နီးစပ်မှုရသွားသည်။

ရုံထဲအဝင်မှာ နောင်လင်းက ပထမဆုံးအကြိမ်အဖြစ် သူမလက်ကလေးကို မရဲတရဲ ဆုပ်ကိုင်လိုက်သည်။

သူမက မငြင်းဆန်။ ပြုံးစိစိလေး ခေါင်းငုံ့သွား၏။

ပထမအဆင့်မှာတော့ မဆိုး။

သူ အောင်မြင်တယ် ဆိုရမည်။

နောက်တစ်ဆင့်တော့ တက်ကြည့်ရမည်။ သူ နွေးဖင့်နေလို့ မဖြစ်ပါ။ သူ့နှလုံးသားမှာ လှုံးလွန်ပြီး ပရွတ်ဆိတ်ပဲ လာတက်နေသလိုလို မရိုးမရွနှင့်။ ရင်ထဲမှာလည်း နွေးမြမြ ရှိန်းပူပူနှင့်။

www.burmeseclassic.com



ရည်စား စ,ထားရင် ဒီလိုပဲ ဖြစ်တတ်သလား။

ဘာပဲဖြစ်ဖြစ် ပျော်စရာတော့ ကောင်းသည်။

ထိုင်ခုံမှာ အတူတွဲထိုင်ရတော့ နူးညံ့သော သူမအသားလေးနှင့် ထိတွေ့နေရတာ သဘောကျစရာပါ။

မီးမှောင်သွားတော့ နီးကပ်စွာရှိနေသော မျက်ချယ်ရဲ့ မျက်နှာကလေးကို သူ အသာ ခိုးကြည့်မိသည်။

နှာတံစင်းစင်း၊ မေးသွယ်သွယ်နှင့် ဘေးတိုက်မျက်နှာအကျလေးဟာ အတော်ကြည့်ကောင်းတာပဲ။

ခက်တာက သူ သတ္တိမရှိတာ။ မထိရဲ မကိုင်ရဲ မတို့ရဲ ဖြစ်နေသည်။

အခွင့်သာတုန်း အခြေအနေပေးတုန်းမှာ သူ နေ့းဇနေရင် ညံ့ဖျင်းသော ယောကျ်ားတစ်ယောက် ဖြစ်သွားလိမ့်မည်။

ဒီလိုတော့ ကိုယ် မညံ့ချင်ပါဘူး။

နောင်လင်းက ရဲစိတ် မွေးနေမိသည်။

သူမက မခို့တရို့လေး တစ်ချက် ဆတ်ကနဲ လှည့်ကြည့်လျှင် သူ့ရင်ထဲ ပြောင်းဆန်သလို ဖြစ်သွားရသည်။

ရှေ့က ပိတ်ကားမှာ ဘာတွေပြနေသလဲ၊ သူ စိတ်မဝင်စား။ ဒီစက်ရုပ်ကားက ကြည့်လည်း ကြည့်ပြီးသားကြီးပါ။





သူ မမြည်းရသေးတာက အချစ်ရဲ့ အရသာ။

အချစ်ဆိုတာ ဘယ်လိုဟာလဲ။

ဒီနေ့တော့ သိချင်သေးသည်။

နောင်လင်းသည် သူ့အတွေးကိုပင် သူ ရှက်နေမိ၏။

ပထမဆုံး အပျင်းဆန့်သလိုလို ဘာလိုလိုနှင့် ဟိုဖက်င်ခုံပေါ် အသာလက်တင်လိုက်သည်။ သူမနှင့် ထိကပ်သွားပြီသ။

ပုခုံးကို ဖက်ထားသလိုလိုပေါ့။

ရုပ်ရှင်ရုံထဲမှာ အေးမြနေတော့ အတော်ပင်။ သူမပုခုံးးကို မသိမသာ ဆုပ်ကိုင်ထိတွေ့လိုက်သည်။

မျက်ချယ်က ဘာမှမပြော. . . ။

သူ ပို့အတင့်ရဲသွား၏။ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးတွေ ပူရှိန်းရှိန်း နွေးတေးတေးကြီး ခံစားရသလိုပါပဲ။

ပထမဦးဆုံး အတွေ့အကြုံမို့ သူ့အတွက် ဆန်းသစ်လှည်။

လူပျိုပေါက်ကလေးရဲ့ ရင်ခုန်သံတွေက ပူနွေးလှုပ်ရှားရသည်။

သူ စိတ်တင်းပြီး နမ်းဖူးအောင် ကြိုးစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမပါးပြင်လေးကို အသာထိကပ် နမ်းလိုက်မိသည်။

မျက်ချယ်က သူ့ပုခုံးပေါ် အသာအယာ မှီလိုက်သည်။ သူ အရမ်းအံ့ဩ ဝမ်းသာသွားမိ၏။

ချစ်တယ်လို့တောင် သေချာဖွင့်မပြောရသေးဘူး . . . ကြည့်စမ်း . . ထင်တာထက်ကို အခြေအနေ ပိုကောင်းနေ လား။

နောင်လင်း ဘဝင်မြင့်ချင်သလိုတောင် ဖြစ်သွားရ သည်။

သူတို့နှစ်ယောက် သမီးရည်းစား ဖြစ်သွားကြပြီ။

ထူးဆန်းသလိုပါပဲလား။

အချစ်ဆိုတာ ယစ်မူးရီဝေစရာကောင်းသည်။

ဘာကြောင့်ပဲ သောက်သောက် . . . အချစ်ကို သော မိရင်တော့ ရီဝေသွားမှာပဲ မဟုတ်လား။

ဒီလိုနှင့်ပဲ နောင်လင်းရဲ့ ရည်းစားဦးလေးဟာ မျက်ချ ဇင်ပဲ ဖြစ်လာပါတော့သည်။



ထိုနေ့ ညဦးပိုင်း၌ နန်းဆန်သူသည် မျက်ချယ်နှင့်အတူ ဒီဒီယို ထိုင်ကြည့်နေခဲ့ပါသည်။

လက်ဖက်သုပ် တစ်ပန်းကန်ကို အလယ်ချကာ တစ်ဇွန်း ပြီးတစ်ဇွန်း အရသာ ခံစားရင်း လင်းဆေးလိုဟန်ရဲ့ ရုပ်ရှင်ကား လေးကို စိတ်ပါဝင်စားစွာ ကြည့်နေမိကြတာ။

မျက်ချယ်က သူငယ်ချင်းအဖော်မရှိ၍ နန်းကို လာခေါ် ထားတာပါ။

မျက်ချယ်မှာ မိဘတွေ မရှိတော့တာမို့ အစ်မနှင့် ခဲအို သင်မယားနှင့် နေထိုင်သည်။

သူ့အစ်မကလည်း ခေတ်ဆန်ပြီး ပွင့်လင်းလွတ်လပ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်နေလိုက်၊ စက်ာပူ သွားလိုက် လုပ်နေတာ
မျက်ချယ်မှာ အိမ်အကူ အဒေါ်ကြီးနှင့် တစ်ခါတစ်ခါကျ အထီး
ကျန်သလို ဖြစ်မိသည်။

အခုလည်း သူ့အစ်မနှင့် ခဲအိုက စက်ာပူ သွားကြသည်

ဒီမှာ တစ်ယောက်တည်း ကျန်ခဲ့သော မျက်ချယ်မှာ သူ
ဘာသာ နေချင်သလိုနေ၊ သွားချင်ရာသွား၊ စားချင်ရာစား အရ
ကို သဘောကျ လွတ်လပ်နေပါသည်။

သူ့မှာ ဆူမည့်ပူမည့်သူလည်း မရှိ။ စည်းကမ်း မရှိ
ကောင်းလားဟု အပြစ်တင် ဝေဖန်မည့်သူလည်း မရှိ။

ကောင်းလည်း ကိုယ်၊ မကောင်းလည်း ကိုယ် သဘော
အရာရာ သူ့ဟာသူ ဆုံးဖြတ်လေ့ ရှိသည်။

မျက်ချယ်သည် အားလျှင် ကွန်ပျူတာဂိမ်းဆော့နေမည်
ကျောင်းကလည်း အဝေးသင်လျှောက်တာမို့ နေ့စဉ်တက်ဖို့ မလို
ဘူးလေ။

လှလှပပ ဝတ်စားပြင်ဆင်၍ ကားတစ်စီး တဝီဝီ မောင်း
ကာ လျှောက်လည်မည်။

ကာရာအိုကေ သွားဆိုမည်။ ဂိမ်းစီးတီးလည်း ဝင်
ဝင်မည်။





နက်ဝပ်ဂိမ်းဆိုင်မှာလည်း တစ်နေကုန် အချိန်ဖြုန်းချင်
ဖြုန်းမည်။

သူ့သဘောသူဆောင်လျက်သာ စိတ်ကြိုက်ဖြစ်နေပါ၏။

သူ့ဆီမှာ ရည်းစားတွေလည်း ဟိုတစ်ယောက်၊ ဒီ တစ်
ယောက်နှင့် အများကြီး. . . ဘာလိုလို ဖုန်းတွေကလည်း တစ်နေ့
တို့ တစ်နာရီလောက် ပြောရသေး၏။

မျက်ချယ်တစ်ယောက်ကို ကြည့်ရတာ ရှုပ်ယှက်ခတ်နေ
သည်။

သူနှင့် နန်းက ကျောင်းချင်းမတူပေမယ့် ဆယ်တန်း
ကျူရှင်တစ်ခုမှာ ခင်မင်သွားခဲ့ကြတာ ဖြစ်သည်။

နန်းဆန်ဘွယ်သည် မျက်ချယ်လိုပဲ တစ်ဦးတည်းသောသမီး
မို့ အချင်းချင်း အဖော်ပြုရတာ အဆင်ပြေနေသည်။

မျက်ချယ်ကို ကားမောင်းရဲတာတစ်ခုလည်း နန်းက
အိုးကျိုး အားကျမိပါသေးသည်။ သူမက သင်သာ သင်နေသည်။
ခုထိ ကားမမောင်းရဲသေးပါ။

မျက်ချယ်က ဖျတ်လတ်သွက်လက် ချက်ချာသော
မိန်းကလေးဖြစ်ပြီး ဘယ်နေရာမဆို ရဲရဲတင်းတင်း ဝံ့ဝံ့စားစား
နေတတ် ထိုင်တတ်၏။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆာကူရာတာဝါ အထပ်နှစ်ဆယ်အမြင့်က ကော်ဖီဆိုင်လည်း တစ်ယောက်တည်း တက်သွားပြီး ကော်ဖီ သွား သောက်ရင် သောက်တတ်တာ။

ဟိုတယ်ခန်းမထဲကိုလည်း တစ်ဦးတည်း ဝင်သွားဖို့ ရှိုးတို့ ရှုန်းတန်း မဖြစ်တတ်ပါ။

အဖော်မပါလည်းဘဲ စင်္ကာပူနိုင်ငံအထိ ရှော့ပင်နှ်ထွက် ဖို့ ဝန်မလေးသူပင်။

ငယ်ငယ်ကတည်းက ဒီလိုမျိုး ကိုယ့်အားကိုယ်ကိုးပြီး ဝင့်ဝင့်စားစား နေတတ်ကျင့်ရှိခဲ့တာကြောင့်လည်း ဖြစ်ပါလိမ့် မည်။

နန်းဖြင့် ဟိုဖက်လမ်းက ဗီဒီယိုခွေ အငှားဆိုင်လေးတို့ တောင် တစ်ယောက်တည်း သွားရတာတောင် မသွားတတ်သလို ဟာတာတာ ကြောင်တက်တက် ဖြစ်နေသေးတာ။

မျက်ချယ်နှင့်တော့ အကွာကြီး ကွာသည်။

အသက်အရွယ်ချင်းကသာ မတိမ်းမယိမ်း။

အတွေ့အကြုံနှင့် ရဲတင်းသွက်လက်မှု လည်ပတ်ပါးနပ် မှုတွေမှာ တစ်ခြားဆီပဲ ဖြစ်သည်။

နန်းက သူ့ရှေ့မှာ ကလေးငယ်ပမာပင် ဖြစ်နေတာ။





သူ့က သတ္တိလည်းရှိ အရည်အချင်းလည်း ရှိတော့ သူ့ ဆီကနေ သင်ယူစရာတွေ များနေပါသည်။

ဒါပေမယ့် ရည်းစားရှုပ်တာတစ်ခုကိုတော့ နန်း သဘော တွေ့ပေ။

နန်းကတော့ တစ်ယောက်တည်းကို သစ္စာရှိရှိ တစ်သက် လုံး ချစ်သွားချင်သည်။

မျက်နှာများတဲ့ မိန်းကလေးမျိုး မဖြစ်ချင်ပါ။ နာမည်ပျက် မှာလည်း အရမ်းကြောက်သည်။

"တူ. . . တူတူ. . ."

ကားက ကြည့်လို့ကောင်းနေတုန်း ဖုန်းက ထမြည်ပါ သည်။

နံဘေးကို လှည့်ကြည့်တော့ မျက်ချယ် မရှိ။ မျက်ချယ် မီးဖိုချောင်ဖေးဘက် လှစ်ခနဲ ထသွားတုန်းမှာမှ ဒီဖုန်းက လာမည် တာ။

နန်းဆန်သူ့က တီဗွီဘက် အကြည့်မပျက်နှင့် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟက်လို"

"ချစ်လေး. . . ဘာလုပ်နေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တစ်ဖက်က ရွှင်ရွှင်မြူးမြူးလေး မေးလိုက်သံကြောင့် နန်း
မျက်မှောင်ကုပ်သွားရသည်။

ချစ်လေးတဲ့. . . မကြားဘူးတဲ့ ယောကျ်ားတစ်ယော
အသံ။

ဘယ်သူ နောက်တာပါလိမ့်။

ချိုလွင်ပြီး ဩဇာပါတဲ့ အသံက အလွန်အမင်း ဆွဲဆော
မှု ရှိနေတာမို့ နန်းပင် အငိုက်မိသွားရသည်။

"လင်းကို သတိရရဲ့လား. . ပြောပါဦး၊ ကိုယ်ကတော
မင်းအသံလေး ကြားချင်လို့ အရမ်းတမ်းတနေတာ၊ ဒီည မ
ဖုန်းဆက်ရမယ့် အလှည့်လေကွာ၊ မေ့ချင်ယောင်ဆောင်နေတာ
လား"

လင်းတဲ့. . . ။ ပြီးတော့ သူ ပြောချင်ရာ ပြောနေသည်

နန်းမှာ နားတွေပူထူပြီး ရှက်တောင် ရှက်သွားရသည်

ဒါ မျက်ချယ် ရည်းစားပဲထင်ပါရဲ့။

"ဟက်လို. . . ဘယ်သူပါလဲ၊ ကျွန်မ မျက်ချယ် မဟုတ်
ပါဘူး"

"ဟောဗျာ"





တစ်ဖက်က အားတုံ့အားနာ ရေရွတ်သံပြု၏။

ဒါကြောင့် အသံတိတ်နေပါတယ် မှတ်တာ။ လက်စသပ်
တော့ မျက်ချယ်မှ မဟုတ်တာ။

"ဒါဆို. . ခင်ဗျားက ဘယ်သူလဲ"

"မျက်ချယ်သူငယ်ချင်းပါ"

"နာမည်ပြောလေဗျာ. . . မျက်ချယ်သူငယ်ချင်းတွေ
တော်များများ ကျွန်တော် သိပါတယ်"

"နန်းဆန်းသူပါ. . . ဒါပေမယ့် ရှင့်ကို ကျွန်မ မသိဘူး"

"နန်းဆန်းသူ"

နောင်လင်းက ခပ်ဖွဖွ သံယောင်လိုက်မိသည်။

ဟုတ်တယ်. . . ဒီနာမည်ကို သူလည်း မသိပါ။ အသံ
ကတော့ ချိုသာသည်၊ ဆွဲအားရှိတဲ့ အသံကလေး။

"မျက်ချယ်နဲ့ တော်တော်ခင်လား"

"ခင်ပါတယ်"

"ကျွန်တော့်အကြောင်းရော ကြားဖူးလား။ နောင်လင်းကိုလေ"

"ဟင့်အင်း"

"မျက်ချယ်က မပြောပြဘူးပေါ့"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



နာမည်တပ်ပြီး မပြောခဲ့ဘူးဆိုသော်လည်း မျက်ချ
ဟိုတလောက ပြောတဲ့စကားတချို့ကို နန်း ပြန်တွေးမိသည်

"ငါ့မှာ ပျော်စရာကောင်းတဲ့ အဖြူထည်လေးတစ်ထ
တွေ့ထားတယ် သိလား၊ သူက အပြစ်လည်း ကင်းတယ်၊
အပေါ်ကို အရှုံးအမှုံးနဲ့ ပျာယာကိုခတ်နေတာပဲ၊ သိပ်ရယ်ရ
ကောင်လေး၊ ငါ့မျက်နှာ တစ်ချက်ကလေး ညှိုးမှာတောင် ကြော
နေတာဟ ဟား. . . ဟား၊ တကယ်ကို အသန့်လေး. . အ
စိတ်လှုပ်ရှားစရာ ကောင်းတယ်"

"ဘယ်သူလဲ မျက်ချယ်"

"နင် မသိပါဘူး"

"သူ့ကို ကစားနေတာပေါ့"

"ဟင်း. . . ဟင်း၊ ကစားရမှာတောင် အားနာပါတ
ပွဲက ဘက်မညီဘူးဖြစ်နေတာ၊ သူက တော်တော်ရိုးတာဟ
လား၊ သူ့အမေကဆိုလည်း သူ့ကို သည်းသည်းလှုပ်ချစ်
အိမ်မှာ သူက ကလေးပဲ. . ဟဲ. . . ဟဲ. . ကလေးနဲ့ ဆရာ
လာတွေ့နေတာ"

"မျက်ချယ်ရယ်. . . အစွဲအလန်းကြီးအောင် သွားမလု
နဲ့၊ နင် ပျင်းသွားတဲ့တစ်နေ့ သူ့ခမျာ အသည်းကွဲနေပါမယ်





နန်းဆန်သူက မမြင်ဘူးပါပဲ သနားစိတ်နှင့် တားမြစ်ခဲ့မိ
သေးသည်။

အခု ဒီနောင်လင်းကိုဆိုတာ မျက်ချယ်ပြောတဲ့ အဖြူ
ထောင်လေးပဲလား။ မာယာညွှတ်ကွင်းထဲ လောလောဆယ်မိနေ
သူက သူပဲလား။

နန်းရင်မှာ တစ်မျိုးလေး အားနာစိတ်နှင့် မွန်းကျပ်
လေးလံသွားရသည်။

"သူ မပြောပေမယ့် ကျွန်တော်က မိတ်ဆက်လိုက်ပြီ၊
နန်းဆန်သူနဲ့ ကျွန်တော်နဲ့ သိသွားပြီနော်၊ မျက်ချယ် ခြေလှမ်းပျက်
ရင် ကျွန်တော့်ဆီ သတင်းပို့မယ် မဟုတ်လား"

နန်း ဘာပြန်ဖြေရမည်မသိဘဲ တစ်ချက်ရယ်မိသည်။

ဩော်. . . မျက်ချယ်အကြောင်းကို မသိရှာသေးဘူး
ထင်ပါရဲ့။

"ခင်ဗျား သူ့ဖက် မပါကြေးနော်"

အရေးထဲ သူက စည်းရုံးပါသေးသည်။

သူ့စကားသံမှာ စွဲမက်နှစ်သက်ဖွယ် ကောင်းလှပါသည်။
နန်းပင် သူပြောတာတွေ သတိလက်လွတ် နားထောင်နေမိတာ
ကြည့်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ကျွန်မက သူ့သူငယ်ချင်းပဲ ဥစ္စာ၊ သူ့ဖက်
ရမှာပေါ့"

"မရဘူး. . . ကျွန်တော့်ဖက်ပဲ ပါရမယ်"

ဖွတ်တရွတ် တောင်းဆိုပုံမှာ ဂျစ်ကန်ကန်နှင့် ကလေး
တစ်ယောက်လို ဂျီကျကျနှင့်ပါ။

"မျက်ချယ်. . လာပြီ၊ မျက်ချယ်နဲ့ ဆက်ပြောလိုက်နော်

ဧည့်ခန်းသို့ ပြန်ထွက်လာသော မျက်ချယ်က ဘယ်သူ
ဟု မျက်ခုံးပင့်ကာ အမူအယာနှင့် မေးလိုက်၏။

"နောင်လင်းကိုတဲ့. . ."

သူမက စကားပြောခွက်ကို လက်ဝါးလေးနှင့်ပိတ်
တိုးတိုးပြန်ဖြေလိုက်သည်။ မျက်ချယ်မျက်နှာလေးက တစ်
ဖြစ်သွား၏။ မြူးတူးပုံလေးဖြင့် ဖုန်းခွက်ကို အပြေးလာယူသည်

"ဟိတ်. . . လင်း၊ တို့သူငယ်ချင်းကို ဘာတွေ လျှော
ပြောနေတာလဲ"

"မျက်ချယ်အကြောင်းတွေ စုံစမ်းတာလေကွာ"

"လင်းနော်. . . ဟွန်း"

မူကာနွဲ့ကာ ခပ်ချွဲချွဲလေး ပြောနေသံကို အရင်က
လျစ်လျူမရှုနိုင်ဘဲ နန်း အမှတ်တမဲ့ နားစွင့်ထားမိသည်။





သူတော့ အလိမ်အညာ ပလီပလာတွေ မိနေရှာပြီ။

သူတစ်ယောက်တည်းကိုပဲ အရှူးအမူးချစ်နေသလိုလို
ချယ်က ဖြီးဖြန်းဆွဲဆောင်နေပါသည်။

"အရမ်း သတိရတယ်၊ တို့ဘဝမှာ လင်းတစ်ယောက်ထဲပဲ
ဘာပါ။ ကိုဘယ်လောက် အထီးကျန်နေသလဲ လင်းမြင်ရင်
နားသွားလိမ့်မယ်. . . သိလား"

စသဖြင့် မျက်နှာပူစရာကောင်းအောင် မျက်ချယ်က
တိုးလေး ချွဲကာ၊ မူကာ၊ အိညောင့်ညောင့် အသံလေးနှင့်
လူ၏သို့ မြူ၏သို့ လုပ်နေပါသည်။

ကြားရတာ နားတွေပင် ရှက်မိသလို။

နောင်လင်းဆိုတဲ့ လူရေ. . .

မျက်ချယ်ပြောနေတာတွေ ချင့်ယုံစမ်းပါနော်။

လက်တွေ့မှာ လာလေ့လာကြည့်လိုက်ပါဦး။

ရှင် အံ့သြလက်ဖျားခါသွားရအောင်ကို မျက်ချယ်က စန်း
တွေ ပွင့်တာနော်။

စန်းပွင့်သလောက်လည်း မျက်နှာများတဲ့သူ၊ သူ့ကို
သွားတွက်ပြီး မျက်စိမှိတ်ယုံထားမယ်ဆိုရင် ရှင် မှားသွား
လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် ရှင့်မျှော်လင့်ချက်တွေအားလုံးကို သူ့
က သရော်စော်ကား ပြုမူပစ်လိုက်မှာနော်။

ခံနိုင်ရည်ရှိဖို့ ပြင်ထားလိုက်ပါ နောင်လင်းရေ။

ကျွန်မကတော့ ဒါပဲ မှာချင်ပါတယ်။

ရှင့်ရဲ့ ဖြူစင်ရိုးသားမှုတွေကို သူ ကောင်းကောင်း
အသုံးချသွားလိမ့်မယ်ဆိုတာ ရှင် တစ်နေ့ သိရမှာပါ။

အဲဒီကျရင် ရှင် ဝမ်းနည်း စိတ်ထိခိုက်ရလိမ့်မယ်။

ရှင့်ရဲ့မေတ္တာတရားကို သူ ဘယ်တော့မှ တန်ဖိုးထား
မဟုတ်တာ သိပ်သေချာနေတယ်လေ။

ရှင်က ဒါကို မသိတော့ ချောတဲ့လှတဲ့ကောင်မလေး
တွဲရတာကို ခေါင်းမော့ပြီး ပျော်ချင်ပျော်နေမှာပေါ့. . .။

ရှင်ရဲ့ အပျော်လေး ကြာရှည်တည်တံ့ပါစေလို့ နန်း
တောင်းပေးပါတယ် နောင်လင်းရယ်။

အသည်းခွဲမယ့်သူ လက်တွင်းက ရှင် လွတ်မြောက်
ကောင်းတဲ့သူ ဖြစ်ပါစေ။



ထိုနေ့က စနေနေ့. . .။

နန်း ရေကူးနေကျ ရေကူးကန်မှာ ညနေ အစောပိုင်းက လူအနည်းငယ်များပေမယ့် ခြောက်နာရီ ထိုးခါနီးတော့ လူ အတော်ပါးသွားသည်။

နန်းသည် ရေထဲတွင် စိမ်မိပြီဆို တော်တော်နှင့် အပေါ် ပြန်မတက်နိုင်သူပီပီ အဲဒီနေ့က အတော်ကြီး မောပန်းနွမ်းဟိုက် သွားမှ ပါးစပ်ကလေးဟာ အသက်ရှူကာ ခပ်ယိုင်ယိုင်နှင့် လှေကား မှ ပြန်တက်လာသည်။

နေရောင်ပင် မရှိတော့။ မှောင်စပျိုးပြီ ရေကူးကန်လည်း မကြာခင် ပိတ်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးဝတ်စုံပေါ်ကနေ သဘက်အနီရဲလေးကို မတ်တာ နန်းက သန့်စင်ခန်းရှိရာဘက် အပြေးတလေး လျှောက်လိုက်သည်။

"အို. . . အမေ့"

ချော်လဲမှာ သတိထားမိတဲ့အချိန်မှာပဲ ချောကနဲ ယိုင်သွား၏။

ကျောက်ခင်းလမ်းက ရေညှိတက်နေပြီး ရေစိုစက်လက်တွေ ဖြတ်သန်းလျှောက်လှမ်းကြတော့ စိုစွတ်ပြီး ချောနေသည်။

တကယ်တမ်း ခြေချော်သွားတော့ နန်း အရှိန်မထိန်းနိုင်။

ခြေထောက်ကြီး ကားပြီး ချော်လဲကျသွားပုံက မြန်ဆန်သည်။ နန်း တစ်ကိုယ်လုံး ထူပူကာ ရှက်သွားမိ၏။

ပေါင်ရင်းမှာလည်း မျက်ကနဲ နာသွားသည်။

ရှက်ရှက်နှင့် မြန်မြန် ကျုံးထဖို့အပြင်မှာ လူတစ်ယောက် အနားသို့ ဘယ်လိုရောက်လာသလဲ မသိ။ သူမကို လက်တစ်ဖက် ကမ်းပြီး ဆွဲထူပါသည်။

"ရေညှိတွေနဲ့ဗျာ. . . ခင်ဗျား ချော်လဲတော့မှာပဲလို့ ကျွန်တော် ထင်တယ်၊ လှမ်း သတိပေးမလို့ဟာ၊ အချိန်မမီလိုက်ဘူး၊ ခင်ဗျားက တအားလောတာကိုး"





နွေးထွေးကျယ်ပြန့်သော လက်ဖဝါးပြည့်ပြည့်ထဲ အေးစက်စိုစွတ်နေသော သူမလက်ကလေး ကျရောက်သွားလျှင် နန်းတစ်ကိုယ်လုံး ရှိန်းဖိန်းလှိုက်ဖိုသွားရ၏။

သူ့လက်ဖဝါးရဲ့အတွေ့ဟာ နန်းကို ဓာတ်လိုက်သွားသလို ထူးခြားဆန်းကြယ်လှသည်။

သူ့ကို အားပြု၍ နန်း ပြန်လည်မတ်တပ်ရပ်မိသည်။

"ဟုတ်တယ်. . . ချမ်းလာတာနဲ့ အမြန်ပြေးခဲ့တာ၊ ကျေးဇူးပါပဲ"

ရေစိုစက်လက်နှင့် မိန်းကလေးရဲ့ စိုပြေဖွံ့ဖြိုးမွတ်သော အလှအပတွေက စေ့စေ့မကြည့်ရဲစရာ။

ပုခုံးကလေး၊ လက်မောင်းကလေး၊ လည်တိုင်ကလေး၊ ရင်ညွန့်ကလေး အားလုံးဟာ အကြည့်မလွှဲနိုင်အောင် ဖမ်းစားလွန်းသည်။

အသားအရေ အတော်ကြီး လှပစိုပြေဝင်းမွတ်နေတဲ့ ကောင်မလေး။

အားနာပါးနာ အကြည့်ကို အမြန်လွှဲရသည်။

"ခင်ဗျား နာသွားပြီထင်တယ်"

"ဟင့်အင်း. . . မနာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ အလျှင်အမြန် ညာလိုက်သည်။

"မရှက်ပါနဲ့. . . ခင်ဗျား အခုန မျက်နှာရှုံ့မဲ့သွားတာ ကျွန်တော် မြင်ပါတယ်၊ နာရက်နဲ့ အတင်းဖိလျှောက်ရင် ဒဏ်ရာက ပိုဆိုးလိမ့်မယ်၊ အားမနာပါနဲ့. . . ကျွန်တော့်ကို တွဲလို့ရပါတယ်"

"ရပါတယ်ရှင်. . . ကျွန်မ လျှောက်နိုင်ပါတယ်"

သူက အတော်အကင်းပါးပုံရသည်။ နန်း ဟန်ဆောင်တာကိုလည်း သိနေသည်။

"ဘယ်လိုသဘောမှ မဟုတ်ဘူးနော်၊ ခင်ဗျားကို ရိုးရိုးသားသား ကူညီပေးတာပါ"

"သိပါတယ်နော်. . . ကျွန်မကရော ဘာပြောလို့လဲ"

တကယ်တော့ သူမက ရှက်ကိုးရှက်ကန်းနှင့် သူ့ရှေ့မှောက်က ထွက်ပြေးချင်နေတာ။

ကိုယ့်ဘာသာလည်း ထူပူရှက်ရွံ့နေမိတာအမှန်။

"အဖော်မပါဘူးလား၊ ခင်ဗျားမှာ. . ."

"ပါပါတယ်၊ ကျွန်မသူငယ်ချင်း ပါတယ်"

"ဘယ်မှာလဲ"

"သူ မုန့်တီသွားစားနေပြီ ထင်တယ်"





"အဲဒီတော့ ခင်ဗျားကို ဘယ်ပို့ပေးရမလဲ"

"အား. . . ကျွတ်. . . ကျွတ်"

ခြေထောက်က နာသွားရာ သူမ လွှတ်ကနဲ ညည်းညူမိတော့ သူက ဘယ့်နှယ်ရှိစ်ဟု ပြုံးလိုက်ပါသည်။

သူ့အပြုံးက ဘာထည့်ပြီး ပြုံးလိုက်လို့ ဒီလောက် ချိုရပါသလဲ။

နန်း အငိုက်မိ ငေးမောသွားရသည်။

နှာတံပေါ်ပေါ်၊ မေးရိုးဖြောင့်ဖြောင့်၊ နှုတ်ခမ်းထူအမ်းအမ်းနှင့် အတော် ချောမောပြီး ဆွဲဆောင်မှုရှိတဲ့လူပါ။ အရပ်မြင့်ပြီး ဘော်ဒီကလည်း ကျစ်လစ်ကြံ့ခိုင်သည်။

ရင်အုပ်ကျယ်ကျယ်၊ ပုခုံးကားကားနှင့် အားကစား လုပ်နေကျပုံစံမျိုး ဖြစ်နေသည်။

ခြုံငုံပြောရလျှင် နန်းနံဘေးသို့ ရုတ်တရက် ရောက်လာသူမှာ ထင်မှတ်မထားရအောင် ယောက်ျားပီသ ခန့်ညားချောမောလွန်းတာပါပဲ။

သူ့ရဲ့ ဆွဲဆောင်မှုကို အနီးကပ်ကြုံလိုက်ရတဲ့ နန်းမှာ ကိုယ့်စိတ်ကိုယ် မလုံဘဲ မျက်နှာလေးပင် နွေးသွားရသည်။

"ဟိုနားက ခုံတန်းမှာ ထိုင်မလား၊ ခင်ဗျား ရရဲ့လား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောသားပဲ၊ အရိုးအဆစ်တွေဘာတွေ ထိရင် ထိထိချင်း ဒီလောက် မသိရဘူးဗျ၊ ပြီးမှ တဖြေးဖြေး နာလာတာ ခင်ဗျား မပေါ့ဆနဲ့. . . မရဘူးထင်ရင် ဆေးခန်းသွားလိုက်"

ကိုလှချာရှည်သည် သူ့တစ်ပုံးအပေါ် အင်မတန် စေတနာ ရှိတတ်ဟန် တူပါသည်။

"မထိုင်တော့ပါဘူး. . .ကျွန်မ အရင်ဆုံး အဝတ်အစား လဲချင်တယ်၊ ကျွန်မဘာသာ ဖြေးဖြေးလေး ခြေဖော့လျှောက်သွားလိုက်မယ်၊ စိတ်မပူပါနဲ့ရှင် ကျေးဇူးပါပဲ"

ကောင်မလေးက သူ့ကို အသားယူချင်လို့ ထိကိုင်တယ် များ ထင်နေသလား မသိပါဘူး။

သူ့ရဲ့ ဖေးမမှုကနေ အသာ ရုန်းလိုက်သည်။

သူက ခေါင်းတစ်ချက် ဆတ်ပြီး လွှတ်ပေးလိုက်သည်။

သို့သော် သူမ ထော့နင်းထော့နင်း ဖွဖွလေး လျှောက်သွားတာကို စိတ်မချလက်မချနှင့် တစ်ခဏ ရပ်ကြည့်နေမိသေးသည်။

သန့်စင်ခန်းဖက် နံရံအကွယ်ကို ဝင်ရောက် ပျောက်ကွယ်သွားမှပဲ ထိုနေရာကနေ သူ ပြန်လှည့်ပါသည်။

နန်းသည် ကိုယ့်ရဲ့ လော်ကာထဲက အဝတ်အိတ်ကို သော့ဖွင့်ထုတ်ရင်း ပြုံးစိစိလေး ပုခုံးတွန့်မိသည်။





ကိုယ့်ဆီမှာ သူ့ဆီက အနွေးဓာတ်တစ်မျိုးက စိမ့်ဖြာစီးဆင်း ကျန်ရစ်တုန်းပဲ ထင်မိသည်။ စီးကရက်ရနံ့နှင့်အတူ မွှေးရနံ့တစ်မျိုးကိုလည်း နှာဝမှာ ရှူရှိုက်နေရသည်။

ထိုခံစားမှုကပင် သူမကို ကတုန်ကယင် ရင်ဖိုစေပါ၏။

နန်းစိတ်တွေ ဘာဖြစ်သွားရသလဲ မသိ။

ယောက်ျားဖျိုတစ်ဦးရဲ့ရနံ့ဟာ ဤကဲ့သို့ပင် ရင်ထဲ ဖိုကနဲ နွေးစေတတ်သလား။

မှန်ထဲကြည့်ပြီး ခေါင်းယမ်းမိသည်။

သူ့အကြောင်း ပြန်စဉ်းစားနေလို့ မဖြစ်သေးပါဘူး။

အဝတ်အစား လဲလှယ်ရဦးမည်။

ရေကူးပြီးစမို့ ခေါင်းဆွတ်ဆွယ်တာ နက်ပြာလေးနှင့် ကောဒ်အရှည် အနက်ကလေးကို တွဲဖက် ဝတ်ဆင်လိုက်သည်။

ဆံပင်တွေကို သဘက်နှင့် ရေစင်အောင် ဖွဖွ သုတ်သည်။ သူမက ရေကူးရင် ရှာဝါသဘက်လည်း ဆောင်မထား တတ်ဘူးလေ။

လွတ်လွတ်လပ်လပ် ဒီအတိုင်းပဲ ဆံပင်လေး ဖားလျား ချပြီး ကူးတတ်တာမို့လား။ ဆံပင်သား ပျက်စီးရင် နောက်မှပဲ ပြန်ပြီး ပေါင်းတင်တာမျိုး လုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲပြီးတဲ့အထိလည်း ရင်ထဲ ခုန်နေရတုန်းပါ

အို. . . ဘယ်သူမှန်းမသိ၊ ဘယ်ဝါမှန်းမသိ. . . တစ် ကလေး အမှတ်တမဲ့ ဖေးမတွဲထူရုံနဲ့ နန်းက စိတ်လှုပ်ရှားစ လားနော်။

နန်းကိုယ်နန်း သတိပေးသလို နှုတ်ခမ်းလေး ဖိကိုင် အတွေးကို ဖျောက်နေမိ၏။

ပြီးလျှင် ကျောပိုးအိတ်လေးလွယ်ကာ မုန့်တီဆိုင်မှာ နေမည့် မျက်ချယ်ထံ လျှောက်လာခဲ့သည်။

ရဲရဲ မလျှောက်ရဲဘဲ ခြေထောက်လေး ထော့နင် ထော့နင်း ဝင်လာတဲ့ နန်းကိုကြည့်ပြီး မျက်ချယ်က မျက်ခုံး ကာ. . .

"ဟဲ့. . . ဒါက ဘာဖြစ်တာလဲ"

"ကန်ပတ်လမ်းမှာ ချော်လဲတာပေါ့၊ နင်ကမှ ငါ့ မစောင့်ဘဲ"

"အို. . မိုးပဲချုပ်တော့မယ့်ဥစ္စာ၊ နင်က ရေဖျံမ ဘယ်လိုစောင့်နိုင်ပါ့မလဲ"

သူ ပြောတာလည်း ဟုတ်ပါသည်။ မျက်ချယ်က ငါးမိ လောက် ရေထဲဆင်းပြီးရင် ပြီးပြီ။





နန်းက တစ်နာရီလောက် ကြာတဲ့သူ။

အတူတူလာပေမယ့် ဝါသနာပါပုံချင်းက မတူဘူးလေ။

နန်းက ခုံမှာ ဝင်ထိုင်ရင်း ကျောပိုးအိတ်ကို ဖြုတ်ချ ပေါင် တင်လိုက်ပါသည်။

"မုန့်တီအသုပ်တစ်ပွဲ၊ အရည်တစ်ပွဲ"

လာမေးတဲ့ စားပွဲထိုးလေးကို မှာလိုက်သည်။

ဗိုက်ကဆာနေပြီလေ. . . ရေကူးပြီးစဆိုရင် ပိုဆာတာ။

"နင့်ခြေထောက်က တော်တော်နာနေလား၊ ဒဏ်ကြေ းလေးဘာလေး လိမ်းဦး"

"အိမ်ရောက်မှပဲ လိမ်းတော့မယ်"

နန်းက မုန့်တီပန်းကန်ရောက်လာတော့ ဇွန်းနှင့် ဖြေးဖြေး နေသည်။

သို့သော် ခေါင်းအပြန်အမော့မှာ သူမမျက်လုံးလေး ဝိုင်း တ် ရင်ထဲ ဒိတ်ကနဲ ခုန်သွားရသည်။

ဂျင်းဘောင်းဘီနှင့် အက်ဒီအက်စ် စပို့ရှပ်ကို ဝတ်ထား သော စောစောကလူက ပြုံးစစမျက်နှာနှင့် ကင်န်တင်းထဲ ဝင်လာ ည် မဟုတ်လား။

ဒီစားပွဲကိုပဲ လှမ်းကြည့်ပြီး ပြုံးပြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နန်းကို မဟုတ်ပါ။

"ဟယ်. . . လင်းပါလား"

နံဘေးက မျက်ချယ်ရဲ့ နှုတ်ခွန်းဆက်သံလေးဟာ ... ကို အကြီးအကျယ် တုန်လှုပ်သွားစေပါသည်။

ဘုရားရေ. . . သူဟာ လင်းတဲ့လား။

နောင်လင်းကိုပေါ့။

ဒါကြောင့် ထူးခြားတဲ့ဒီအသံမျိုး ကြားဖူးပါတယ်လို့ ... စိတ်ထဲ အလိုလို ထင်မိတာ။

"ဟာ. . . မင်းလည်း ရေလာကူးတာလား၊ ကိုယ် မ... မိဘူး ကြည့်စမ်း၊ ကိုယ်ဝင်လာတုန်းကတော့ မင်းကား မရှိ... မင်းဆီ ဖုန်းဆက်သေးတယ်၊ မင်းဖုန်းက အမြဲပိတ်ထားတယ်... အဲဒါ ဘာဖြစ်လို့လဲ"

"တို့ ရေကူးနေတာကိုး လင်းရဲ့. . . အဟင်း. . . ... ပြန်ဖွင့်ဖို့ မေ့နေတာ"

အမှန်တော့ ထိုသို့ မဟုတ်ပါ။ ရည်းစားထည်လဲတွဲ... သော မျက်ချယ်ဟာ ဖုန်းကြောင့် အနှောက်အယှက်ဖြစ်မှာ ... လျက် များသောအားဖြင့် သူ့လက်ကိုင်ဖုန်းကို ပိတ်ထားတ... သည်။





သူပြောစရာရှိမှ စက်ဖွင့်ပြီး ပြောတတ်တာ နန်း တွေ့မြင် ...နေကျပါ။

သူတော့ အညာခံရပြန်ပါပြီ။

သူသည် မျက်ချယ်ထံ ဘယ်လောက်ပျော်ဝင်ပါသလဲဆို ...င် မျက်ချယ်မျက်နှာလေးကိုသာ စေ့စေ့ကြည့်လျက် ဘေးက ...နန်းကိုပင် ချက်ချင်း မမြင်သေးပါ။

နောက်မှ အကြည့်ရွှေ့လာမှ တွေ့သွားပြီး. . .

"ဟာ. . . ခင်ဗျားပဲ"

ဟု တအံ့တသြ ရေရွတ်ပါသည်။

နန်းနှလုံးသားတွေက ဘာကြောင့်မှန်းမသိ အေးခဲ ...မ်းနည်းသွားရသည်။

နန်းဟာ မျက်ချယ်လောက် မလှဘူးလား။ သူ့လို အပြင် ...အဆင် ခေတ်မမီတာတော့ အမှန်ပဲ။

ပြီးတော့ နန်းမျက်လုံးထဲမှာ ဖျားယောင်းတတ်သော ...ယာတို့ မရှိဘူးလေ။ ပကတိ သန့်စင်နေသော မျက်ဝန်းလေး ...တွေကိုသာ ပိုင်ဆိုင်သည်။

ဒီတော့ အဲဒီလင်းက အသိအမှတ်ပြုမိမယ်လည်း မထင် ...တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာကြောင့်များ မျက်ချယ်ကစားစရာ

ကလေးတစ်ရုပ် လာဖြစ်နေတာလဲ. . .။

မချင့်မရဲသာ တွေးမိလေသည်။

ပြန်ပြုံးပြသော နန်း အပြုံးလေးက မပီပြင်ပါ။ ခုန

မထင် နီးကြားစွာ ခုန်လှုပ်မိသော နှလုံးသားဟာ အခုတော့

လင့်ချက်မဲ့စွာ ငြိမ်သက်သွားလေပြီ။

တဒင်္ဂလေးမှာ သူမရဲ့ အနှုံးက ကြီးကျယ်သည်။

သူမသိ လစ်ဟာဆုံးရှုံး ကြေကွဲသွားရသည်။

ပြန်ပြင်လို့မရတဲ့ မှားယွင်းမှုတစ်ခုနှင့်အတူ နန်းတို့

ဆုံဆည်းမိကြသည်ပဲဆိုပါတော့။

"လင်းက နန်းကို သိနေလား. . . ဟုတ်လား"

မျက်ချယ်က တအံ့တဩ မေးလိုက်သည်။

"ခုန သူ ချော်လဲသွားလို့ ကိုယ် သွားထူပေးခဲ့တာ"

"ဩော်. . . ဒီလိုလား။ မင်းသမီး ချော်လဲတော့ မင်း

ပြေးသွားတာပေါ့. . . ဟား. . . ဟား"

မျက်ချယ်က ပေါ့ပေါ့ပါးပါးပဲ ရယ်လိုက်ပေမယ့်

မျက်နှာလေး နွေးကနဲ ဖြစ်သွားရသည်။

"ဩော်. . သူက မင်းသူငယ်ချင်း နန်းဆန်သူလား





မှာတော့ တစ်ခါ ပြောဖူးတယ်နော်၊ တွေ့ရတာ ဝမ်းသာပါတယ်

နောင်လင်းက ဟန်မပျက် ဆက်ပြောသွားလို့ တော်ပါ

သည်။

နောင်လင်းသည် မျက်တောင်ကော့ကော့နှင့် ကောင်မ

ရဲ့ မျက်လွှာကလေး စင်းချလိုက်ပုံကို အမှတ်မထင် အကြည့်

ကနေမိသည်။

"နန်းလည်း ဝမ်းသာပါတယ်"

သူ့ကိုမကြည့်ဘဲ နန်းက ပြောလိုက်သည်။

သူမရဲ့ တိုးညက်ညင်သာသောအသံလေးက အလွန်ပဲ

ထောင်ကောင်းလှကာ ရင်ထဲကို ငြိမ့်ကနဲ စီးဝင်စေသည်။

ထူးခြားသော ခွန်အားချိုလှသော စကားသံပိုင်ရှင်လေးပါပဲ။

ပြီးတော့ သူမ မျက်နှာလေးမှာ ကြည်လင်သော အလင်း

တ်လေးတစ်မျိုး ရှိနေသည်။

ပန်းပွင့်လေးတစ်ပွင့်ကို ကြည့်ရသလိုပဲ ရင်ကို အလိုလို

မြဲစေတာ။

မျက်ချယ်ကတော့ တက်ကြွရှင်သန်သော ညို့ဝင်ဖမ်းစား

တွအပြည့်ရှိတဲ့ မျက်နှာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



"လင်းကလဲနော်၊ တို့သူငယ်ချင်းကို သွားကြည့်မနေ
သူက အရမ်းရှက်တတ်တာ၊ ကြည့်ဦး. . . လင်းကြည့်နေလို့
မုန့်တီတောင် မစားရဲတော့ဘူး. . . တွေ့လား"

"အို. . . မဟုတ်ပါဘူး"

မျက်ချယ်ရဲ့ မဆင်မခြင် အပြောကြောင့် နှစ်ဦးသား
အနေခက်သွားရလေသည်။

နောင်လင်းက ကမန်းကတန်း အကြည့်လွှဲသလို နန်း
လည်း မုန့်တီပန်းကန်ထဲ အယောင်ယောင်အမှားမှား စွတ်
လိုက်မိသည်။

ဤကဲ့သို့ပင် နောင်လင်းနှင့် နန်းတို့ သိကျွမ်းသွားခဲ့ပုံ
ကဗျာမဆန်ဟု ဆိုရမည်။



အဲဒီရဲ့နောက်မှာတော့ မျက်ချယ်နှင့်ပတ်သက်ပြီး နန်းနှင့်
င်လင်းနှင့် မကြာခဏ ဆုံရတာမျိုး ရှိလာပါသည်။

မျက်ချယ်က ထူးဆန်းသည်မှာ ဤမျှ သဘောကောင်း
ိနားတတ်သော ယောကျ်ားတစ်ယောက်ကို တန်ဖိုးထားရ
ာင်းမှန်း မသိတာပင်။

"နင့်ကို ငါ အံ့ဩပါတယ် မျက်ချယ်ရယ်"

"ဘာလို့လဲ"

"ကိုနောင်လင်းလို လူတစ်ယောက် ရှိနေရက်နဲ့ နောက်
် ဘာလို့ ရှင်းသန့်တို့၊ စိုးကျော်တို့၊ မင်းမင်းတို့၊ အဂ္ဂတို့နဲ့
ျှောက်ရှုပ်နေတာလဲ၊ ဟိုနေ့ကလည်း မျိုးစည်သူဆိုတဲ့လူကို နင်
ာ်ခံလိုက်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"လက်ခံတာ မဟုတ်ပါဘူး၊ သူက ဘက်ဂရောင်း အ
ကောင်းလို့ အသိအမှတ်ပြုလိုက်တာပါ"

"အေးလေ. . . ဘာထူးလဲ"

"မိန်းကလေးဆိုတာ ခေါင်းခေါက်ရွေးနိုင်မှ တန်
ကျတာဟဲ့"

"ကိုနောင်လင်းသာသိရင် အရမ်း သဝန်တိုမှာပဲ
သူက အေးအေးဆေးဆေးနဲ့ နင်တစ်ယောက်ထဲကိုပဲ ချစ်
ရတယ်"

"မထင်ပါနဲ့ နန်းရယ်၊ ယောကျာ်းတွေဆိုတာ လျှော
လို့ ရတာမဟုတ်ဘူး"

"ဒါပေမယ့် သူက ရိုးသားပါတယ်၊ မဟုတ်တာလုပ်
မရှိဘူး"

"အမှတ်တွေ စွတ်မပေးပါနဲ့ဦး"

"သူ စိတ်ပျက်သွားမှာ နင် မစိုးရိမ်ဘူးလား"

"မစိုးရိမ်ပါဘူး. . . သူ့ကိုလည်း ငါက ဘောင်ခတ်
တာမှ မဟုတ်တာ၊ သူတွဲချင်တဲ့ မိန်းကလေးရှိရင် တွဲလေ၊
လည်း လာမချုပ်ချယ်နဲ့၊ အဲဒါတော့ မရဘူး၊ တစ်ယော





တစ်ယောက် လွတ်လပ်ခွင့် ပေးထားတာ စိတ်အချမ်းသာဆုံးပဲ၊
အန့်သတ်ချက်တွေ ငါ သိပ်မုန်းတယ် နန်း. . "

"နင့်လို မိန်းကလေးနဲ့ လာဆုံတာ သူ ကံဆိုးတာပဲ၊ သနား
တော့ သနားပါတယ်ဟာ. . . နော်"

"အံမယ်. . . မသနားပါဘူး၊ ယောကျာ်းရင့်မာကြီး
တစ်ယောက်ကို ဘာသနားစရာလိုလဲ၊ ငြီးငွေ့လာရင်တော့ ငါက
နားလိုက်မှာပဲ၊ ငါ့ကို ပြဿနာ လာရှာရင်လည်း ဆောရီးပဲ၊ ချုပ်
တိုင်ဖို့တို့၊ လွှမ်းမိုးဩဇာပေးဖို့တို့ကတော့ အိပ်မက်တောင် လာ
မက်နဲ့၊ မျက်ချယ်တို့က လွှမ်းနေမှာ မဟုတ်ဘူး"

သူ့စကားတွေသာ ကြားရရင် ဟိုတစ်ယောက်တော့
ခံစားရတော့မှာပဲ။

မျှော်လင့်သလို ဖြစ်မလာတဲ့တစ်နေ့၊ မျက်ချယ် ဇာတ်
သိမ်းတွေကို သိတဲ့တစ်နေ့၊ သူ ထိခိုက်နာကျင်မှာ နန်းက စာနာ
စိတ်နှင့် ကြိုတင် ရင်မောနေခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းအချိန်လောက်မှာ မျက်ချယ်ဇင်က စူပါ ဆလွန်း ၂/က အဖြူရောင်လေးကို ကိုယ်တိုင်မောင်းကာ နန်းဆန်သူဆီသို့ ရောက်လာပါသည်။

ဟိုဖက်လမ်း၊ ဒီဖက်လမ်း နေကြတာဆိုပေမယ့် မျက်ချယ် က ဘယ်သွားသွား ကားကလေးနှင့်သာ သွားလာတတ်သည်။

ဒီဖက်လမ်းက နန်းတို့အိမ်ကို သူ ဘယ်တုန်းကမှ လမ်း လျှောက်မလာတတ်။ မျက်ချယ်သည် နန်းကိုတော့ အတော် ခင်မင်သည်။

ကားဝင်တာမြင်သဖြင့် နန်းဆန်သူက သူမကားအနီးသို့ လျှောက်သွားလိုက်သည်။





မျက်ချယ်က ကားထဲက မဆင်းဘဲ မှန်တစ်ဖက်ကို ဖြေးညင်းစွာ ချလိုက်ပြီး ခေါင်းပြူကြည့်ကာ. . .

"ဟိတ်. . . နန်းဆန်. . ဘာလုပ်နေလဲ"

နန်းဆန်သူက ကိုရီးယားစကတ် အပြာရောင်ဆွဲသားလေးကို ဒူးဆစ်ဖုံးပုံစံ အကျပ်ကလေး ဝတ်ထားပြီး အပေါ်က ရှင်းနက်ပြာလေးနှင့်။

ပုခုံးကျော်ရုံ ဆံပင်စင်းစင်းဖြောင့်ဖြောင့်လေးတွေက ညှန့်အိအိ ဝဲဖြာကျနေသည်။

"ပန်းအိုးထိုးမလို့ ဂန္ဓမာအဖြူလေးတွေ ဆင်းခူးနေတာ"

"နင့်ပန်းအိုးကို ထားခဲ့လိုက်"

"မျက်ချယ်က ဘယ်လဲ"

"လာစမ်းပါ. . . ကားပေါ်တက်၊ ငါတို့ ရှမ်းခေါက်ဆွဲ သွားစားရအောင်"

မျက်ချယ်က စိတ်ကူးပေါက်ရင်ပေါက်သလို နန်းဆန်ကို အဲလိုပဲ လာခေါ်တတ်ပါသည်။

"ဒါဆို ငါ မေမေ့ကို သွားပြောဦးမယ်၊ နင် အိမ်ပေါ် တက်တော့ဘူးလား"

"မတက်တော့ဘူး. . ဒီကပဲ စောင့်မယ်၊ မြန်မြန်လုပ်နော်"

www.burmeseclassic.com



"အေးပါ"

နန်းဆန်သူ လှစီကနဲပင် တိုက်ထဲ ပြေးဝင်သွား၏။ တအောင့်ကြာလျှင် ပိုက်ဆံအိတ်ကလေး စလွယ်သိုင်းကာ ပြန်ထွက်လာ၏။

ကားထဲ ဝင်ထိုင်လိုက်လျှင် မျက် ယ်ကားလေးက အေးစိမ့်မွှေးမြ့ သားနားနေပါသည်။

မျက်ချယ်က သူ့အိမ်မှာ သူဗိုလ်။ နေတာထိုင်တာလည်း စတိုင်လ်ကျသည်။

မိဘတွေက ပြည့်စုံကြွယ်ဝပြီး သမီးနှစ်ယောက်သာ ရှိသည်။ အခု မျက်ချယ်က သူ့အစ်မ၊ ခဲအိုတို့နှင့် နေသည်။

မျက်ချယ်ဘဝမှာ ဘာမှ စိတ်ညစ်စရာမရှိ။ တွေ့လိုက် တိုင်း ပေါ့ပါးလန်းဆန်း သွက်လက်ပြီး အပူအပင် ကင်းမဲ့လှသည်။

မျက်ချယ်က ကားကို မီးပွိုင့်ဖက် ဦးတည်လိုက် သဖြင့်. . .

"နင့် ရှမ်းခေါက်ဆွဲက ဘယ်မှာစားမှာတုန်း"

"ကရဝိတ်ပဲ သွားလိုက်မယ်"

"ဟင်. . . ကရဝိတ်ထိ"

"နီးနီးလေးပဲဟာ"





သူ့အတွက်ကတော့ ရန်ကုန်တစ်မြို့လုံး အကုန် နီးတာချည်းပါပဲ။ ကားမောင်းကလည်း အတော်မြန်သည်။ စိတ်ကလည်း ဆပ်မြန်မြန်။

အကြိုက်လည်း ခဏခဏ ပြောင်းတတ်၏။

ရည်းစားတစ်ယောက်ကို ဒီနေ့ကြိုက်သလိုလိုရှိပြီး မနက်ဖြန် မကြိုက်တော့ဘူး ဖြစ်ချင်ဖြစ်တတ်တာ။

မျက်ချယ်စိတ်ကို နန်းလည်း လိုက်လို့ မမီပါ။

ဒါကြောင့် စောဒကမတက်ဘဲ တိတ်တိတ်လေးပဲ လိုက်ပါလာခဲ့မိသည်။

သို့သော် သူမကို မတိုင်ပင်ပါဘဲ မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခုကို မျက်ချယ်က ဖန်တီးလိုက်၏။

ကရဝိတ်ဝင်ပေါက်မှာ လူရွယ်တစ်ယောက်ကို ကားရပ်ခေါ်တင်လိုက်တာပါ။

ထိုလူရွယ်မှာ အသားညိုသည်။ သို့သော် မျက်နှာ ပုံပန်းက ခပ်ချောချော။ ဆံပင်ရှည်ကို အလယ်ခွဲထားတဲ့ အကောက်ပုံစံ။ ဆံပင်တွေက ဂျဲနှင့် စိုရွှဲ ပြောင်လက်နေသည်။

နားမှာ ကျောက်တစ်လုံး နားကပ်တစ်ဖက် ပန်ထား၏။ ချုပ်အကျီလက်ရှည်က မီးခိုးရောင်ပေါ်မှာ ပန်းပွင့်အနက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့်။ ဘောင်းဘီကလည်း စတိုင်လ်ပင်နှ် မီးခိုးဖျော့ပါ[...]
ဝတ်စားထားပုံရော၊ ရုပ်ရည်ရော မဆိုးလှပါ။

ဒီလူနှင့် ဘယ်တုန်းက သိနေပါလိမ့်။

အရင်ကဆို ရည်းစားအသစ်ရလျှင် နန်းကို ဖွင့်ပြော[...]
အသိပေးနေကျ။ ဒီတစ်ခါတော့ အသိမပေးပါလား။

ကားထဲ လှစ်ကနဲ ဝင်ထိုင်လိုက်ပြီးမှ မျက်ချယ်ကို အ[...]
အယာနှင့်ပဲ မေးရသည်။

"ငါ့သူငယ်ချင်းပါ. . . ဖရက်ဒီတဲ့"

မျက်ချယ်က မိတ်ဆက်ပေးသလို ဆိုသည်။

"ဖရက်ဒီ. . . သူက ငါပြောတဲ့ နန်းဆန်သူ"

"ဟုတ်လား. . . နန်းဆန်ဆန်လေးပေါ့၊ မျက်ချ[...]
သူငယ်ချင်းက လှတယ်နော်"

"မလှပါဘူး"

နန်းက ကန့်ကွက်၏။

နန်းမှာ ဘာကြောင့်မှန်းမသိ။ ထိုသူကို မြင်မြင်ချင်း[...]
အမူအယာရော၊ အသံကိုပါ မနှစ်သက်သလို ဖြစ်မိသည်။

သူကြည့်ရတာ မိန်းမကျမ်းကျေနေပုံရသည်ဟု နန်း [...]
သည်။





ကိုယ့်ကို ချောတယ် ပြောပေမယ့်လည်း သဘောမကျမိ
ပါ။ မျက်ချယ်က သူနှင့် ဘာကြောင့် ချိန်းထားပါလိမ့်။

တကယ်ဆို သူနှင့် ချိန်းဆိုထားလျှင် နန်းကို ခေါ်မလာ
သင့်ဘူးပေါ့။

နန်းရင်ထဲ အောင့်သက်သက်လိုလို ဖြစ်မိသည်။

တခြားအဖော်ပါရင် နန်း လိုက်ခဲ့မှာ မဟုတ်ပါ။

ယခုတော့ ပင့်သက်ကလေးသာ ခိုးရှိုက်မိသည်။

တစ်စုံတစ်ယောက်ကို အလွယ်တကူ ရင်းနှီးတတ်သော
မျက်ချယ်ကိုလည်း သူမ အံ့သြပါရဲ့။

ပြီးတော့ ရင်ထဲ တစ်နေရာမှာ ဟိုလူကိုလည်း သနားမိ
သလို ဖြစ်သွားရပါသည်။

မျက်ချယ်ကို ရိုးရိုးသားသားလေး ချစ်နေရှာတဲ့သူ. . .။

နောင်လင်းကို. . .။

သူသာသိရင် ဘယ်လိုဖြစ်သွားမလဲ။ မျက်ချယ် သူ့ကွယ်
ရာမှာ ရှုပ်တယ်ဆိုတာလောက်တော့ သူ ရိပ်မိမှာပါ။

အိုလေ. . . သူတို့ကိစ္စ နန်းနဲ့မှ မဆိုင်တာ။

နန်းဆန်သူက မချင့်မရဲ ကရုဏာအတွေးကို ဖျောက်ပစ်
လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက လေးနေသည်။ ကားလေးက ကရဝိတ်ဥယျာဉ် အတွင်းသို့ ဖြေးညင်းစွာ ဝင်ရောက်လာသည်။ စိမ်းစိုအေး သာယာသော ဝန်းကျင်လေးက ရွှင်လန်းချင်စရာပါ။

ဒါပေမယ့် နန်း စိတ်တွေ ရှုပ်ထွေးနေရ၏။

မျက်ချယ်ကို မကျေနပ်ပါဘူး. . .။

သူစိမ်းတစ်ယောက်ရှေ့မှာ အခြေအတင် မပြောချင် သာ ငြိမ်နေရသည်။

မျက်ချယ်လုပ်ပုံကို နန်း ဘဝင်မကျပေ။

လှည့်ကြည့်လို့ အကြည့်ချင်းဆုံတာနှင့် နန်းက ဖရော် မသိအောင် မျက်စောင်းခဲလိုက်သည်။ မျက်ချယ်က သူ့မှာ အပြ မရှိသလို ပြုံးတုံ့တုံ့နှင့်သာ။ အမြင်ကပ်စရာ ကောင်းပါဘိ. . .

ရှမ်းခေါက်ဆွဲဆိုင်လေးရှေ့ ကားရပ်တဲ့အထိ ဘာစကား မှ မဆိုမိ။

သူတို့က ဆိုင်ထဲဝင်တော့ စုံတွဲလို နီးနီးကပ်ကပ် တီးတိုးပြောဆို ရယ်မောလိုက်ပါသေးသည်။

ဒီလိုမှန်းသာသိရင် နန်း လိုက်မလာပါဘူး။

နန်းဆန်သူက မျက်နှာလေး ခပ်မှုန်မှုန်နှင့်သာ နေ တစ်လှမ်းဆုတ်လျှောက်ရင်း လိုက်ပါလာသည်။





စားပွဲမှာ ထိုင်တော့လည်း နန်းမျက်နှာလေး မကြည် င်။

အဲဒီ မျက်ချယ်တစ်ယောက်ဆီမှာ ရည်းစားတွေရော၊ လိုလိုအဆင့်တွေရော ရှုပ်ယှက်ခတ်ကာ ဝိုင်းဝိုင်းလည်နေ တ်သည်။ သွားလေရာအရပ်မှာ အမျိုးသားမိတ်ဆွေ အပေါင်း သင်းတွေ ရှိသည်။

မျက်ချယ်က မိန်းကလေးတွေကို သိပ်မခင်မင်။ သူ တ်ဆံခင်မင် ပတ်သက်နေတာ ယောကျ်ားလေးပဲ အများစုက။ အထဲမှာ နန်းဆန်သူတစ်ယောက်သာ မကြာခဏ ဝင်ရှုံ့ခံရတာ။

အတူသွားပြီဆိုရင် ယောကျ်ားလေးတစ်ယောက်ယောက် ပေါ်လာစမြဲ. . . ပါလာစမြဲ။

ရှမ်းခေါက်ဆွဲနှင့် အအေးကို စိတ်မပါစွာ စားသောက် သည်။

သူငယ်ချင်းနှစ်ယောက်လည်း စကားမှ မပြောရတာ။

သူတို့ဘာသာသူတို့ တစ်ယောက်မျက်နှာတစ်ယောက် ည့်ပြီး ကြည်နူးလိုက်၊ အဓိပ္ပာယ်ခပ်ပါပါတွေ ပြုံးလိုက်ကြနှင့် ကြည်ဆိုက်နေတာကို ဘေးက နန်းမှာ ဒေါပွပွနှင့် သည်းခံ ဝင့်စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်ချယ်"

"ဟင်"

"ငါပြန်မယ်. . . ဂိတ်ဝလိုက်ပို့ပေး"

"ဟယ်. . . နင်ကလည်း မပြန်ပါနဲ့ဦး"

ဒီလိုကျတော့လည်း ပျာပျာသလဲ တားမြစ်ပြန်၏။

"နင်တို့ အနှောက်အယှက် ဖြစ်ပါတယ်"

"မဖြစ်ပါဘူး. . . ဘာလို့ အနှောက်အယှက် ဖြစ်ရမှာ ငါတို့က သမီးရည်းစားမှ မဟုတ်တာ နော်. . . ဖရက်ဒီရယ်"

ဖရက်ဒီက ခေါင်းမညိတ်၊ ခေါင်းမခါ ပြုံးစစ မျက်နှာ နှင့်သာ မျက်ချယ်မျက်နှာကို စိုက်ကြည့်နေပါသည်။

ကြားထဲက နန်းမှာ သူတို့ဆီမှ အကြည့်လွှဲရင်း အူ ကြောင် ငေါင်စင်းစင်း ဖြစ်နေရသည်။

သူတို့နားမှာ နေကိုမနေချင်။

ကြည့်ရတာ မျက်ချယ်က တစ်ယောက်ထဲ လာတွေ့ ဖရက်ဒီဖက်က အထင်သေးမှာစိုးလို့များ နန်းကို တမင် ခေါ် ခဲ့သလား မသိချေ။

ဒါပေမယ့် စုံတွဲဆန်ဆန် သူတို့နှစ်ယောက်နားမှာ နန်း ဘယ်လိုဆက်နေရမလဲ။





သူတို့လည်း လွတ်လွတ်လပ်လပ် မပြောမဆိုရ။

နန်းလည်း မျက်နှာတွေပူနေရတာ အဆင်မပြေပါဘူး။

တက္ကစီနဲ့ ပြန်ပါ့မယ်ဆိုတော့လည်း မျက်ချယ်က မပြန် ချင်ပုံ။

ခက်ပါရဲ့နော်. . .။

"နန်းဆန်သူက အရမ်းသိတတ်တာပဲဗျာ၊ ကျေးဇူးမမေ့ ဘူး"

သူက ပညာသားပါပါ နှင်နေတာလေ. . .။

"နန်း. . . မပြန်နဲ့ဦးနော်၊ ငါတို့ တစ်အောင့်လောက်ပဲ ားပြောမှာ၊ တော်ကြာ သိပ်မိုးချုပ်ရင် မာမီဆူနေမှာဟ"

"မပြန်ဘဲ ငါက ဘာထိုင်လုပ်နေရမှာလဲ"

နန်းက ဘုတောချင်လာပါသည်။

ဟိုက လူလည်ပုံစံမို့ မျက်ချယ်က နှစ်ယောက်ချင်း တွေ့တာ ဖြစ်နိုင်သည်။

ကိုလူလည်ကတော့ နန်းကို ပ,ထုတ်ချင်နေပြီပေါ့။

နန်းဆန်သူသည် ရုတ်တရက်တော့ ဘယ်လိုဆုံးဖြတ် လဲ မသိ။ ခပ်ဝေးဝေးကနေ သနပ်ခါး သီချင်းသံလေးက လွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



. . . *ဖယ်ပြင်မှာ သနပ်ခါးလေးနဲ့ ချစ်စရာကောင်းလိုက်တာကွာ။*

ထိုသီချင်းသံကိုကြားလျှင် သူမ စိတ်ကူးရသွားပါသည်။

*အပြုံးတင်း ပြုံးနေလိုက်ပါ . . .*

*ရှိုက်ရှိုက်လေး ပင်မျက်နှာ . . .*

*ကမ္ဘာကျော်တောင် ယဉ်နိုင်တုန်းကွာ . . .*

*ကိုယ့်ရဲ့ နှလုံးအိမ်ထဲမှာ . . .*

*အချစ်စိတ်တို့ နိုးထလာ . . .*

*ဒီတစ်ယောက်စာ ချစ်မေတ္တာ . . .*

သီချင်းအေးအေး ငြိမ့်ငြိမ့်လေးက ဆွဲဆောင်မှုရှိသည်။ သူမစိတ်တွေ အနည်းငယ် ညှို့သက်သွားရ၏။

"ဒါဆိုရင်လည်း နန်း ဟိုဖက်မှာ သီချင်းသွားနားထောင်မယ်"

ဒါကိုတော့ မျက်ချယ်ကလည်း ခေါင်းညိတ်သည်။ ဖရော်မျက်နှာကလည်း ပြုံးအိသွား၏။

နန်းဆန်သူက ချည်ထည်အိတ်လှလှလေးကို စလွယ်သိုင်းကာ ခွာချွန်ဖိနပ်အမြင့်လေးနှင့် တဖောက်ဖောက်လျှောက်ကာ ဆိုင်အပြင်ဖက်သို့ တစ်ယောက်တည်း ထွက်လာပါသည်။

ဒါဟာ သူမ ရှောင်ပေးတာလား . . . ။





အင်း . . ဒီလိုပဲ ပြောရမှာပေါ့။

နောင်လင်း မျက်နှာကို မြင်ယောင်ရင်း စိတ်ထဲမှာ အားနာသလို စိတ်မကောင်းသလို ဖြစ်မိသည်။

အင်းလေ . . .

ရှင်ကလည်း မျက်ချယ်ပုံစံ ခပ်လှလှလေးကို ချစ်မိတာကိုး။

သူ သစ္စာမထားတာကိုလည်း ခွင့်လွှတ်သည်းခံပေါ့။

နောက်ဆုံး တစ်နေ့ မျက်ချယ်နဲ့ ဆုံဆည်းလက်တွဲခွင့်ရမယ့်သူက နောင်လင်းပဲလား၊ တစ်ခြားတစ်ယောက်ပဲလား နန်းဆည်း မခန့်မှန်းတတ်။

မျက်ချယ်ရဲ့ နှလုံးသားရေးရာ ကဏ္ဍက ရှုပ်ထွေးတယ်လေ။ ကြုံတွေ့ရခက်တယ် မဟုတ်လား . . . ။

ပြီးတော့ မျက်ချယ်က တစ်ယောက်နှင့်တွဲတုန်း နောက်တစ်ယောက် တွေ့မြင်သွားမလားလို့လည်း မစိုးရိမ်တတ်ဘူးလေ။

နန်းတသာ သူ ဘယ်တော့ ပြဿနာဖြစ်မလဲ ဘေးကနေ ရင်တမမ စောင့်ကြည့်နေရတာ။

သီချင်းသံကြားရာဖက်ဆီ နန်းဆန်သူ ခပ်အေးအေး လျှောက်လာသည်။

စောစောက ရှမ်းခေါက်ဆွဲထဲ ငရုတ်သီးစပ်စပ် ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိသဖြင့် လျှာတွေက ပူထူနေလေရာ အိတ်ထဲ ဝယ်ထည့်ထ
တဲ့ ထုတ်ထိုးသကြားပြားတစ်ခု ထုတ်ယူ ဖောက်စားလိုက်သ

ပြီးလျှင် ဟော်လိုဂစ်တာလေး တီးခတ်၍ သီချင်းသီ
ဖျော်ဖြေရာ စင်မြင့်နားလေးဆီ ရောက်လာပါသည်။

အားပေးနားထောင်သူတို့ ဧကျိုးတို့ကျဲတဲသာ ရှိ၏။

နန်းဆန်သူက အုတ်ဘောင်အမြင့်လေးတစ်နေရာ
အသာအယာ ထိုင်ချလိုက်သည်။ ပတ်ဝန်းကျင်မှာ မီးတွေလ
ထိန်လင်းနေသဖြင့် အေးမြသာယာလှ၏။

ကောင်ကလေးတစ်ယောက်က စင်ပေါ်မှာ ဂစ်
တီးခတ်၍ ပထမ ဟန်ထူးလွင်သီချင်းကို ဆိုသည်။

နောက်တော့ နောနေ်သီချင်း. . .

*အိပ်လို့မရဘူး . . . မျက်လုံးတွေ မှိတ်သေးဘူး . . .*
*မြင်နေတယ် ခုထိ . . . မင်းရဲ့ . . . နှုတ်ခမ်းပါလေးပဲ . . .*
*မြင်ယောင်ရင်း . . .*
*လွဲလို့မရဘူး . . . အာရုံက ဒီစက်ကွင်းထဲ . . .*
*အကြိမ်အခါတွေ မနည်းဘူးအခုထိ . . .*
*မင်းအကြောင်း စဉ်းစားကာနေတုန်း . . .*
*ဒီလိုညတိုင်း . . . ငါနဲ့မင်း . . .*





*အတူနေခွင့်ရှိရင် အတိုင်းထက်အလွန်ပဲ . . .*
*ဒီလိုညတိုင်း . . . ငါနဲ့မင်း . . .*
*အတူဆုံတွေ့ခွင့်ရင် အတိုင်းထက်အလွန်ပဲ . . .*
*အို . . . ငါ့အတွက်တော့ . . .*

နန်းဆန်သူသည် ခြေထောက်ကလေး စည်းချက်လှုပ်
ာ အေးအေးလူလူ ခံစားနားထောင်ရင်း သကြားပြားကလေး
ိုလည်း အရသာခံကာ စုပ်ယူစားနေမိ၏။

လေနုအေးအေးလေးက မျက်နှာပြင်ကို နူတ်ဆက်ရိုက်
တ်နေပြီး၊ သူမရဲ့ ဆံနွယ်လေးတွေက လေမှာ လွင့်မျောနေ
ည်။

သူမသည် လက်ဖျားကလေးနှင့် ဆံနွယ်လေးတွေကို
ယ်ရှားနေပုံမှာ ကဗျာဆန်သည်။

ခပ်ဝေးဝေးက လှမ်းကြည့်ရင်း နောင်လင်းက မျက်ချယ်
ူငယ်ချင်း နန်းဆန်သူပဲဆိုတာ မှတ်မိသွား၏။

ဒါပေမယ့် ဆံနွယ်လေးတွေ ကွယ်နေတာကြောင့်
သေချာအောင် သူ ထပ်တစ်ခါ စူးစိုက်ကြည့်သည်။

မီးရောင်ပြာလဲ့လဲ့အောက်မှာ တစ်ယောက်တည်း ထိုင်
ေးမောကာ သီချင်းဆိုတဲ့ စင်မြင့်လေးဆီ ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘေးတိုက် မျက်နှာလေးမှာ ပါးမို့မို့လေးနှင့် ကလေး
စွာ ချစ်စရာကောင်းနေတာမို့ လူမမှားနိုင်. . .။

ဒါ နန်းဆန်သူလေးပါပဲ. . .။

သူ သွားနှုတ်ဆက်ဖို့ တွေးသည်။

သို့သော် ခေါင်းထဲကို ဖျတ်ကနဲ ရောက်လာတဲ့အကြော
တစ်ခုက သူမမှာ ဘာကြောင့် အဖော်မပါ တစ်ယောက်ထဲ
ဖြစ်နေတာလဲ။ ဒီကို တစ်ယောက်တည်းတော့ လာမှာမဟုတ်

ထိုအတွေးနှင့် နောင်လင်း မျက်မှောင်ကုပ်သွားမိ

နန်းဆန်သူက မျက်ချယ်နှင့်ပဲ လာတာလား. . .။

ဒါဆို မျက်ချယ်ကရော. . .။

တစ်စုံတရာက စေ့ဆော်သလို သူ့ရင်ထဲ အလိုလို
ကာ သံသယ ဝင်လာသည်။

"မင်းတို့လျှောက်နှင့်. . ."

အတူပါလာတဲ့ ဘော်ဒါနှစ်ယောက်ကို အပေါ်သွား
ဆိုတဲ့ လက်သင်္ကေတလုပ်ပြရင်း သူက ခွဲထွက်လိုက်ပါသည်

ဘော်ဒါနှစ်ယောက်က ကတ္တရာလမ်းအတိုင်း ရှေ့ဆ
လျှောက်သွားလျှင် သူ ဒီဇက် ဧရိယာထဲ ဖျတ်ကနဲ ချိုးကွေ
လာ လိုက်ပါသည်။





နန်းဆန်သူ ထိုင်နေရာသို့ တည့်တည့်မတ်မတ် လျှောက်
သာမိသည်။ နန်းဆန်သူက အဆိုစင်မြင့်လေးရှိရာသာ တစိုက်
တ်မတ် ငေးနေရာ ပတ်ဝန်းကျင်ဘေးဘီသို့ မမြင်မိပေ။

ဂျင်းဂျက်ကက်လေး ဝတ်ထားသော သူမပုံစံလေးက
နယ်ပျိုမျှစ်ချစ်စဖွယ် ကောင်းနေသည်။ လွတ်လပ်ပေါ့ပါးသော
ဆန်ပန်လေးနှင့် သကြားပြားတစ်ချောင်းကို မြိန်ရေယှက်ရေ စား
ာ သီချင်းနားထောင်နေဟန်က အေးအေးလူလူ. . .။

စကတ်အပြာရောင် ကိုယ်တိလေးကြောင့် ရှင်းကြော့
သော ကိုယ်နေဟန်ထားလေးကလည်း ပေါ်လွင်နေပါသည်။

နောင်လင်းသည် သူမကို အမှတ်တမဲ့ ငေးမိသွားရတာ
အမှန်. . .။

"ဟိတ်. . ."

အနားကပ်၍ အသံပြုလိုက်သည်။

"ဟင်. . . ကိုနောင်လင်း"

သူမမျက်လုံးလေးတွေက အံ့အားတသင့် ပြူးကျယ် ဝိုင်း
ကော်သွားလေသည်။

သူ့ကို ပြုံးကနဲ တွေ့လိုက်ရတာ တုန်လှုပ်သွားပုံလည်း
ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်လင်း ဘယ်ကိုလာတာလဲ"

"ဒီကိုပဲပေါ့"

သူ ခပ်တည်တည် ဖြေတော့ နန်း ပို၍ မလုံမလဲ ဖြစ်သွားသည်။ သူ့ချစ်သူအကြောင်းသိလို့များ တမင် နောက်ယောင်ခံလိုက်လာတာလား. . .။

အို. . . မဖြစ်နိုင်ပါဘူး. . .။

သူ့ကို မော့ကြည့်ရင်း နန်းမျက်နှာလေးက ခပ်ပျက်ပျက် စိုးထိတ်ဟန် ဖြစ်နေရ၏။

"နန်းဆန် ဘယ်သူနဲ့လာတာလဲ"

"ရှင်"

"တစ်ယောက်ထဲလား"

"ဟုတ်ကဲ့"

"ခင်ဗျားတစ်ယောက်ထဲ ဒီကိုလာပြီး သီချင်းနားထောင်တယ်ပေါ့"

သူက မဒိုးမခန့် ထပ်မေးသည်။ နန်းဆန်သူမှာ တထိတ်ထိတ်နှင့်ပဲ ခေါင်းညိတ်ရပါ သည်။

"ဘယ်သူမှ မပါတာ သေချာလား"

သူမေးပုံက မယုံသင်္ကာနှင့်. . .။





လူကို စေ့စေ့ကြည့်ကာ စစ်ဆေးမေးမြန်းပုံက နန်းမှာပဲ အပြစ်တစ်ခုခု ရှိနေသလို. . .။

မကျေနပ်ရင်လည်း သူ့ရည်းစားသူ သွားပြောပေါ့။

နန်းနဲ့ ဘာဆိုင်လို့လဲ. . . နော်။

နန်းဆန်ကလည်း သူ့ကို စူးစူးရဲရဲပဲ ပြန်စိုက်ကြည့်ထိုက်ပါသည်။

မီးရောင်အောက်မှာ နက်ရှုန်းရီလဲ့ကာ အရည်ဖိတ်တော့ဆို မျက်ဝန်းညို့ရီရီလေးနှင့် အဆုံးမှာ နောင်လင်းရင်ထဲ တစ်မျိုးကြီး အညို့ခံရသလို ဖြစ်သွားပါသည်။

ထိုတခဏ်မှာ သူ ဘာဖြစ်သွားမှန်းသလဲ သူ့ကိုယ်သူပင် မေးမလည်နိုင်။

အဖြစ်အပျက်လေးက ပြောရခက်အောင် မြန်ဆန်သသပ်သည်။ နက်ရှိုင်း ကျယ်ပြန့်သည်။

နန်းဆန် သူ့ကို စိတ်တိုတိုနှင့် အမြင်ကပ်မိရင်းကပဲ ဘယ်လိုကဘယ်လို သနားစိတ်က ဝင်လာမြန်သလဲ မသိချေ။

စိတ်ဆိုတာကလည်း ဆန်းကြယ်သားနော်. . .။

"ခင်ဗျား ကျွန်တော်မေးတာလည်း မဖြေဘူး"

"နန်းကို ရှင်က စစ်ဆေးနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"မျက်ချယ်ပါတယ် မဟုတ်လား"

"မပါဘူး"

"ခင်ဗျား မညာနဲ့"

"သြော်. . . ပြဿနာပဲ"

သူမ စိတ်ရှုပ်သလို ရေရွတ်လိုက်သည်။

နောင်လင်းက နန်းဆန်သူမျက်လုံးထဲ တည့်တည့်စို ကြည့်၍ အဖြေရှာနေသည်။ နန်းက အကြည့်ကို လွှဲရှောင်

သူ နန်းဘေးမှာ ရုတ်တရက် ထိုင်ချလိုက်သည်။ ကြောင့် နန်းရင်ထဲ ထိတ်ကနဲ လန့်သွားရပါသည်။

တွေ့လို့ နှုတ်ဆက်တာမို့လား၊ နှုတ်ဆက်ပြီးရင် လှည့် ထွက်သွားပေါ့။ ဘာလို့ သူက နီးနီးကပ်ကပ် လာထိုင်ရတာ

နန်းက စားလက်စ သကြားပြားလေး လက်ထဲကိုင် ဆက်မစားဘဲ သူ့ဖက် စောင်းငဲ့ကြည့်ပါသည်။

"ကျွန်တော်တတော့ မျက်ချယ်ပါတယ်လို့ပဲ ထင်တာ ဒါကြောင့် ခင်ဗျားပြန်မှ ကျွန်တော် ပြန်မယ်"

"နန်းက ပြီးတဲ့အထိ နားထောင်မှာ"

"ဘာဖြစ်လဲ. . . နားထောင်လေ"

"ရှင် ဒီနားမှာ မနေနဲ့"





"ဒါဆို မျက်ချယ် ဘယ်မှာလဲ. . . ပြော"

သူက အကျပ်ကိုင်သလို မေးလိုက်၏။

"ပါလာတယ်ထင်ရင် ရှင့်ဘာသာ သွားရှာပေါ့"

"ဒီလောက် အကျယ်ကြီး ဘယ်မှာရှာမလဲ၊ သူ့ကား ယ်မှာ ရပ်ထားသလဲ"

"မသိဘူး"

"ခင်ဗျားလိုက်ပြ. . . လာ"

"အို. . . ဘာလုပ်တာလဲ၊ လွှတ်. . ."

နန်းလက်ကို ရုတ်တရက် ဆုပ်ကိုင်ဆွဲထူသဖြင့် အလန့် ကြား ပြန်ရုန်းမိသည်။ အနီးအနားက လူတွေလည်း ကြည့်နေ ပြီ။ နန်း မျက်နှာလေးက ရှက်စိတ်နှင့် ပူနွေးသွားရပါသည်။

သူ ဘယ်လိုလူစားလဲ၊ စိတ်မြန်လက်မြန် ရှိလိုက်တာ။

"သူ ဘယ်မှာလဲ၊ ဘယ်ကောင်နဲ့ အတူရှိနေတာလဲ၊ အခု သွားရှင်းမယ်၊ လာ. . လိုက်ပြ"

"ဟင့်အင်း. . . နန်း မလိုက်နိုင်ဘူး"

"ဒါဆို ဘယ်မှာလဲ ပြော"

"မယုံဘူးဆိုရင် ရှင့်ဘာသာ လိုက်ရှာလေ၊ နန်းနဲ့ ဘာဆိုင် ဆိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ အတူတူလာပြီး ခင်ဗျားက ဒီမှာ လာရှော
ပေးနေတာ မဟုတ်လား"

သူ့စကားကြောင့် နန်း အထိနာ ငြိမ်သက်သွားရ
တကယ်တော့ သူ စွပ်စွဲသလိုလည်း ဟုတ်မှန်နေသည်
သူနှင့် မျက်ချယ်တို့ အခုနေ ထိပ်တိုက်တွေ့ရင် အ
အကျယ် ပေါက်ကွဲကြမှာ သေချာတာမို့ လိုက်လည်း မပြရဲ

နန်းက လက်ကိုရုန်း၊ သူက ဖွတ်ဆွဲခေါ်နှင့် ရှုပ်ယှ
ခတ်နေတာမို့ နန်းတစ်ကိုယ်လုံးလည်း ထူပူတုန်ယင်လာသည်

သူသည် လူရှင်းရာ ဒီဘက်သစ်ပင်အောက်သို့ နန်း
အတင်းအကျပ် ဆွဲခေါ်လာပါသည်။

မြင်တဲ့သူတွေကတော့ သမီးရည်းစားနှစ်ယောက် စိတ်
ကောက် ပြဿနာတက်နေပြီလို့ ထင်မှာ။ လူတွေက ကွက်ကြည့်
ကွက်ကြည့် လုပ်နေကြပြီ။

"ရှင်နော်. . . ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မလက်
လွှတ်၊ လက်တွေ တအားနာလှပြီ"

နန်းဆန်ရုန်းတော့ သူ နည်းနည်း ဖြေလွှတ်ပေး၏။
က နာကျင်နီရဲသွားသော သူမလက်ကောက်ဝတ်လေးကို ဖွ
သပ် ဆုပ်နယ်နေမိရင်း သူ့ကို မကျေမနပ် မျက်စောင်းခဲမိ





"သူ့ရည်းစား သူမနိုင်တိုင်း လူကိုလာမဲပြီး နှိပ်စက်နေ
တယ်၊ ဟွန်း. . . ရှင်တကယ် ပြတ်နိုင်ရင် ပြတ်လိုက်ပေါ့၊ ဘာမှ
သူများတွေကို မဆီမဆိုင် လာပေါက်ကွဲမနေနဲ့၊ သိပ်တွေ့ချင်ရင်
နားက ( . . . . . ) စားသောက်ဆိုင်လေးထဲမှာ ရှိတယ်၊ ဒါမှ
ဟုတ်လည်း သူတို့နှစ်ယောက် ကားထဲမှာ စကားပြောနေကြမှာ
ပေါ့"

"ဘာ. . . သူတို့နှစ်ယောက် ဟုတ်လား၊ ဘယ်ကကောင်
လဲ"

"ဘယ်ကကောင်လဲဆိုတာ ရှင့်ဘာသာရှင် သွားမေးပေါ့"

သူမရဲ့ဒေါသစကားတွေကြောင့် နောင်လင်းက မယုံနိုင်
သလို ငြိမ်တွေတွေကြီး ဖြစ်သွားပါသည်။

စိတ်မရှည် လက်မရှည် ကရုဏာဒေါသော မျက်စောင်း
လေးမှာ သူ့နှလုံးသားက အေးခဲငြိမ်သက်သွားရသည်မှာ မယုံနိုင်
ရာ။

သူမဟာ မျက်ချယ်ဘက်သားမဟုတ်ဘဲ ကိုယ့်ဘက်သား
သား။ လိမ်ညာကွယ်ဝှက်ပေးဖို့ ဝန်လေးစိုးရွံ့တဲ့ဟန်ပန်လေး
ကြောင့် နောင်လင်း စိတ်လှုပ်ရှားသွားရသည်။

ဟုတ်တော့လည်း ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ မျက်ချယ်က တစ်ခွန်းလေး ချွဲနွဲ့ဖြေရှင်းလိုက် တာနှင့် အရည်ပျော် ကျေနပ်ကျေအေးသွားတတ်ပေါင်းလည်း များပြီ။ သူမကိုမှ မဆီမဆိုင် ပေါက်ကွဲဒေါသဖြစ်နေမိတာပဲ။

မျက်ချယ် ရည်းစားများမှန်းလည်း သိပြီးသားပါ။ သူ့ အပေါင်းအသင်းတွေက မျက်ချယ် အသစ်ထပ်တွဲတိုင်းလည်း သတင်းပေးနေကျ. . .။

တစ်ခါတလေ မျက်ချယ်ရည်းစားလုပ်ရတာ မျက်နှာ အရှက်ကွဲစရာကောင်းမှန်း သူ စဉ်းစားမိသည်။

အခုလည်း ငွတ်တရွှတ် မရဲအရဲ မေးပြီး တကယ်တမ်း နန်းဆန်သူက မျက်ချယ် ဘယ်မှာရှိသလဲ ညွှန်ပြလိုက်တော့ သွားမကြည့်ရဲဘဲ တွေဝေမိပြန်သည်။

နန်းဆန်သူကလည်း စိတ်ဆိုးဆိုးနဲ့ ဒိုးဒိုးဒေါက်ဒေါက် ပြောချပြီးမှ မှားသွားပြီလားဟု ချက်ချင်း နောင်တရသည်။

သူ့မျက်နှာကို မရဲတရဲ မော့ကြည့်အကဲခတ်မိရင်း. . .

"ကိုနောင်လင်း. . . အေးအေးဆေးဆေးပဲ ဖြေရှင်း နော်၊ ရန်တွေဘာတွေတော့ မဖြစ်လိုက်ပါနဲ့"

သူက မေးကြောတွေတင်းအောင် အံကြိတ်ငြိမ်သက်နေ ဆဲ။





"မျက်ချယ်နဲ့ ဖရက်ဒီက သာမန်မိတ်ဆွေပုံစံမျိုးပါ၊ နန်းမက စိတ်အေးလက်အေး သီချင်းနားထောင်ချင်လို့ ဒီဖက် ထွက်လာတာ၊ သူတို့ကို ရှောင်ပေးတာ မဟုတ်ဘူး၊ ရှောင်ပေး ချင်ရင် နန်းကို မျက်ချယ်က ဘယ်ခေါ်လာပါ့မလဲ၊ သူတို့ နှစ်ယောက် မိတ်ဆွေမို့လို့သာ. . ."

"ကျွတ်. . . သွားစမ်းပါ၊ ဘာမိတ်ဆွေလဲ"

သူက နန်းစကားမဆုံးခင် ဖြတ်ဟောက်လိုက်၏။

ဩော်. . . နန်းပဲ ဒီ ဒေါသစက်ကွင်းက မလွတ်ဘဲ ဖြစ် နေပါလား။ မျက်ချယ်ကတော့ ခပ်ဝေးဝေးမှာ အေးရာ အေး ကြောင်း ကြည်နူးနေသည်။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် လွတ် လပ်လပ်လပ် တွေ့ဆုံချိန်းတွေ့တာ ရိုးသားမှု ရှိတယ် ဟုတ်လား။ ဒီလို ခင်ဗျားသာဆို ကျွန်တော်နဲ့ ချိန်းတွေ့မလား. . ပြော"

"အို. . . လာပြန်ပြီ၊ နန်းနဲ့ ဘာဆိုင်လို့လဲ"

"ခင်ဗျားလည်း ကိုယ့်သူငယ်ချင်းကို နည်းနည်းပါးပါး ဆုံးမသင့်တယ်"

"ရှင့်စကားဆို ပိုနားထောင်မှာပေါ့၊ မျက်ချယ်ကို ရှင် ကိုယ်တိုင် ရအောင်ထိန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နားမထောင်လို့ ခက်နေတာလေဗျာ"

"ဒါဆို နန်းပြောရင် နားဝင်ဖို့ ပိုတောင်ဝေးသေး

"တောက် . . . တွေ့ရင်တော့ ဒီကောင့်ကို ဆွဲထိုး
မယ်"

"နန်းလည်း အဲဒါကိုပဲ စိုးရိမ်တာ၊ ကဲ . . . ရှင်ပြန်

"ရင်ဆိုင်ဖြေရှင်းလိုက်တာ ပိုကောင်းမယ် ထင်

"ဟယ် . . . အဲလို ဘယ်ဖြစ်မလဲ၊ ကျွန်မက ရှင့်ကို ခေါ်ပြီး ချောက်ချသလို ဖြစ်မှာပေါ့၊ ကျွန်မနဲ့ မျက် တစ်သက်လုံး မုန်းသွားအောင် ရှင်လုပ်မလို့ပေါ့လေ"

သူက ဘာမှမဖြေဘဲ ပေကတ်ကတ် ရပ်နေဆဲ...

တကယ်တမ်း နန်းဆန်ဆီက အမှန်စကားကို တော့လည်း နောင်လင်း ရင်ဆိုင်ဖြေရှင်းဖို့ တွန့်ဆုတ်နေ သည်။

နန်းဆန်က ရှေ့က ကာကွယ်ပေးနေတာ၊ ဖုံးကွယ် ဝှက်ပေးနေတာကိုပဲ သူ မခံချင်ဖြစ်မိတာ။

မျက်ချယ်မှာ ယောကျာ်းလေးမိတ်ဆွေ ပေါများ တကယ်တမ်း သူမသိတာလည်း မဟုတ်။

သိပြီးသားပါ။





စ၊ ကြိုက်မိပြီးတာနှင့် မျက်ချယ်အကြောင်းတွေ အကုန် စ်စတစ်စ သိခွင့်ရခဲ့တာမို့ ပြောရမည်ဆိုလျှင် သူ နားမဆံ့ ော့။

မျက်ချယ်၏နှင့် ပတ်သက်လျှင် သူ့နှလုံးသားက အရည် သင့်သလောက် ထုနေခဲ့ပြီလို့ ဆိုနိုင်သည်။

အခုလည်း ချက်ချင်းတော့ ရှုံးရှုံးရှားရှား ဖြစ်မိတာပင်။ ချာစဉ်းစားတော့လည်း သူနှင့် မျက်ချယ်ကြားမှာ ထို အဖြစ် ျက်မျိုးတွေက ကြုံနေကျပုံစံလို ဖြစ်နေပါပြီ။

"ရှင် အခုနေ သူတို့ရှေ့ ဘွားခနဲ ရောက်သွားရင် က်ချယ် လန့်တော့ လန့်သွားလိမ့်မယ်၊ ဒါပေမယ့် နန်းနဲ့တွေ့ခဲ့ ာသိရင် ပြောပြရပါ့မလားလို့ နန်းကို အရမ်းစိတ်ဆိုးလိမ့်မယ် င်တယ်၊ ဒီတစ်ကြိမ်တော့ မသိချင်ယောင်ဆောင်ပြီး ခွင့်လွှတ် းလည်ပေးလိုက်ပါလား"

"ကျွန်တော် အဲလို ခွင့်လွှတ်နားလည်ပေးခဲ့ရပေါင်းလည်း ပြီ"

အဆုံးစွန် သည်းခံပြီး ချစ်တတ်သော သူ့အချစ်မျိုးက ားစားစရာကောင်းသလား။ အလျှော့ပေး အညှံ့ခံလွန်းရာ ည်း ရောက်ချင်ရောက်နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နန်းကတော့ သူတို့ သမီးရည်းစား ယောက်ကြားမှာ တရားခံ အဖြစ်မခံနိုင်။

ဟောဒီ ပါးစပ်က ဘာကြောင့် လွှတ်ကနဲ သွားပြော တာလဲ။ နန်း ကိုယ့်ဘာသာ အပြစ်တင်မိသည်။

သူက နှုတ်ခမ်းလေးကိုက်ကာ တိတ်ဆိတ်သွားသ နန်းကို ကြည့်ပြီး. . .

"ကျွန်တော် မျက်ချယ်ကို စိတ်လည်း ပျက်နေပြီ ဖုန်းဆက်ရင်တော့ ကျွန်တော်တို့နှစ်ယောက် ဖုန်းထဲမှာ ရန်ဖြ ဦးမှာပဲ"

သူက ညည်းညည်းညူညူ ဖွင့်ဟ၏။

သူ့အမူအယာကလည်း ပြောင်းလဲသွားပါသည်။

သို့ပေမယ့် သူ အရည်ပျော်ယိုင်နဲ့အောင် မျက်ချယ် လျှောက်လဲချက်ပေးပြီး ပြန်ချော့မော့တတ်တယ်ဆိုတာ န သိသည်။

သူဟာ မျက်ချယ်ရဲ့ ညှတ်ကွင်းကနေ လွယ်လွယ် ထွက်နိုင်မှာ မဟုတ်ပါ။

မျက်ချယ် ဘာတွေပဲ အမှားလုပ်လုပ် သူ့ဖက်က အ ယူဖို့ မလွယ်ကူ။





လှည့်စားတတ်သော မာယာတောမှာ မျက်စိလည် လမ်းပျောက်နေသူတစ်ယောက်မို့ တစ်ခါတစ်ခါတော့လည်း နန်းက သူ့ကို အားမလို အားမရ ဖြစ်မိပါသေးသည်။

မျက်ချယ်ရဲ့ အလိမ်အညာ မာယာလေးတွေကြားမှာ ပျော်ပါနေသူတစ်ယောက်မို့ ဘေးက ကြည့်ကာ နန်း ရင်မောသည်။

မပြတ်သားတာဟာ အချစ်ရဲ့ မဏ္ဍိုင်တစ်ခုလည်း ဖြစ်နိုင်သည်။ သူ့အပေါ် မကောင်းမှန်းသိလည်း သူ့ခမျာ ခွင့်လွှတ် ဘာ့ခိုင်း မထွက်ခွာနိုင်ရှာ။

"နန်းဆန်ကို အနှောက်အယှက် ပေးမိတာ အားနာပါ တယ်၊ သီချင်းနားထောင်ရင် ဆက်နားထောင်လေ"

အခုတော့လည်း တစ်မျိုးဖြစ်သွားပြန်ပါ၏။

အခုနတုန်းကတော့ သူပဲ ရှုံ့ရှုံ့ဒိုင်းဒိုင်းနှင့် ပေါက်ကွဲ တော့မလို ဒေါသတွေ ပြင်းထန်နေတာ. . .။

"ကျွန်တော် ဖွတ်ဆွဲခေါ်လို့ နန်းဆန်လက်ထဲက သကြား းမုန့် လွတ်ကျသွားပြီ ထင်တယ်၊ ကျွန်တော် ပြန်ဝယ်ပေးမယ်၊ မှာ ခဏစောင့်"

"အို. . . နေပါစေ၊ ရပါတယ်. . . မဝယ်ပေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှက်ရှက်နှင့် ခေါင်းယမ်းသည်။

သူက နန်းကို ကလေးတစ်ယောက်လို လွတ်ကျတဲ့ မုန့်ကို ပြန်အစားထိုး ဝယ်ပေးဦးမတဲ့။

ဘယ်လိုမုန့်ကို မသိပါဘူး။

အခုန ရန်လိုစိတ်တိုနေတာ သူ မဟုတ်တော့သလို အ... တည်ငြိမ်သွားသည်။

သူလည်း နန်းလိုပဲ 'စနေ' ထင်သည်။ စနေသားမို့ စိတ်... ကြီးကာ ရှုးရှုးဒိုင်းဒိုင်း မဟုတ်မခံသမား ဖြစ်နေတာနေမှာ... ပြီးလျှင် ချက်ချင်း ဒေါသ ပြန်ပြေတတ်ပုံရသည်။

"ဒါဆို ကျွန်တော် သွားတော့မယ်. . . ကျေးဇူးပဲ"

သူက စိတ်မြန်မြန် လှည့်ထွက်ကျောခိုင်းသွားပါသည်။

နန်းဆန်သူသည် နောင်လင်းကို ကျောပြင်လေးကို ... မောနေမိကာ အချစ်ရေးမှာ ကျရှုံးနေသူတစ်ယောက် မဖြစ်သ... ပါဘူးဟု မချင့်မရဲ တွေးမိသည်။

သူ့ရုပ်ရည် သူ့ပုံစံ၊ သူ့ပညာ၊ သူ့အနေအထားနှင့် သူ... အပေါ် ဖြူဖြူစင်စင် အားကိုးတွယ်တာ ချစ်မြတ်နိုးမည့် မိန်း... လေးတစ်ဦး ရသင့် ရှိသင့်တယ်ဟု ထင်မိသည်။

မျက်ချယ်ဇင်နှင့် သွားတွေ့တာ သူ ကံမကောင်းလို့...





ခွင့်လွှတ်တတ်ခြင်း၊ အနစ်နာခံတတ်ခြင်းရဲ့ နောက် ...မှာ သူ့အတွက် ကံကောင်းခြင်း ဆုလဒ်တွေ တစ်ပုံတစ်ပင် ...ဦးမှာပါလေဟု နန်းက သူ့ကိုယ်စား ဖြေသိမ့်တွေးလေး တွေး ...ပါသည်။

တစ်စတစ်စနှင့် နန်းမြင်ကွင်းကနေ သူ ပျောက်ကွယ် ...းမှ ပင့်သက်ကလေး ရှိုက်မိလေသည်။

အဆိုစင်ဖက် ပြန်သွားဖို့လည်း နန်းဆန် စိတ်မပါတော့

အခုနထိုင်ခဲ့တဲ့ ရှမ်းခေါက်ဆွဲဆိုင်လေးဖက်သို့ ပြန် ...က်လာခဲ့ရာ မျက်ချယ်တို့နှစ်ယောက်သား အခုမှ စကား ...ပြောပြောနှင့် ဆိုင်ပြင် ထွက်လာကြတာ တွေ့ရသည်။

"သီချင်းက ပြီးပြီလား. . . မြန်လိုက်တာ"

"မပြီးသေးပါဘူး"

"ပြန်တော့မလို့လား. . . နန်းရဲ့"

မျက်ချယ်က ပြုံးစစလေး နောက်ပြောင်သလို မေးသည်။ ...ကြည့်ရတာ ပျော်နေပုံပင်။ ဖရက်ဒီက ပရိုပို့စ် လုပ်လိုက်လို့ ...မြူးနေတာလားမသိ။

မျက်ချယ်က သူ ပြန်ချစ်တာ မချစ်တာ အသာထား

www.burmeseclassic.com



ကောင်ကလေးတွေ သူ့ကို ချစ်ရင်ပဲ သဘောကျ...
တတ်တာ။

"နင်တို့က မပြန်ချင်သေးဘူး ဆိုပါတော့လေ"

"တစ်ပတ်လောက် လမ်းလျှောက်ရအောင်. . . လာ...

မျက်ချယ်က နန်းလက်ကို ဆွဲခေါ်၏။

နန်း ငြင်းဆန်မှာစိုးတဲ့ ပုံစံ. . .။

ထို့နောက် သုံးယောက်အတူ တခဏတော့ လေ...
ခံ လမ်းလျှောက်ကြ၏။

နန်းက အခုနေ နောင်လင်းနှင့် ပြန်တွေ့မလား ...
ရှာဖွေမိသည်။

သူ ပြန်သွားပြီလား။ မျက်ချယ် တွဲတာ ဘယ်သူလဲ...
မစူစမ်း မလေ့လာတော့ဘူးလား။

နောင်လင်းကို နန်း နားမလည်။

မျက်ချယ်ကို နောင်လင်းနဲ့ တွေ့တာ ပြောပြချင်သေး...
ဖရက်ဒီ ရှိနေတော့ ပြောပြလို့မရ။

မျက်ရိပ်ပြ အချက်ပေးရအောင်လည်း အဲဒီ မျက်ချ...
တစ်ချိန်လုံး သူ့လူကြီးမျက်နှာကိုပဲ မော့မော့ငေးငေး ...
ရယ်ရယ် လုပ်နေတာ။





ယောကျာ်းလေးတစ်ယောက်ရှေ့ကို ရောက်ပြီလားဆိုရင် မျက်ချယ်ပုံလေးက နူးညံ့ချိုသာပြီး ဟန်ပန်တွေလည်း အလွန်များတာလေ။

နန်းဖက်ကို သူ ကြည့်ကို မကြည့်နိုင်တာ။

နန်း စိတ်ဆိုးပြီး ပြန်သွားမှာကြောက်လို့ လက်တစ်ဖက်ကိုတော့ မလွှတ်တမ်း ဆုပ်ကိုင်တွဲထားပါသေးသည်။

ဓာတ်လည်း တတ်နိုင်တဲ့မိန်းမ။

ကြည့်နေ. . . နောက်ရည်းစားနဲ့တွဲတာ လက်ရှိရည်းစားနှင့် ပက်ပင်းတိုးတော့မှ. . .။

နန်းက မျက်ချယ်လက်ဖျားကို နာနာဆိတ်ပစ်လိုက်၏။

"ဟင်. . . ဘာလဲ"

မျက်ချယ်က ဒီဖက်လှည့်ပြီး မေးသည်။

"နောင်လင်း"

နန်းက နှုတ်ခမ်းလှုပ်ရုံလေး အမည်ရွတ်ပြ၏။

နန်း နှုတ်ခမ်းအလှုပ်ကိုကြည့်ပြီး မျက်ချယ် လှစ်ခနဲ သဘောပေါက်သွားပါသည်။

ဘေးက ဖရက်ဒီ မမြင်အောင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

ဟု အမူအယာနှင့် မေးသည်။

"ဒီထဲမှာပဲ"

နန်း တီးတိုးလေး ကြားရရုံ အသာပြောတော့ မျက်ချယ် ခေါင်းညိတ်သည်။

ပြီးလျှင် ဖရက်ဒီနား သိပ်မကပ်တော့ဘဲ အနည်းငယ် ခွာလျှောက်၏။

နန်းတို့ သတိဆွဲ ရှာဖွေကြည့်နေပေမယ့် နောင်လင်းကို မတွေ့တော့ပါ။ လမ်းလျှောက်ပြီး ကားဆီ ပြန်ရောက်တဲ့အထိပင်။

ကားတံခါးဖွင့်ပြီး ကားပေါ်တက်မှ ခပ်လှမ်းလှမ်းမှာ ထိုင်နေတာ နန်း တွေ့သွားရသည်။

သူငယ်ချင်းတွေနှင့် အတူထိုင်ရင်း ဒီဖက်ကို မသိမသာ အကဲခတ် လှမ်းကြည့်နေတာ။

မျက်ချယ်ကားကိုတွေ့တော့ အနီးအနားမှာ တမင် စောင့်ကြည့်နေတာပေါ့လေ။

ဖရက်ဒီကို သူ စူးစူးစိုက်စိုက် ကြည့်နေသည်။

နန်းထင်သလို မျက်ချယ်ရှေ့မှောက် ရောက်လာကာ ပြဿနာလည်း မရှာပေ။





မျက်ချယ်က သူ့ကို တွေ့ပင်မတွေ့. . .။

သူ့အရှိန်နှင့်သူ ဖရက်ဒီနှင့် စကားပြော မပျက်ပေ။

နောင်လင်းရဲ့ ဟန်မပျက် အေးစက်စက် စိုက်ကြည့်နေဟန်ကို နန်း ကျောထဲပင် စိမ့်ကနဲ ဖြစ်ရသည်။

သူ မျက်ချယ်အပေါ် နာကျည်းမုန်းတီးသွားပြီလား။

စိတ်ပျက်နေတာတော့ သူ ဝန်ခံခဲ့သည်။

စိတ်ပျက်ပျက်နှင့်ပဲ ဆက်ချစ်သွားဦးမှာ မဟုတ်လား နောင်လင်းရယ်. . . ဒါဆို ပြီးပြီပေါ့. . .။

သူ အသစ်တွဲလည်း ရှင်က သဘောထားကြီးကြီးနဲ့ ခွင့်ပြုရမှာပဲ မဟုတ်လား။

ရှင့်အချစ်က အတော်အံ့သြစရာ ကောင်းတာပဲနော်။

သဝန်တိုခြင်း ကင်းကင်းနဲ့ အင်မတန် လိုက်လျောစိတ်ရှည်နိုင်ဆုံး အချစ်ပါပဲ။

ရှင့်လို ပေးဆပ်နိုင်တဲ့ အချစ်မျိုး နန်း အရင်က မမြင်ဖူးသေးဘူး. . . သိလား။

နန်းစိတ်ထဲမှာ သူက ထူးခြားဆန်းကြယ်သူတစ်ယောက် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖရက်ဒီနှင့် တွဲနေရင်းကပင် မျက်ချယ်က နန်းတို့ မထား မှတ်သော အခြေအနေတစ်ခုကို ဖန်တီးလိုက်လေသည်။

“ငါ ဒီဆန်းဒေးမှာ အင်ဂေ့ချ် လုပ်တော့မယ်”

မျက်ချယ် ပြောလိုက်တာကို ရုတ်တရက် သူမ နား မလည်။

“သာရယ်. . . မျက်ချယ်”

“ငါ့ခဲအိုရဲ့ ဘော်ဒါပဲလေ၊ နင်တော့ မြင်ဖူးမလား မသိ ဘူး၊ ဦးလှိုင်ဖြိုးဆိုတဲ့သူ. . . ငါတို့ စေ့စပ်ထားလိုက်မယ်”





“ဘုရားရေ. . နင်က ယောကျ်ားယူတော့မယ်၊ တကယ် အား တကယ်ဆုံးဖြတ်လိုက်ပြီလား၊ ကိုနောင်လင်း မသိသေးဘူး လား၊ သူ နင့်ကို မတားဘူးလားဟင်”

နန်း မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အမောတကော မေး သည်။

မျက်ချယ်ပုံစံလေးက တည်တည်ငြိမ်ငြိမ် ခပ်အေးအေးပဲ ရှိသည်။

“ကိုဖြိုးကို လက်ခံလိုက်မှတော့ အားလုံးကို ဖြတ်ချပြီး တော့တာလုပ်ရတော့မှာပေါ့”

“ကိုနောင်လင်းကိုရော”

“သူ့ကိုလည်း ဘိုင့်ဘိုင်ပဲပေါ့”

“ဟယ်. . . နင်ကလည်း အဲလောက်တော့ မရက်စက် ပါနဲ့”

နောင်လင်းတော့ မသိ။

နန်းပင် ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။

“မတတ်နိုင်ဘူးလေ နန်းရယ်၊ ကိုယ့်လမ်းကိုယ်လျှောက်ရ မှာပဲ၊ နင် သူ့ကို သနားရင် ကြိုတင် သတင်းပေးလိုက်ပေါ့”

“ဟင့်အင်း. . . သူခံစားရမယ့်ကိစ္စ ငါ မပြောချင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



နန်းက နောင်လင်းကို အသိမပေးရက်ပါ။

မျက်ချယ်ကလည်း စစ်ကို မကြေညာဘဲ တိုက်သည်

မျက်ချယ် စေ့စပ်တဲ့သတင်းသာကြားရင် သူ ဘ လောက် တအံ့တသြ ပေါက်ကွဲလိုက်မလဲ။

သူ့နှလုံးသားထဲ သိပ်နာကျင်သွားတော့မှာပဲ။

သူ ရှက်လည်း ရှက်သွားလိမ့်မည်။

သူ့ကိုတွေ့ရင် နန်း ဘယ်လို နှစ်သိမ့်စကားမျိုး ပြော မလဲတောင် မစဉ်းစားတတ်ပါဘူး။



မတွေ့တာ ကြာမြင့်လှပြီဖြစ်သော နောင်လင်းနှင့် နန်းဆန်သူကြားမှာ အဆက်အစပ်တစ်ခုက မျှော်လင့်မထားဘဲ ပေါ်ပေါက်ခဲ့ရပါသည်။

အိမ်မှာ အတူလာနေသော ညီမဝမ်းကွဲလေး သဇင်က သူ့အိမ်ရှိရာ မော်တီသွားဖို့ အဝတ်အစားအိတ်လေး ပြင်ရင်း နန်းကိုပါ. . .

"မမနန်း. . . မနက်ဖြန် လိုက်ခဲ့ရမယ်နော်"

"လိုက်တော့ လိုက်ချင်ပါတယ်"

"တနင်္ဂနွေပဲ. . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က တစ်ယောက်တည်း ပြန်မှာမှ မဟုတ်ဘဲ သဇင်ရဲ့"

သဇင့်မျက်နှာလေးက ပြုံးစိစိ မလုံမလဲ ဖြစ်သွားကာ. .

"ကိုကျော်သက် ပါမှာမို့လို့လား၊ ဇင်က သူ့ကို မေမေ့ကို တစ်ခါတည်း မိတ်ဆက်ပေးလိုက်ချင်လို့ပါ မမနန်းရယ်၊ မေမေက အိမ်သစ်လေးဆောက်ပြီးကာစဆိုတော့ အိမ်သစ်တက်ပုံစံလေးလည်း ကျွေးမွေးချင်တာဆိုတော့ အတော်ပဲ၊ ချစ်သူဖြစ်တာ သုံးလပဲ ကျော်နေပြီ၊ သူက ဇင့်အိမ်မှ မရောက်ဘူးသေးတာ၊ တော်ကြာ ရန်ကုန်မှာနေတဲ့ သူဌေးမလေး ထင်နေမယ်၊ ဇင်တို့က သာမန်လူတန်းစား ပန်းစိုက်စားတဲ့သူဆိုတာ ကိုသက်ကိုလည်း သိစေချင်လို့ပါ"

"အံမယ်. . . ပန်းစိုက်စားတယ်ဆိုပေမယ့် လေးငါးဧက ခြံတွေ ပိုင်ပါတယ်နော်၊ ကိုယ်ပိုင်ခြံနဲ့ တိုက်နဲ့ပါ၊ ပန်းစိုက်တာလည်း ရှင်ကိုယ်တိုင် စိုက်ရတာမဟုတ်ပါဘူး ဇင်ရဲ့၊ ရှင်တို့အိမ်မှာ အလုပ်သမားတွေ အပြည့်နဲ့ပါ၊ မသိတာကျလို့. . . ဟွန်း"

နန်း မျက်စောင်းချီကာ ပြန်ပြောလျှင် သဇင်က ရယ်သံလေးနှင့် သူမခါးကို အသာ လာဖက်လိုက်၏။

သဇင်က မော်ဘီမှာ နေတယ်ဆိုပေမယ့် ကျောင်းဖွင့်



BURMESE CLASSIC .com



ရက်ဆို နန်းတို့အိမ်ရောက်နေတတ်တာမို့ ညီအစ်မနှစ်ယောက်သား တရင်းတနှီးနှင့် ပျော်စရာ ကောင်းနေရပါသည်။

"ဘာပဲဖြစ်ဖြစ် မနက်ဖြန် မမနန်း လိုက်ခဲ့ရမယ် ဒါပဲ"

"အစောကြီး သွားရမှာ မဟုတ်လား"

"ဇင် နှိုးလိုက်မှာပေါ့"

သဇင်က မနက်ငါးနာရီ ပုံမှန် အိပ်[illegible]ပေမယ့် နန်းက ခုနစ်နာရီတောင် အိပ်ရာက မထချင်ဘူးလေ။

"နှိုးတာက ဟုတ်ပါပြီ၊ ဇင့်ကို ဟိုတစ်ယောက်က လာခေါ်မှာပေါ့"

"အင်း. . ."

"ဟို ပြိုင်ကားနဲ့ပဲလား"

သဇင့်ချစ်သူ ကျော်သက့်က (Toyota Celica) ပြိုင်ကားအက်ဖူးစိမ်းလေး မောင်းတတ်သူမို့ နန်းက မေးလိုက်တာဖြစ်သည်။

"အင်းပေါ့. . အဲဒီကားနဲ့ပဲ ခေါ်မှာပေါ့"

"ဒါဆို. . . ကျုပ်က နောက်ခန်းထဲ ကျော်ခွဝင်ထိုင်ရဦးမယ်"

"မမနန်း ရှေ့မှာထိုင်လေ"

"ထိုင်စရာလား. . . သူများ သမီးရည်းစားကြားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မလိုက်ချင်ဘူးပြောနေတာ၊ ရှင်တို့ဘာသာပဲ လွတ်လွတ်လပ်လပ် သွားကြပါလားဟယ်”

နန်းရဲ့ကံကိုက သမီးရည်းစားကြား ပါတတ်နေတတ်သော ကံမျိုးပဲလား မသိပါ။

တော်ကြာ ဝင်မလိုက်ချင်ဘဲ လိုက်နေရဦးမည်။

“မမနန်းပါ ပါတော့ ပိုကြွေရတာပေါ့၊ ဖေဖေလည်း မမနန်းကို အလည်ခေါ်နေတာ ကြာလှပြီဥစ္စာ. . . နော်”

ပန်းစိုက်ခင်းတွေ တမျှော်တခေါ်နှင့် သဇင်တို့ မော်ဘီခြံက သာယာလှပ အေးချမ်းတာကိုတော့ နန်းက နှစ်သက်သဘောကျပါသည်။

အစကတော့ လိုက်မည်ရယ်လို့ စီစဉ်ပြီးသား။ အခုလားက သဇင့်ရည်းစားပါမှာမို့လို့။

“ကိုသက်ကလည်း သဘောကောင်းပါတယ်”

“သဘောကောင်းပေမယ့် ရှင်နဲ့ နှစ်ယောက်တည်း သွားချင်မှာပေါ့၊ အချစ်ကလေးကို တင်ပြီး. . . ပြိုင်ကားမော မောင်းပြီး. . .”

“မမနန်းကလည်း”

သဇင်က ရှက်စနိုးရယ်၏။





ထိုညမှာ တော်တော်နှင့် မအိပ်ကြဘဲ ညီအစ်မနှစ်ယောက်သား စကားတွေ တဝကြီး ပြောနေမိကြသည်။ နောက်ဆုံးတော့ သဇင်က တဖွဖွ ခေါ်နေသဖြင့် မနက်ဖြန် နံနက် မော်ဘီ လိုက်သွားရန် ဆုံးဖြတ်လိုက်ရပါသည်။

နန်း လိုက်မယ်ကတိပေးမှ သဇင်လည်း ကျေနပ်သွား၏။

ဒီတော့မှပဲ အသံတိတ်ပြီး အိပ်စက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျော်သက်ရာ. . . မင်းရဲ့အိမ်တက်အလှူဆိုတာ
လည်း မော်ဘီထိအောင် သွားရမှာလားကွာ၊ ဓာတ်ဆီကုန်
ပွန်းနဲ့ မစားသာပါဘူး၊ မသွားရင် မဖြစ်ဘူးလား"

သူတို့ဘော်ဒါတွေ ဆန်းဒေးညနေတိုင်း ဘောလုံး
နေကျမို့ ရှေ့တန်းတိုက်စစ်မှူးလေး ကျော်သက်ကို နောင်လင်း
မပါမဖြစ် ပါစေချင်ပါသည်။

အသင်းထဲမှာ အားကိုးအားထား အမောခံ အပင်
ခံနိုင်ဆုံးက ဒီကောင်ပဲလေ။

ကျော်သက်က ခေါင်းကို ဖွကုတ်ကာ. . .

"မသွားလို့ မဖြစ်လို့ပါကွာ၊ ဒီတစ်ရက်တည်းပါ"

"ညနေ ဘယ်အချိန် ပြန်ရောက်မှာလဲ"





ကျော်သက်က မဖြေ။ ရှားရှားပါးပါး ချစ်သူလေးက အလည်ခေါ်တုန်း သူ့အိမ်သွားရမည့်ကိစ္စမို့ ကျော်သက် ညကတည်းက အိပ်မပျော်ဘဲ ရင်ခုန်နေခဲ့တာ။

ခုမနက် အိမ်က ထွက်ခါနီးမှ နောင်လင်းက အချိန်ကိုက် ပေါက်ချလာတာလေ။

နံနက်စာ ဘရိတ်ဖတ်စ် အတူသွားစားဖို့ သူ့ကို လာခေါ်ချိန်မှာ သူက သားသားနားနား အပြင်သွားဖို့ မွှေးကြိုင်စွာ အသင့်ဖြစ်နေပြီ။

ဝတ်ထားတဲ့ အပေါ်ကုတ်က ခရင်မ်ကာလာ. . .။ ဘောင်းဘီက အနက်ပေါ် အဖြူမျဉ်းသေး မတ်တပ်စင်းလေးတွေပါသည်။ အတွင်းက ရှပ်ကလည်း အနက်ဖက်ရောက်တဲ့ ခဲရောင်။

ကျော်သက် ဒီမနက် သိပ်သားနားနေပါလားဟု သတိထားမိတာနှင့် တပြိုင်နက် နောင်လင်း တစ်စုံတရာကို ချက်ချင်း သတိရသွားသည်။

"ဟာ. . . ဟေ့ကောင် မင်း မှန်မှန်ပြောစမ်း၊ ဟိုတုလောက မင်းလိုက်နေတဲ့ YUFL က ကောင်မလေးက မော်ဘီက မို့လား၊ မင်းနဲ့ အဆင်ပြေသွားလို့ ကောင်မလေးအိမ်သွားဖို့ မို့လား၊ ဒါမျိုးတော့ ဗိုင်မလျှိုနဲ့လေကွာ. . . မရဘူး၊ ငါပါ လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင်လင်း အတိအကျ ပြောနိုင်သဖြင့် ကျော်သက်
မငြင်းဘဲ ပြုံးစိစိ လုပ်နေသည်။

"လိုက်နိုင်ရင် ကိုယ့်ကားနဲ့ ကိုယ်လိုက်၊ ငါ့ကားမှာ
သဇင့်အတွက်ပဲ နေရာရှိတယ်"

"ဩော်. . . မင်းက ဒီလိုလား၊ နောင်လင်းတို့က မခေါ်
ရင် ပိုလိုက်ချင်တယ်. . ရတယ်၊ ငါ့ဂျစ်ကားထဲမှာ ဆီအပြည့်
မနေ့ကမှ ထည့်ထားတာ၊ ငါ့ကား ငါမောင်းပြီးတော့ကို လိုက်
နှောက်ယှက်လိုက်ဦးမယ်"

"ဒါဆိုရင်တော့ မင်းသဘောပဲ၊ ညနေ ငါတို့နှစ်ယောက်
လုံး ပျောက်နေရင် ဟိုကောင်တွေ ပွစိပွစိ ပြောမှာနော်"

"လုပ်ပစေ"

BURMESE CLASSIC .com

သူ့အကျင့်က ကျော်သက်မပါရင် ဘောလုံး မကစား
ချင်တာဘဲ သူနှင့် ကျော်သက်က ကွင်းထဲရောက်ရင် အပေးအယူ
မျှတသည်။ သူပေးလိုက်တဲ့ ဘောလုံးကို ကျော်သက်က ဂိုးထဲ
တည့်တည့် ကန်နိုင်တာချည်းပါပဲ။

အရမ်း အချိတ်အဆက်မိတာမို့ အားလုံးက ချီးမွမ်းရတဲ့
နှစ်ယောက်ပါ။ ပထမတော့ နောင်လင်းက ကျော်သက်ကို တမင်
သက်သက် နောက်ပြောင်ခြိမ်းခြောက်နေမိတာ။





နောက်တော့ ဘာရယ်မဟုတ် သူလည်း ဒီနေ့ အားလပ်
တာမို့ ဖေဖေ့ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောကာ
ကျော်သက်နှင့် ကားတစ်စီးစီ အတူတူ ရှေ့ဆင့်နောက်ဆင့်
မောင်းထွက်လာခဲ့သည်။

ကျော်သက်က သူ့ကောင်မလေး အိမ်ဝင်ခေါ်ရမယ်သာ
ပြီး လိပ်စာ အတိအကျ မသိတာမို့ နောင်လင်းက အေးအေး
ဆေးဆေးပဲ နောက်က လိုက်ခဲ့၏။

ကျော်သက်မောင်းနေတာက မျက်ချယ်တို့အိမ်နားသို့
စစ်စတစ်စ ရောက်လာပါသည်။

တော်သေးတာက မျက်ချယ်တို့လမ်း မဟုတ်ဘဲ ဒီဖက်
ပို့ရှင့်အနီးက လမ်းဖြစ်နေတာ။

တော်ကြာ မတော်တဆ လာဆုံနေမှာ နောင်လင်း စိုး
ပါ။

အခုတော့လည်း မျက်ချယ်ဇင်ဆိုတဲ့ အမျိုးသမီးကို သူ
ပင် မမြင်ချင်တော့ပါ။

ဒီတစ်ခါတော့ တကယ် ဖာတ်လမ်းပြီးသွားခဲ့ပြီ။

ကျော်သက်က ကားကို ဖြေးဖြေး မောင်းဝင်လာကာ
တံခါး အသင့်ဖွင့်ထားသော ခြံဝင်းတစ်ခုထဲ ချိုးကွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံက နှစ်ဆင့်ချိုးရသော ခြံမျိုး ဖြစ်နေသည်။

ခြံအဝင်လမ်းမှာ မက္ကဆီကန် ထန်းပင်လေးတွေ စိုက်ထား၏။

သူ ဟွန်းတီးစရာပင်မလို။

ကားဝင်လာတာ မြင်တာနှင့် ကောင်မလေးတစ်ယောက် တိုက်ထဲက ပြေးထွက်ကြိုဆိုသည်။

နန်းဆန်သူက ကျောပိုးအိတ်လေးကို ကိုင်းကဆွဲကာ ဖက်ဖူးစိမ်းရောင် ပြိုင်ကားလှလှလေးဆီ လှမ်းကြည့်မိ၏။

ထူးဆန်းတာက ဖက်ဖူးစိမ်းနောက်မှာ ရာဇာဂျစ်ပု အဖြူရောင် အမိုးဖွင့်လေး တစ်စီးပါလာတာပဲ။

ကျော်သက်က သူ့ဘော်ဒါပါ ခေါ်လာတာများလား။

ဇဝေဇဝါနှင့် မျက်မှောင်ကုပ်မိရင်း ဒီကားအဖြူလေးကို မျက်စိထဲ မှတ်မိနေသလို ဖြစ်သွားပါသည်။

ကားနံပါတ်ကို အမှတ်တမဲ့ မသေချာပေမယ့် ကားကို မြင်နေကျမို့ သူမ သိသည်။

ဟင်. . .။

မောင်းလာတဲ့သူကို မြင်လျှင် နန်းဆန်သူရင်တွေပင် တုန်သွားရပါသည်။





နောင်လင်းကို. . .။ သူပဲ. . .။

"ဟော့ကောင် နောင်လင်း. . . ဆင်းခဲ့ဦး၊ သဇင်နဲ့ မိတ်ဆက်ပေးမလို့"

ကျော်သက်ခေါ်လျှင် နောင်လင်းက ဂျစ်ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ပါသည်။

ဆံပင်ရှည်ရှည် ယဉ်ယဉ်ကျေးကျေးပုံစံနှင့် အသားညိုညို ကောင်မလေးကို သူ ဖော်ရွေစွာ ပြုံးပြလိုက်သည်။

ကျော်သက်ကောင်မလေးက စိုပြေညိုညက်သော မိန်းမချောကလေးပဲ ဖြစ်ပါသည်။

သို့သော် နောင်လင်းစိတ်ထဲ သူ့ကို တစ်ယောက်ယောက် ကြည့်နေတယ်ထင်ပြီး အိမ်တံခါးဝဖက် ပြန်လှည့်ကြည့်လိုက်မိ၏။

"ဟာ. . . နန်းဆန်၊ ဒါ နန်းဆန်တို့အိမ်လား"

"သဇင်က သူ့အစ်မဝမ်းကွဲအိမ်မှာ နေတာဆိုတော့ နန်းဆန်သူက သဇင့်အစ်မပေါ့"

"ဟုတ်တယ် ကိုနောင်လင်း၊ ကိုနောင်လင်းက ကျော်သက်သူငယ်ချင်းလား၊ ကြည့်ပါဦး. . . လှည့်ပတ်ပြီး လူသိတွေချည်းလာတွေ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ. . . ဝမ်းသာလိုက်တာ၊ နန်းဆန် ဒီနား နေမှန်းတော့ ကျွန်တော် သိပါတယ်၊ အတိအကျသာ မသိတာ။ အခုတော့ ဒီကောင့်ကို နှောက်ယှက်ဖို့ လိုက်လာတာ၊ အားနာ စရာတွေ ဖြစ်နေပြီ"

"အားမနာပါနဲ့ ကိုနောင်လင်းရဲ့၊ သဇင်က ကိုသတ် သူငယ်ချင်းတွေကို ဖိတ်ပါတယ်နော်"

"ဒါပေမယ့် ဒီကောင်က မခေါ်ဘူးဗျ"

"ကိုနောင်လင်းက ခင်ပြီးသားဆိုတော့ မမနန်းလည်း အဖော်ရသွားပြီ"

သဇင့်စကားလေးကို နောင်လင်း ရင်ခုန်သွားမိသည်။ မမျှော်လင့်ဘဲ လမ်းခရီးတစ်ခုကို အတူသွားခွင့်ရတော့မှာလေ။

သူမမျက်နှာလေးကို လွမ်းလွမ်းဆွတ်ဆွတ် သတိတရနဲ့ တွေ့ချင်စိတ် ပြင်းပြခဲ့တာ ကြာပြီ။

သူ့ကိုယ်သူ ထိန်းထားခဲ့ရတဲ့ ရက်တွေ မနည်းပါ။

မျက်ချယ်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဆိုပြီး သူ နောက် မဆုတ်ချင်ပါ။ အချစ်သစ်တစ်ခုဟာ သူ့ရင်ထဲမှာ အားနှင့်အင်နှင့် ထပ်မံ ပေါက်ဖွားရှင်သန်နေခဲ့ပါပြီ။

နန်းဆန်သူလည်း ရိပ်မိချင် ရိပ်မိမှာပါ။





အရင်တုန်းကတော့ အနားမှာ မျက်ချယ်ရှိခဲ့လို့ သူမကို ကြည့်ချင်ရင်တောင် ရဲရဲ မကြည့်ရဲဘဲ အားနာစွာ မျက်နှာလွှဲခဲ့ ရတာ။ အခုတော့ သူ မျိုသိပ်ထားဖို့ မလိုတော့ဘူးဟု ထင်သည်။

ကြည့်ချင်တဲ့ မျက်နှာလေးဆီကနေ နောင်လင်း တော် တော်နှင့် အကြည့်ပြန်မလွှဲနိုင်ပေ။

သူ့ရဲ့ နက်နက်ရှိုင်းရှိုင်း အကြည့်ငေးကြောင့် နန်းရင်တွေ ခုန်တာနဲ့ နွေးကာ ပြောလက်စ စကားတွေတောင် သတိလက်လွှတ် ရပ်တန့်ကုန်ရသည်။

ဘုရားရေ. . . နန်းကို သူ ဘယ်လိုကြည့်တာပါလိမ့်။

မိန်းကလေးပီပီ နန်း ရိပ်စားမိသည်။

အရင်တုန်းက ထင်သာထင်ပြီး မသေချာလှ၊ ဒီမနက် တော့ သူက ရဲရဲတင်းတင်း စိုက်ကြည့်လိုက်တာ။

သူနှင့် နန်းကြားမှာ အလွှာပါးပါးလေးတစ်ထပ်သာ ရှိ နေပြီး တစ်ဦးရင်ထဲကို တစ်ဦးက တိုးလျှိုပေါက် မြင်နေခဲ့ပါပြီ။

ခြားနေတဲ့ စည်းတစ်ခုကလည်း ပြိုကျယိုင်နဲ့သွားပြီလေ၊ မျက်ချယ်ဆိုတဲ့ အဆီးအတားတစ်ခုက သူတို့ကြားမှာ မရှိတော့။

သူ့ဘာသာသူ ကိုလိုင်ဖြိုးနှင့် စေ့စပ်သွားခဲ့ပြီ မဟုတ်လား။

ကိုနောင်လင်းက ချစ်သူရဲ့ သစ္စာပျက်ခံရသူပါ။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတည်းက သူ့အပေါ် ကရုဏာသက်ဝင်ခဲ့သော နန်းမှာ သူ ခုလို အသည်းကွဲသွားရတော့ ပို၍ပင် နားလည်စာနာ သနားမိပါသေးသည်။

သူ့ရင်ထဲက ဒဏ်ရာတွေကို ကုစားပေးမယ့်သူ ပေါ်ပေါက်လာပါစေလို့ တိတ်တိတ်လေး ဆုတောင်းပေးခဲ့ရတာပါ။

သူ့ရဲ့ ခွင့်လွှတ်နိုင်စွမ်းသော အဆုံးစွန်ပေးဆပ်ရက်တဲ့ အချစ်တွေကို နန်း အရင်ကတည်းက လေးစားအထင်ကြီးသဘောကျခဲ့မိတာ ဝန်ခံပါသည်။

စိတ်ရှည်စွာ ကြင်နာ နားလည်တတ်သော. . . သူ့ရဲ့ သဘောထားကြီးမှုဟာ နန်းရင်ထဲ အမှတ်ပေး အထင်ကြီးစရာ ဖြစ်ခဲ့ရသည်။

"ကဲ. . . မိုးတိုးမတ်တပ်ကြီးတွေ စကားပြောနေကြတယ်၊ အထဲ ဝင်ထိုင်ကြဦးလေ. . . လာပါ"

သဇင် သတိတရ ဖိတ်ခေါ်မှ အားလုံး ညှို့ခန်းဆီ ထ လာကြသည်။

သို့သော် အေးအေးဆေးဆေး မထိုင်ဖြစ်တော့ပါ။ မေမေ့ကို နှုတ်ဆက်ပြီးတာနှင့် ယူစရာရှိတာ ယူပြီး ကားပေါ် တက်ကြဖို့ ပြင်ဆင်သည်။

• ဉာဏ်ဝင်းစာပေ •



ဒီမနက်ခင်းမှာ နေရောင်မမြင်ရဘဲ မိုးအုံ့အုံ့ ဖြစ်နေပါသည်။ ရာသီဉတုလေးက သာယာအေးမြနေသည်။

"နန်းဆန်. . . ကျွန်တော့်ကားနဲ့ လိုက်မလား၊ နေမပူသေးဘူးဆိုတော့ အတော်ပဲ၊ အမိုးဖွင့်ကား ဖြစ်နေလို့ ကျွန်တော်က နန်း နေပူမလား စဉ်းစားနေတာ"

ကျော်သက်က နောင်လင်းကို ကျေးဇူးတင်သလို တစ်ချက် လှမ်းကြည့်သည်။

သဇင့်အစ်မကို မခေါ်ချင်လို့တော့ မဟုတ်ပါ။

ဒါပေမယ့် ပြိုင်ကားလေးထဲ နှစ်ယောက်ထဲ သီးသန့် စကားပြောရင်း မောင်းချင်တာပေါ့လေ။

သို့သော် ကြည့်ရတာ ဒီကောင် နောင်လင်းကလည်း သူ့အကျိုးလိုလားလို့ နန်းဆန်သူကို ဂျစ်ကားဆီ ခေါ်တာ ဟုတ်ပုံမရပါ။

ဒါက နောင်လင်းရဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လိမ့်မည်။

မျက်ချယ် ပစ်သွားလို့ အလူးအလိမ့် ခံစားနေမလား မှတ်တာ တက်တက်စင် လွဲနေပါသည်။

နောင်လင်းမှာ ဇာတ်လမ်းအသစ်က ဘယ်အချိန်ကတည်းက ရှိနေသလဲ မသိပေ။

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ကို နောက်မှပဲ စစ်ဆေးမေးမြန်းရဦးမည်။

"မမနန်း. . . အဆင်ပြေမလား"

သဇင်က အားနာသလို တိုးတိုးမေး၏။

"ရပါတယ်. . . နန်း ကိုနောင်လင်း ကားနဲ့ပဲ လိုက်မယ်။ နင်တို့ ရှေ့သွားရင် သွား၊ ဒါပေမယ့် မှော်ဘီ အဝင်မှာတော့ ပြန်စောင့်ပေးနော်"

"ဟုတ်ကဲ့. . . စောင့်ပေးမှာပါ မမနန်း"

ကျော်သက်မျက်နှာက တက်ကြွရွှင်လန်း ပြုံးရယ်နေသည်။ ဒီလိုနှင့် သူတို့ သမီးရည်းစားစုံတွဲက Celica ပြိုင်ကားလေးပေါ် ပျော်ရွှင်စွာ တက်လိုက်ကြသည်။

လိုက်ဖက်ညီ ချစ်စရာကောင်းသော အတွဲလေးကို နန်းက အမှတ်တမဲ့ ကြည့်မိသည်။

ကျော်သက် ကားတံခါးဖွင့်ပေးပုံ၊ ပြန်ပိတ်ပေးပုံက တယုတယ မြတ်နိုးစွာ၊ နွေးထွေးသော စုံတွဲလေးကို ကြည့်ရတာ အားကျငေးမောချင်စရာပါ။

နန်းဆန်သူသည် တစ်ခါမျှ ရည်းစား သေချာမထားဖူးသေးသဖြင့် သဇင် ချစ်သူရသွားတာကို ဝမ်းသာကြည်နူးမိသည်လည်း ဖြစ်ရ၏။





နောင်လင်းဖက် ဆတ်ကနဲ လှည့်ကြည့်တော့ သူက နန်းမျက်နှာလေးကို ပြုံးစိစိလေး ကြည့်နေတာနှင့် တိုးသွားရ၏။

နန်း အမူအယာက တစ်မျိုးလေး ရှက်စနိုးစွာ မျက်လွှာချမိသည်။

နောင်လင်းက သူမဟန်ပန် အမူအယာလေးကို သဘောကျ ငေးနေမိတာ။

ဆင်စွယ်ရောင် ချည်ထည်အင်္ကျီရင်ဖုံး လက်ပြတ်ကလေးက သူမ အသားဝါနုစ်နှစ်နှင့် အရမ်း လိုက်ဖက်နေသည်။ ထဘီချည်က ဖိစကတ်ခေါ်မလား. . . စကတ်လိုလို. . ထမီလိုလို ခါးပေ မှာ သပ်သပ်ရပ်ရပ်ကလေး ဖြစ်နေတာမို့ လှပသော ခန္ဓာကိုယ် ကောက်ကြောင်းလေးက အထင်းသား။

နွဲ့နှောင်းသော ဟန်ပန်နှင့် သူမ ဝတ်ဆင်ထားပုံလေးက ခန့်ရလှသည်။ လက်ထဲမှာတော့ ဂျင်းသားကျောပိုးအိတ် အဖြူလေး ကိုင်ထားသည်။

ဆံနွယ်တွေက စည်းနှောင်ထားတာ တစ်ဝက်၊ မျက်နှာပေါ် ကျနေတာ တစ်ဝက်နှင့် ကပိုကရို တစ်မျိုးလေး။

ဖိနပ်က ထိပ်ပွင့်လေဒီရှူးပုံစံ ခွာမနိမ့်မမြင့် ငွေရောင်လေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ကြည့်ကြည့်၊ ကျော့ရှင်းဖြောင့်စင်းပြီး ယ
တယ် လှပါသည်။

မျက်လွှာချထားတာမို့ နောင်လင်းက အတင့်ရဲ
အကြည့် မလွှဲနိုင်။

အိုင်းလိုင်နာ ကွပ်ထားသော မျက်တောင်ရှည်ရှည် 
ကော့လေးတွေကလည်း ကြည့်ကောင်းလိုက်တာ။

အိုင်းရှဲဒိုး ငွေမင်ဖျော့ဖျော့နှင့် မျက်ခွံနားတစ်ဝိုက် 
လက်နေသည်။

ဘယ်အချိန်က အလှတွေ ပြင်ထားပါလိမ့်ဟု နောင်လ
တွေးသည်။ သူမရဲ့ ချယ်သပြင်ဆင်ထားတဲ့ မျက်နှာကို ဒီဘစ်
တွေ့ဖူးသေးတာ။

ဒီလို မချယ်မသနှင့်ပင် လူကို ဖမ်းစားညှို့ငင်နိုင်တဲ့ 
ဟာ အခုလို အလှပြင်ထားတော့ နောင်လင်း အကြည့်မလွှဲ
ဖြစ်ရသည်။

နှလုံးသားမှာ ဟန်မဆောင်နိုင်အောင် ကြည်နူး လှုပ်
နေရပါသည်။

အရင်ကတည်းက သူမနှင့် နှစ်ယောက်တည်း စ
ပြောခွင့်ရရင် ကောင်းမယ်လို့ တိတ်တခိုး တောင့်တခဲ့ဖူးသည်





မျက်ချယ်ရဲ့ သူငယ်ချင်းဆိုတဲ့ စောင့်စည်းမှုနှင့် မဟုတ်
ဲ သူမကို လွတ်လပ်စွာ စုံမက်ချစ်ခဲ့မိတဲ့ နောင်လင်းဆန္ဒဟာ
တစ်ခါတော့ ပြည့်မြောက်ဖို့ နီးစပ်ခဲ့ပြီ။

မျှော်လင့်ချက်တို့နှင့် နောင်လင်း ရင်ခုန်လာမိသည်။

ကျွန်တော်ဟာ ခင်ဗျားအတွက် စိတ်သစ်လူသစ်နဲ့
နောင်လင်းကိုပါ။ အရင်က မျက်ချယ်ရည်းစားဖြစ်ခဲ့ဖူးတာကို
ခင်ဗျား မေ့ပစ်ပေးနိုင်ရင် ကောင်းမယ်။

သူ့အချစ်ကို လက်ခံနားလည်ပါ့မလားဟုလည်း တစ်
က်က စိုးရိမ်မိပြန်ပါသည်။

အခွင့်အရေး ယူတယ်တော့ မထင်စေချင်ဘူး. . .
န်းလေးရယ်။

ရင်ထဲမှာ ရှိတဲ့အတိုင်းပဲ ဖွင့်ပြောပါရစေ၊ အရင်ကရှိခဲ့
တဲ့ ဖြစ်ချက်တွေအတွက် နားလည်ခွင့်လွှတ်ပေးပါလား။

သူတို့နှစ်ဦးသား အတန်ကြာ စကားမဆိုဖြစ်။

နန်း ဘာတွေ တွေးနေသလဲ သူ မသိပေမယ့် သူကတော့
န်းကို ချစ်တဲ့အကြောင်းတွေပဲ စဉ်းစားနေမိတာ။

"ကားပေါ်တက်လေ. . . နန်း"

သူ ဂျစ်ကားတံခါးကို ဖွင့်ပေးတော့ နန်းက ထမီစက



www.burmeseclassic.com

www.burmeseclassic.com



လေးကို မှီပြီး အသာလှမ်းတက်သည်။ နောင်လင်းက မောင်း
နေရာ ဝင်ထိုင်လိုက်၏။

"နေမပူဘဲ မိုးရွာရင်တော့ ရွှဲပြီပဲ"

အမိုးဖွင့်ဂျစ်ကားလေးက အရှိန်နှင့် ဆောင့်ထွက်
လျှင် နန်းကိုယ်လေး ယိုင်ကနဲ ဖြစ်သွား၏။

လေက တဟူးဟူး တိုက်ခတ်နေ၏။

လွင့်နေသော ဆံပင်တွေကို လက်နှင့်ဖိရင် သူ့
စောင်းငဲ့ကြည့်မိသည်။

နောင်လင်းက သူမကို ချစ်စနိုး တစ်ချက်ကြည့်သ

နှုတ်ခမ်းလေးကိုက်ရင်း ဆံပင်စတွေကို လိုက်ဖမ်းဖိ
တဲ့ ပုံစံလေးကို ပြုံးစိစိဖြစ်ရ၏။

ချစ်တယ်. . . နန်းလေးရယ်။

ခင်ဗျားလေး ဘယ်လိုနေနေ ကိုယ်ချစ်မိတာပါပဲ။

မျက်နှာလေးကိုပင် အုပ်လုမတတ်ရှိနေသော ဆံ
တွေကို ကိုယ် သပ်တင်ပေးချင်မိသည်။

နန်းလေးရယ်. . .

ကိုယ့်အချစ်တွေကလည်း မင်းအပေါ်ကို တားဆီး
လို့မရအောင် အရမ်းကြီး ကျရောက်မိပါပြီ။





ခင်ဗျားလေး ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။

ကိုယ့်အချစ်တွေကို နန်းလေး ဩချသွားရမှာပါ။

တစ်စစနှင့် ဖြစ်တည်လာသော အချစ်များသည် နှလုံး
သားတစ်ခုလုံးကို နေရာလပ်မကျန်အောင် ဖုံးလွှမ်းထားသလိုပါ။

နန်းဆန်သူကို စွဲနစ်စွာ ချစ်သည်။

မခွဲနိုင်အောင် ချစ်သည်။

မျက်ချယ်လို ချစ်သူမျိုးကို ချစ်ပြီးမှ ကိုယ် နန်းကို ဘယ်
လောက်ချစ်နေသည်ဆိုတာ ပိုသေချာလာရသည်။

သူ့ရင်ထဲမှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသော အချစ်တစ်မျိုး
နှင့် ချစ်သည်။

ဘယ်တုန်းကစပြီး ချစ်သွားတာလဲ ကိုယ့်ကိုယ်ကိုပင်
မသိ။

နောက်ပိုင်းမှ တဖြေးဖြေး သိလာခဲ့တာ။

မျက်ချယ်နှင့် လုံးဝမတူသော တည်ငြိမ်အေးဆေးလွန်း
သည့် မိန်းကလေးဆိုသော အသိကလည်း မေတ္တာကို အင်အား
ဖြည့်ပေးသလို ကိုယ့်ရင်ကို ကျေနပ်မှုဖြစ်စေသည်။

မြတ်နိုးခြင်း လိုလားနှစ်ခြိုက်ခြင်းများစွာပါသော အချစ်
မို့ ပြောင်းလဲသွားဖို့လည်း မလွယ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နန်းနှင့် လတ်တွဲရင်ဆိုင်ဖို့ သူဆုံးဖြတ်သည်။

မျက်ချယ် မကျေနပ်လည်း ကိုယ်ကတော့ နန်းကိုရွေးချယ်ဖွင့်ကြိုးစားတော့မည်။

ရင်ထဲမှာ အပျော်တွေနှင့်လတ်ဆတ်ကြည်နူးနေရသည်။

နန်းလေးအကြောင်းတွေးလိုက်တာနှင့် ရင်ထဲနွေးလာပြီး ကြည်နူးမိတာပါပဲ။

နန်းဆန်သူဖက်က သူ့ကို ယုံကြည်အားကိုးဖို့ သူ့အချစ်ကို သံသယမရှိဖို့ သူ ကြိုးစားရဦးမည် ထင်သည်။

ချစ်တယ်. . . နန်းလေး။

ကိုယ်ဟာ ပျော့ညံ့သူ မဟုတ်ပါဘူး။ ခင်းဗျားအမေ… လူလည်ကျမယ့်လူစား မဟုတ်ပါဘူး။

မျက်ချယ်က ကိုယ့်ချစ်သူဟောင်း ဖြစ်သွားပြီ။ အားလုံးဟာ အတိတ်မှာ ကျန်ခဲ့ပြီ။

ခုချိန်မှာ ကိုယ့်ရင်ထဲ နန်းတစ်ဦးပဲ ရှိနေတယ်။

နောင်လင်း ဘာလုပ်ရမလဲ မသိ။

ချစ်ခဲ့မိတဲ့ အမှားအယွင်းတစ်ခုကို သူ ပြန်ပြင်ချင်သည်။

သူမက သတ္တိရှိရှိ လက်တွဲရဲပါ့မလား။





ကိုယ်ကတော့ အနာဂတ်ခရီးကို သူမနှင့်အတူတူ လျှောက်လှမ်းချင်သည်။ အခုတလော အတူသွားရတာတောင် အရမ်းပျော်နေမိတာ ကြည့်ပါလား။

တစ်သက်လုံး နန်းဆန်သူနှင့် အတူတူသာရှိနေချင်သည်။

နောင်လင်း နှုတ်ခမ်းတွေက ပြုံးကာ သူမဖက်ကြည့်ရင်း. . .

"ဘာဖြစ်လို့. . . ကျွန်တော့်ကို ကြည့်နေတာလဲ"

သူ ထိုသို့မေးလိုက်သောအခါ နန်းက ရှက်စနိုး အကြည့်လွှဲသွားသည်။

နှုတ်ခမ်းလေးကို မစူသလို စူသလိုနှင့်. . .

"အံမယ်. . . မကြည့်ပါဘူး"

ဟုဆိုသည်။

နောင်လင်းက စကားလမ်းကြောင်းပြောင်းကာ. . .

"ဖြေးဖြေးပဲ မောင်းပေးရမလား၊ လေက ကြမ်းတယ်နော်"

"ဟုတ်တယ်. . . လေအရမ်းတိုက်နေတာပဲ၊ မျက်စိတွေတောင် စပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင်လင်းက သူမစကားကြောင့် ကားအရှိန်ကို လျှော့လိုက်သည်။

အရှိန်မလျှော့လျှင်လည်း လေဟုန်ကိုခွင်းကာ စကားပြောလျှင်တောင် အော်ပြောနေရသည်။

"နန်း ဗိုက်ဆာနေပြီလား"

"ဟင့်အင်း. . . မဆာပါဘူး"

"ကျွန်တော်က ကျော်သက်ကို ဘရိတ်ဖတ်စ်စားဖို့ သွားခေါ်တာ၊ သူ သဇင်နဲ့ ချိန်းထားမှန်း မသိဘူး၊ အခုတော့ လိုက်လာဖြစ်တာ ကံကောင်းသွားတယ်"

သူ ဘာကိုဆိုလိုတာလဲ။

နန်းရင်ထဲမှာ လှိုက်ကနဲ နွေးလာပြန်၏။

"မှန်တာပြောရရင် ကျွန်တော် အစကတည်းက နန်းဆီ ဖုန်းဆက် စကားပြောချင်တာ၊ ဒါပေမယ့် နန်း ဖုန်းနံပါတ်လည်း မသိဘူးလေ၊ ကျွန်တော်တို့ကြားက အဆက်အသွယ်ကလည်း မျက်ချယ်ပဲဆိုတော့ သူ့ဆီ လှမ်းမေးဖို့လည်း မကောင်းဘူး၊ ကျောင်းမှာ လာရှာဖို့ကျတော့လည်း ကျွန်တော် တွေဝေနေတယ်၊ နန်း ကျွန်တော့်အပေါ် တစ်မျိုးထင်မှာလည်း စိုးတယ်၊ ဒါပေမယ့် အရမ်းလည်း သတိရတယ်"





အခုတော့ အချစ်နတ်တွေက ဖန်တီးပေးလိုက်လို့ သူတို့ လိုအလျောက် ပြန်ဆုံကြတာပဲဟု နောင်လင်း တွေးသည်။

ပြင်းပြသောဆန္ဒနှင့်မို့သာ ခုလို မမျှော်လင့်ဘဲ ဆုံတွေ့ ငံ့ရတာဟု ထင်သည်။ အခွင့်သာတုန်းလေးမှာ သူ ဖွင့်ပြော ည်။ နှုတ်ဆွံ့ တွန့်ဆုတ်နေလို့ မဖြစ်တော့ပါ။

နန်းဆန်သူက ဆံပင်လေးသပ်တင်ရင်း ရှေ့တူရူကိုသာ ကြည့်နေပေမယ့် သူ့စကားတွေကြောင့် နှလုံးသားက နွေးမြ ကြည်နူးလာသည်။

သူ့ဖက်ကို စောင်းငဲ့မကြည့်ရဲအောင် ရှက်သလိုကြောက် သလို ခံစားချက်တလည်း ဖြစ်ပေါ်လာသည်။

လေတဟူးဟူးကြားမှာ နန်းမျက်နှာက ပူနွေးနေတာ။

အရမ်းသတိရတယ်တဲ့။

သူက နန်းကို ဘာကြောင့် သတိရတာလဲ။

မျက်ချယ်နေရာမှာ အစားထိုးဖြေသိမ့်စရာ မိန်းကလေး ဝေးဝေးလည်း သွားမရှာဘဲ နန်းကို ပစ်မှတ်ထားတဲ့သဘော ား။

စိတ်ထဲမှာ ဘာကိုအလိုမကျမှန်း မသိ။ အောင့်သက် က်တော့ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ချယ်က မလိုချင်လို့ စွန့်ပစ်လိုက်မှ သူမက တ
တယ တန်ဖိုးထားမြတ်နိုးရတဲ့ အဖြစ်ကိုပဲ မခံချင်တာ။

အစကတည်းက တွေ့ခဲ့ကြရင် ဘယ်လောက်ကောင်း
မလဲ နောင်လင်းရယ်။

နန်းဆန် မချင့်မရဲ တွေးမိသည်။

သို့သော် ဒါက မဖြစ်နိုင်ဘူးလေ။ သူ့ကို စတွေ့ဖူး
တည်းက မျက်ချယ် ကစားနေကျ ရည်းစားထားတမ်းကစားပွဲ
က လူတစ်ယောက်အဖြစ် တွေ့ခွင့်ရခဲ့တာပဲ။

အခုမှ အခြေအနေတွေက မျက်စိလည်လမ်းမှားပြီး နန်း
ဆီ ရောက်လာရတာ။

ဒါပေမယ့် မျက်ချယ် စေ့စပ်လိုက်ပြီ။

သူနဲ့ တကယ်ဝေးသွားပြီ။ သူတို့ တကယ်ပြတ်ကြပြီ
တာ နန်းသိရတော့ စိတ်မကောင်းဖြစ်တဲ့ကြားကပဲ မသိစိတ်က
ဝမ်းသာသလိုလို ဖြစ်မိသေးတာ ဝန်ခံပါသည်။

နန်းကိုယ်နန်းလည်း အဲဒီကတည်းက လန့်သွားခဲ့တာ
ငါ ဝမ်းမသာသင့်ဘူးလေ။

မျက်ချယ်ကြောင့် သူ့ခမျာ ထိခိုက်ခံစားနေရှာတာ
ဘယ်လိုပဲ စိတ်ကို ဆုံးမဖိနှိပ်လည်းပဲ သူ့ထံ ဖုန်းဆက်





တစ်ခွန်းတလေ အားပေးနှစ်သိမ့်ချင်စိတ်က တားမရဆီးမရ
ဖြစ်ပေါ်နေခဲ့သည်။

နန်းကိုယ်နန်းလည်း အမှန်တကယ် အံ့ဩမိသည်။

ရင်ထဲမှာ ဘယ်အချိန်ကတည်းက သူရှိနေခဲ့တာလဲ။

ယောကျာ်းပီသသော သူ့မျက်နှာ၊ သူ့အမူအယာ၊ သူ့
စကားသံကို ဘယ်အချိန်ကတည်းက နှစ်လိုသဘောကျနေခဲ့မိပါလိမ့်။

မျက်ချယ်ရဲ့ ကစားစရာအရုပ်ဖြစ်နေတာကို မချင့်မရဲ
ဒေါသဖြစ်ခဲ့မိတာလည်း အကြိမ်ကြိမ်။

ရုန်းထွက်ပစ်လိုက်ပါလား။ လမ်းခွဲပစ်လိုက်ပါလားဟု
ရင်ထဲက တိတ်တဆိတ် တိုက်တွန်းမိတာလည်း အခါခါ။

သူကတော့ ဒါတွေကို သိမှာ မဟုတ်ပါ။

သူတို့နှစ်ယောက် လမ်းခွဲပြတ်စဲသင့်သော အချိန်တစ်ခု
မှာတော့ နန်း ထင်သလိုပဲ ပြတ်သွားခဲ့ပြီ။

"နန်း"

"ဟင်"

"ကျွန်တော် ပြောတာ ကြားရဲ့လား"

"ကြားပါတယ်"

"နန်းရော ကျွန်တော့်ကို သတိရလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကို နန်း အမှန်အတိုင်း မဖြေရပါ။

"ဖြေလေဗျာ"

"ရှင် အသည်းကွဲပြီး အရက်တွေသောက်နေမလားလို့တော့ တွေးမိတယ်"

"ဟာဗျာ. . . "

သူ့မ အဖြေကို နောင်လင်း မကျေနပ်ချင်။

"ကျွန်တော်က နန်းရဲ့အမြင်မှာ သိပ်သနားစရာကောင်းတဲ့ ကောင်ပေါ့နော်၊ ဟုတ်လား"

"ဒါပေမယ့်. . . ရှင် ခံစားရတာပဲ မဟုတ်လား"

"ကျွန်တော်တို့ သူ့အကြောင်း ထည့်မပြောရင်ကောင်းမယ်"

"ဘာလို့လဲ"

"ဖြစ်ပျက်ခဲ့သမျှ အားလုံးကို ကျွန်တော် မေ့လိုက်ပြီ၊ သူနဲ့ ပတ်သက်ခဲ့မိတာကို အမြဲနောင်တရလို့ ပြန်မတွေးချင်တော့ဘူး"

နန်းက တွေးဆဆလေးဖြင့်. . .

"သူက နန်းတို့နှစ်ယောက်ကို ဆက်ခင်စေချင်မှာ မဟုတ်ဘူး"





"ဘာဆိုင်လဲ. . . ဒါ ကျွန်တော်တို့ ကဏ္ဍပဲ၊ နန်းကို သူခင်ရဘူး ပြောလို့လား"

"အဲလိုတော့ မပြောပါဘူး"

"နန်း ကျွန်တော့်အပေါ် ဘယ်လိုမြင်လဲ၊ သူနဲ့ပတ်သက်တဲ့ ယောကျ်ားတစ်ယောက်ပဲဆိုပြီး ခါးသီးနေလား၊ ဒါမှမဟုတ် ခထင်သေးနေလား. . . ပြောစမ်းပါ၊ နန်း သဘောထားကို ကျွန်တော် သိချင်တယ်"

သူ့စကားသံက အနည်းငယ် မာကြောပြီး နာကျင်ဟန်ပေါက်နေပါသည်။

နန်းရင်ထဲမှာ တစ်မျိုးကြီး ဝမ်းနည်းသလို ခံစားရသည်။

နာကျင်စရာ အတိတ်တစ်ခုမရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

"သူ စေ့စပ်လိုက်တဲ့ ကိစ္စကို ရှင် အရမ်းနာကျည်းသွားတယ် မဟုတ်လား၊ ပြီးတော့ သူ့ကို စိတ်ထဲမှာတော့ ချစ်နေတုန်းပဲ မဟုတ်လား"

"နန်း အထင်မှားနေပြီ၊ ကျွန်တော့်ဖက်က စိတ်ပျက်ခဲ့တာ ကြာပါပြီ၊ အခုလည်း ခေါင်းထဲက ထုတ်ပစ်လိုက်ပြီ"

နန်းက ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခေါင်းထဲကထုတ်လည်း ရင်ထဲတစ်နေရာမှာ တော့ ကျန်နေမှာပဲ မဟုတ်လား။

"ပြီးတော့ ကျွန်တော့်ဘဝမှာ ကျွန်တော်တကယ်ချစ်မိတဲ့ မိန်းမတစ်ယောက်ကို တွေ့ခဲ့ပြီ"

ဘယ်သူလဲဟု နန်း မမေးရဲပါ။

ကားလေးက တဖြေးဖြေးနှင့် မင်္ဂလာဒုံထောက်ကြန့်ကို လွန်ကာ မြို့ပြင်ဆီသို့ ဦးတည်လာခဲ့သည်။

"သူက ရိုးသားပြီး ချစ်စရာကောင်းတယ်၊ ကျွန်တော် လိုချင်တဲ့ ဇနီးတစ်ယောက်က သူ့ပုံစံပဲ"

သူ့စကားကြောင့် နန်းမျက်နှာလေး ပူနွေးထူအမ်းကာ သူ့ဖက် မကြည့်ရဲအောင် ဖြစ်လာသည်။

တကယ်ဆို နန်းက မျက်ချယ်ရဲ့သူငယ်ချင်းတစ်ယောက် ပါ။ ဒါကို သူ ထည့်မတွေးတော့ဘူးလား။

"ကျွန်တော့်အပေါ်ကို သူနားလည်ရင် သိပ်ကောင်းမယ် ဗျာ၊ သူ့မှာ သတ္တိရှိဖို့တော့ လိုလိမ့်မယ်"

နန်းက ငြိမ်သက်၍သာ နားထောင်နေပါသည်။

"ဘယ်လိုလဲ. . . နန်း၊ သူ့ကို ကျွန်တော်ဖွင့်ပြောရ မလား"





"မသိဘူးလေ"

လူမအသံက တုန်ချင်သည်။ ရင်ထဲမှာလည်း ဗြောင်း ဆန်နေပြီ။

"ကျွန်တော် သူ့ကို ချစ်တယ်၊ မထူးပါဘူးဗျာ၊ သူက အခု ကျွန်တော့်ဘေးမှာ ရှိနေတယ်၊ ကျွန်တော်ချစ်တာကို မသိ ချင်ယောင်ဆောင်နေတယ်"

"မိုးဖွဲလေးတွေ ရွာလာပြီနော်"

နန်းက ရယ်ချင်သလိုလေး နှုတ်ခမ်းကိုက် တစ်ဖက်လှဲ ပြီးမှ စကားလမ်းကြောင်း ပြောင်း၏။

"နန်း"

"မိုးသည်းလာရင် ဘယ်လိုလုပ်မလဲ"

"အဲဒါထက် အရေးကြီးတာ ကျွန်တော့်ရင်ထဲက ကိစ္စပဲ"

အချစ်တွေ ပိုသည်းလာရင်ရော ဘယ်လိုလုပ်မလဲ။

သူ စိတ်ဝင်စားတာကိုတော့ နန်း ရိပ်မိပါသည်။

သို့သော် ဒီလောက် ချက်ချင်း မဆိုင်းမတွကြီး ဖွင့်ပြော လိမ့်မည်ဟု မထင်ခဲ့။

"ဟိတ် . . . ဘာလို့ ဟိုဖက်လှည့်နေတာလဲ၊ စိတ်ဆိုး သွား"



www.burmeseclassic.com

www.burmeseclassic.com



သူက ကားကို ဘေးကပ်ရပ်လိုက်သဖြင့်. . .

"ဘာလို့ ရပ်တာလဲ"

"မိုးရွာလာပြီ"

"မောင်းပေ့ါ. . . စိုချင်လည်း စိုပစေ"

"နန်း ကျွန်တော့်ကို စိတ်ဆိုးလား"

"ရှင် စိတ်ပြောင်းတာရော မမြန်လွန်းဘူးလား။ လောက် ချက်ချင်း ပြောရဲတာ အံ့သြတယ်"

"နန်းကို ချစ်လို့ပါ"

"တော်ပြီ. . . မပြောနဲ့တော့"

"သိပြီးသားမို့လား. . . ပြောဖို့မလိုတော့ဘူး"

သူ အနားသို့ကပ်လျှင် နန်းက ပုခုံးလေးကြုတ်လျှင် မျက်စောင်းခဲလိုက်ပါသည်။

"သိလည်း လက်ခံဖို့ မလွယ်ဘူး"

"ဘာကြောင့်လဲ"

"ရှင် ခန့်မှန်းတတ်မှာပါ"

"သူ့ကြောင့်လား၊ ဒါ ထည့်တွက်စရာအကြောင်း မရှိ အားလုံး ရှင်းပြီးသားပဲ၊ နန်း စိတ်ထဲ မလုံစရာ မလိုပါဘူးကွာ"

"သူများ ရည်းစားကြီး"





"အဲလို မပြောပါနဲ့ကွာ၊ ကျွန်တော် စိတ်မကောင်းဖြစ်ရတယ်"

နန်းတို့ အကြည့်ချင်း ဆုံမိကြ၏။

နွေးထွေးနက်ရှိုင်းသော သူ့မျက်ဝန်း ညို့ရီရီတို့ကို ရင်ဆိုင်ရလျှင် နန်းနှလုံးသားတွေ ခုန်ပေါက်လှုပ်ရှားလာရသည်။

နန်းလည်း သူ့ကို ချစ်မိပြီထင်ပါရဲ့. . .

သို့သော် ဒါကို ချက်ချင်း ဝန်ခံဖို့ မဖြစ်နိုင်။

စဉ်းစားချင့်ချိန်စရာတွေ ရှိနေပါသေးသည်။

သို့ပေမယ့် ရင်ထဲကအချစ်တွေက ရုတ်တရက် တာတမံကျိုးသလို အမှတ်တမဲ့ ပြိုဆင်းလာသည်။

မိုးလေးက တဖွဲဖွဲ ကျဆင်းနေသည်။ တကယ့်ကို အမှုန်အမွှားလေးတွေ။ ကားရပ်လောက်အောင် မိုးသည်းတာမျိုး မဟုတ်။

"နန်း"

သူက နန်းပုခုံးကလေးကို မရဲတရဲ ခပ်ဖွဖွဆုပ်ကိုင်သည်။

"သူနဲ့ပတ်သက်ခဲ့တဲ့အတွက် နန်း ကျွန်တော့်ကို မချစ်နိုင်ဘူးလား"

"ကိုနောင်လင်းလည်း ပြန်စဉ်းစားပါဦး၊ နန်းတို့ အဲလို ဖန်တီးလို့ ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မကောင်းရမှာလဲ၊ ကျွန်တော်တို့နှစ်ယောက် စလုံးဟာ လွတ်လပ်တဲ့ လူပျို အပျိုချင်းပဲ၊ သူ့ကို သစ္စာဖောက် ပြီး ကျွန်တော့်ဖက်က ဖြတ်ပြီး၊ နန်းဖက် စိတ်ယိုင်ခဲ့တာလည်း မဟုတ်ဘူး၊ ကျွန်တော်တို့ ဘာမှမမှားဘူး၊ နန်းရင်ထဲမှာ ချစ်နိုး ရှင် ရှိပြီ၊ ကျွန်တော် သိချင်တာ အဲဒါပဲ"

"မဆိုင်ဘူးဆိုပေမယ့် နန်းစိတ်ထဲမှာ တစ်မျိုးကြီးပဲ မျက်ချယ်က ရှင့်ကို တကယ်ပြတ်ပါ့မလား၊ သူ စိတ်မကုန်သေး ရင်ရော"

"ကျွတ်. . . အဓိပ္ပာယ်မရှိလိုက်တာ၊ သူစိတ်မကုန်လည်း ကျွန်တော့်ဖက်က ဆယ်ခါပြန် ကုန်ပြီ၊ ဒီတစ်သက် လုံးဝကို မ နိုင်ဘူး၊ နန်း မချစ်လို့ လက်မခံလည်း ကျွန်တော် သူ့ဖက် စိတ် မလည်တော့ပါဘူး၊ ကတိပေးတယ်၊ ဒါကိုတော့ စိတ်ချစမ်းပါ သူလည်း စေ့စပ်ပြီးသွားပြီပဲ၊ နောက်လှည့်စရာ ဘာမှမရှိတော့ ဘူး"

နန်းက မျက်လွှာလေးချကာ ပင့်သက်ရှိုက်မိ၏။

သူပြောတာလည်း မှန်နေပါသည်။ နန်းရင်ထဲမှာ စနိုး စနောင့်နှင့် မတင်မကျဖြစ်နေတာလည်း အမှန်ပါ။

"နန်း ဆံပင်တွေ စိုကုန်ပြီ ထင်တယ်"





သူက ထိုသို့ပြောရင်း နီးနီးကပ်ကပ် ငုံ့ကြည့်ကာ နန်းရဲ့ ဆံနွယ်လေးတွေကို တယုတယပွတ်သပ်ရင်း ဆံမျှင်လေး တစ်မျှင် စ်မျှင်ကို ဆွဲယူဆော့ကစားလိုက်သည်။

ယောကျ်ားလေးတစ်ဦးရဲ့ ကိုယ်ငွေ့နှင့် ရနံ့တစ်မျိုးက န်းနှလုံးသားတွေကို ပူနွေးပြောင်းဆန်သွားစေ၏။

သူ ဒီထက်ပို ထိတွေ့လာရင် တင်းထားတဲ့ နန်းစိတ်တွေ ရည်ပျော်ရလိမ့်မည် ထင်သည်။ ဘာမှဖွင့်မပြောရသေးခင်မှာ င် နန်းလည်း သူ့အပေါ် နှစ်သက်သာယာမိတယ်ဆိုတာ သူ ိစားမိသွားခဲ့ပြီ။ ဟန်ဆောင်လို့လည်း မရပါလား။

နန်းဆန်သူက ရှက်ရွံ့စွာ ကိုယ်လေး နောက်ဆုတ်ရင်း သူ့လက်ကို ဖယ်ရှားဖို့ ရည်ရွယ်သည်။

မြောက်တက်လာသော နန်းလက်ဖဝါးလေးကို သူက ရင်ဦးအောင် ဆုပ်ထွေး တားဆီးထားလိုက်သည်။

နန်းကိုယ်လေးက သူ့ရင်ခွင်ထဲ ရောက်လုလု. . .

"ကျွန်တော့်ကို ချစ်တယ် မဟုတ်လား"

". . . . . . . . . . . . ."

"ကျွန်တော်ကတော့ နန်းကို တစ်သက်လုံး ချစ်သွားချင် ယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဖယ်ကွာ"

"ဟန်ဆောင်တင်းမထားပါနဲ့ကွာ၊ ချစ်တယ်လို့ပြော"

"မချစ်ပါဘူး၊ သူ့ကိုယ်သူ သိပ်အထင်ကြီးတာပဲ၊ တစ်လေး နှစ်ယောက်အတူ သွားခွင့်ရတာနဲ့ အဖြေပါတစ်ခါတည်း တောင်းတယ်၊ ရှင် မလွန်ဘူးလား ကိုနောင်လင်းရဲ့၊ ဟွန်း . . . ပိုင်စိုးပိုင်နင်းနဲ့"

"အဲဒါ ချစ်လို့ပါ နန်းရယ်၊ အခွင့်အရေးယူတာမှ မဟုတ်ဘ"

"မသိဘူး . . . ဖယ် . . . မောင်းတော့"

"မိုးရွာနေတယ်လေကွာ"

"ရွာရွာ"

သူ့ကို ပြောရင်း နန်းရဲ့နှုတ်ခမ်းလေးက မူနွဲ့စွာ စူထေ နေရပါသည်။ ဘယ်အချိန်ကတည်းကများ သူ့အပေါ် တစ် တနှီး ချွဲနွဲ့ချင်ခဲ့မိပါလိမ့်။

မျက်ချယ်အပေါ် တဖက်သတ် လိုက်လျောအနစ်နာ ကာ ဂရုတစိုက်ရှိနေတတ်တဲ့ သူ့အပေါ် သနားရင်းက သက်ဝ ခဲ့တဲ့ မေတ္တာတွေကြောင့်ပဲ နေမှာပါ။

"အခွင့်အရေးယူတယ် အထင်ခံရမှတော့ မထူးပါဘူး တစ်ခါလောက် နမ်းလိုက်မယ်"





"အို . . . ရှင်နော်"

အလန့်တကြားလေး ရေရွတ်မျက်လုံးပြူးသွားတော့ သူ ရယ်ပါသည်။

"ဘာဖြစ်လို့လဲ . . . မနမ်းရဘူးလား"

မှန်းမျက်နှာလေးက ပူထူနီးမြန်းလာရပါသည်။

ခွင့်ပြုချက်တောင်းနေတာမို့ နန်း မနေတတ်စွာ ရင်ဖိုလာ ရပါသည်။

သူ့ရဲ့ ရွှန်းရွှန်းစားစား အကြည့်အောက်မှာ ဘယ်နား သွားပုန်းရမှာပါလိမ့်။

သူမရဲ့ ရှက်စနိုး အနေခက်သော အမူအယာလေးမှာ နောင်လင်းနှလုံးသားက ပိုမိုအခုန်ကြမ်းကာ လှုပ်ရှားလာပါသည်။

သူ သေချာသွားသည်။

နန်းလည်း သူ့ကို ချစ်နေသည်။

နှစ်ဦးသဘောတူ ချစ်မြတ်နိုးမိမှတော့ တွေဝေဖို့ မစဉ်း စားတော့။

နန်းပုခုံးလေးကို ဖက်ကာ အတင့်ရဲရဲနှင့် ပါးပြင်နုနုကို ဖိကပ်နမ်းရှိုက်လိုက်မိသည်။

နန်းလည်း မငြင်းဆန်မိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးတဖွဲဖွဲရွာနေသော အဝေးပြေးလမ်းမကြီးရဲ့တစ်နေရာမှာ နန်းတို့ အမှတ်မထင် လျှင်မြန်စွာ ချစ်သူဖြစ်သွားခဲ့ရသည်။

အဖြစ်အပျက်လေးက မယုံနိုင်စွာ အိပ်မက်ဆန်ခဲ့သည်။

ရင်ထဲမှာ ရှိနေခဲ့တာကြာပြီဆိုပေမယ့် တိုတောင်းသောအချိန်ကလေးမှာ တစ်ယောက်နှင့် တစ်ယောက် နီးစပ်သွားခဲ့တာကတော့ မမြင်ရသော တစ်စုံတစ်ရာရဲ့ ကူညီဖန်တီးပေးမှုကြောင့်ပဲ ဖြစ်မှာပါ။



အိမ်ကနေထွက်လာချိန်မှာ သူမ၌ ချစ်သူ မရှိသေး။

နှလုံးသားက ပကတိအဖြူထည်။

ရန်ကုန်ကနေ မော်ဘီကိုလာတဲ့လမ်းကလေးမှာ အခြေအနေတွေက ပြောင်းလဲကုန်သည်။

မော်ဘီရောက်တော့ သူမနံဘေးမှာ ချစ်သူတစ်ယောက် ရှိနေခဲ့ပြီတဲ့။

ကဲ. . . မမြန်လွန်းဘူးလားနော်။

နန်းဆန်သူရဲ့ နှုတ်ခမ်းလေးက အပျော်စိတ်နှင့် ပြုံးချင်သလိုလို ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှာ မိုးရွာနေလို့လား၊ မမနန်းတို့ နောက်ကျလိုက်တာ"

"အင်း . . . ရွာတယ်"

နန်းအဖြေက မလုံမလဲ။

အမှန်တော့ အချစ်မိုးတွေပဲ ရွာခဲ့တာ။

"ဘယ်နားမှာ မိုးမိတာလဲ၊ ကားတောင် သိပ်မစိုပါလား ကွ"

ကျော်သက်က နောင်လင်းကို ခပ်တိုးတိုး နောက်သည်[...]

"မင်းတို့ . . ဘယ်ဝင်နေတာလဲ . . . မှန်မှန်ပြောစမ်း ကိုယ့်လူ"

"ဘယ်မှ မဝင်ပါဘူးကွာ၊ မင်းကလည်း လျှောက်မပြော စမ်းပါနဲ့၊ နန်းလေး ရှက်နေဦးမယ်"

"ဟ . . . နန်းလေးတောင် ဖြစ်သွားပြီလား"

"ရှူး . . . တိုးတိုး၊ ကိုယ်ချင်းစာစမ်းပါ ကျော်သက်ရာ"

"ဘယ်လိုလဲ . . . အခြေအနေတွေ တိုးတက်သွားပြီ လား"

ကျော်သက်က ရအောင် တိုးတိုးကပ်မေးနေသည်။

"သူနဲ့ မင်းနဲ့ ဘယ်တုန်းက သိနေကြတာလဲ"





"နန်းက မျက်ချယ်သူငယ်ချင်းပဲ"

"ဟုတ်လား . . . မင်းက ခြေလှမ်းတယ်သွက်ပါလား [...]င်လင်းရ"

ကားရပ်ပြီးနောက် သဇင်က နန်းကို ဆွဲခေါ်သွားတာမို့ [...]လိုက်လာရင်း တီးတိုးတီးတိုး ပြောနေတာဖြစ်သည်။

သဇင်တို့ခြံကြီးက အတော်ကျယ်ဝန်းပါသည်။

စိန်ခြယ်ပန်းတွေ၊ ဂန္ဓမာပန်းခင်းတွေက တမျှော်တခေါ် [...]ည့်လို့ မဆုံးနိုင်ပေ။

"ပန်းခင်းတွေ များလှချည်လားကွ၊ ဘယ်နှစ်ကတောင် [...]ထားတာလဲ"

"ငါလည်း ခုမှရောက်ဖူးတာ၊ ဘယ်သိမလဲကွ"

"မင်းကတော့ ပန်းလည်း စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

ကျော်သက်က ရယ်ကျဲကျဲ ဖြစ်သွားပါသည်။

"ဘယ့်နှယ်လဲ မင်းယောက္ခမလောင်းကြီးနဲ့ တွေ့ပြီးပြီ [...]း၊ အိုကေပါတယ်"

"အဘွားကြီးက ရိုးပါတယ်၊ သဘောလည်း ကောင်းတဲ့ပုံ [...]ငါ့မှာ တစ်လမ်းလုံး စိတ်ပူလာတာကွ"

"အခုတော့ အဆင်တွေ ပြေသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . မင်းလည်း ငါ့ကြောင့် အဆင်ပြေ
နော်၊ ဟော့ကောင် . . . ကျေးဇူး မမေ့နဲ့"

"မမေ့ပါဘူး. . . ဟောဒီလို လက်သီးတစ်ချက်နဲ့ ကျေး
ဆပ်ရမယ်"

"ဟာ. . . ဟော့ကောင်"

"ဟား. . . ဟား. . . ဟား"

နောင်လင်း လက်သီးစာကျွေးတော့ ကျော်သက်
ကမန်းကတန်း ရှောင်တိမ်းသဖြင့် နှစ်ယောက်သား ရယ်မော
ကာ အလိုလို အူမြူးနေကြပါသည်။

တိုက်ထဲရောက်တော့ ဧည့်သည်တွေ သိပ်မရှိသေး

သဇင့်အမေနှင့် အဒေါ်က မီးဖိုချောင်မှာ ပြင်ဆင်ချက်ပြုတ်
နေကြ၏။ သဇင်နှင့် နန်းက အဝတ်အစားလဲပြီးလျှင် မီး
ဆောင်မှာ လိုအပ်တာ ချက်ချင်း ကူညီကြသည်။

သူတို့ယောကျ်ားလေးနှစ်ယောက်ကတော့ အိမ်ရှေ့
ဧည့်ခန်းမှာ လက်ဖက်သုပ်စားရင်း အနားယူရုံပါပဲ။

ဟန်ကျနေပါသည်။

နောင်လင်းက နန်းအနားသွားကာ ကူညီပေးချင်
သည်။ ဒါပေမယ့် ကိုယ်က ဒီမှာ ဧည့်သည်မို့ ဟိုဒီ သိပ်မဝံ့





"ကျော်သက်. . . မင်းရဲ့သဇင်က ထွက်မလာပါလား"

"သူမှ မအားဘဲ"

"ဘာတွေ ချက်နေတာလဲ"

"မသိဘူးလေကွာ"

"မင်းက နောက်ဆို သမက်ဖြစ်မယ့်သူပဲ၊ အထဲဝင်ကြည့်
လေကွာ၊ လိုတာလည်း ဝိုင်းချက်ပေးပေါ့"

"ဟာ. . . မဖြစ်ဘူး၊ ငါလည်း ဘာမှ မချက်တတ်ဘူး"

သူတို့ ခပ်တိုးတိုး ငြင်းခုန်နေဆဲမှာ လိုက်ကာစလေး
ဖွတ်ခနဲ လှပ်သွားပြီး သဇင် ခေါင်းပြူလာ၏။

"ကိုသက်တို့ ပျင်းနေကြပြီလား၊ အဲဒီမှာ စာအုပ်တွေ
ဂျာနယ်တွေ ရှိတယ်နော်၊ ဖတ်ချင်ဖတ်နေလေ"

"သူက မသဇင်အနား လာချင်နေတာ"

"ဟင်းချက်နေတာ ကိုနောင်လင်းရဲ့၊ ညော်မှာစိုးလို့ပါ"

"ဒီတိုင်းထိုင်နေရတာ အားနာစရာကြီးဗျာ"

"သဇင်. . . နောင်လင်းက အချက်အပြုတ်ရတယ်နော်၊
သူ့ကို ခိုင်းလို့ရတယ်၊ ခေါ်သွား"

သဇင်တို့ တိုက်ကလေးမှာ မီးဖိုဆောင်က သပ်ယပ်
အကျယ်ကြီး တသီးတသန့်မို့ ဧည့်သည်ထိုင်နေလို့လည်း ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါ။ ပြတင်းပေါက် ခပ်ကျယ်ကျယ်တို့နှင့် လေဝင်လေထွက်လည်း ကောင်းသည်။

“ဒါဖြင့်လည်း လာ. . . ဆာကေး ဝိုင်းကင်ပေးပေါ့”

အထဲသို့ ဝင်သွားလိုက်သောအခါ လူငယ်ကြိုက် အကင်တို့၊ ပုဇွန်တန်ပူရာကြော်တို့ စီစဉ်နေတာ တွေ့ရသည်။

ကျော်သတ် ထင်တာက ငါးသလောက်ပေါင်းတို့၊ ကြက်သားကာလသားချက်တို့လို ရိုးရိုးကြီးတွေပဲ စားရမယ်လို့ ထင်တာ။

အခုတော့ ဘယ်ဟုတ်မလဲ။

ခေတ်မီမီ ဟိုတယ်စာပုံစံတွေ ခင်းကျင်းနေတာမို့ မျက်နှာပင် ပင့်သွားရသည်။

နန်းက ကြက်သားဆာတေးတုံးတွေကို ဝါးတုတ်တံဖြင့် မီးကင်ရန် ပြင်ဆင်နေသည်။

ဒီဖက်စားပွဲပေါ်မှာ ပြည်ကြီးငါးသုပ်ဖို့ အဆင်သင့်။

ပုဇွန်တန်ပူရာက ကြော်လက်စမို့ နောင်လင်းက ဝင်ဆယ်ပေးလိုက်သည်။

ယိုဒယားဟင်း ချိုချဉ်စပ်လည်း တစ်အိုးပါသည်။

ငါးအကောင်လိုက်ကို ပုံစံမပျက်ကြော်ပြီး ထိုအပေါ်ကနေ ချိုချဉ်ဆော့တွေ လောင်းထည့်ထားရာ မွှေးကြိုင်သင်းပျံ့နေပါ၏။





ဘဲဥပုံကြွေပန်းကန်ပြားထဲ ငါးအကောင်လိုက်ကို ထည့်ထာ ဘေးနားမှ မုန်လာဥနီတို့ သံပုရာသီးကွင်းလေးတို့ နေရာချ အလှဆင်ရတာလည်း စိတ်ဝင်စားစရာ။

သူတို့က စုံတွဲနှစ်တွဲလိုဖြစ်နေတော့ ချက်ပြုတ်ပြင်ဆင် အလုပ်ရှုပ်တာကို လုံးဝ မပင်ပန်းဘဲ ပျော်စရာပင်ကောင်းနေပါ၏။

သဇင့်မိခင်နှင့် အဒေါ်တို့မှာလည်း လူငယ်တွေအနား လာဘဲ သူတို့ဘာသာ ခပ်လှမ်းလှမ်းမှာမို့ အဆင်ပြေသည်။

“ဟဲ့. . . ဇင်ရေ၊ ဒီကြက်သားနဲ့ ပဲပင်ပေါက်က ရောကြော်ပြီး ဂျုံနဲ့ ပြန်လိပ်မှာမို့လား”

“အင်း. . . ဟုတ်တယ် မမနန်း”

“ငါ့ကောင်မလေးက တော်လိုက်တာကွာ၊ စားသောက်ဆိုင်တောင် ဖွင့်လို့ရနေပြီ၊ ဒီလောက်တော်မယ်လို့ ထင်ကို မထင်ထာကွ”

“အံမယ်. . . ကိုသက်နော်၊ လာမြှောက်မနေနဲ့”

“လက်ထပ်ပြီးရင်တော့ မိန်းမကိုပဲ စားဖို့မှူး လုပ်ခိုင်းရယ်၊ ကိုယ်တို့ကတော့ ဇိမ်ပဲ၊ အိမ်ဦးခန်းမှာ စီးကရက်လေးခဲပြီး တီဗွီ ကြည့်နေရုံပဲ၊ ဟန်ကို ကျရော”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးယဉ်မနေနဲ့၊ အဲဒီ စီးကရက်က ဖြတ်ကိုဖြတ်ရမှာ. . . သိရဲ့လား"

သဇင် မျက်စောင်းထိုး ကြိမ်းဝါးလိုက်သဖြင့် သူတို့မှာ ရယ်ရသေးသည်။

ကျော်သက်က ဘော့လုံးကန်ပေမယ့် စီးကရက်လည်း အလွန်ကြိုက်သူ ဖြစ်သည်။ သဇင်နှင့်တွေ့မှ စီးကရက်လည်း စွန့်လွှတ်ရမလို ဖြစ်နေရှာပါသည်။

နန်းကရော သူ့ကို ဘာတွေများ အမိန့်ပေးဦးမှာလဲ။

အောပရွန် အသားရောင်လေးကို ခါးမှာချည်ကာ သွက်သွက်လက်လက် လှုပ်ရှားအလုပ်များနေသော ချစ်သူအသစ်စက်စက်လေးကို နောင်လင်းက ချစ်မဝစွာ ကြည့်နေမိသည်။

သဇင်က ကြက်ဥတွေ ဖောက်ထည့်ပြီးသား ဇလုံထဲ ဖွန်းနှင့် မွှေခေါက်နေသည်။ ဘာမှသိပ်မလုပ်တတ်တဲ့ ကျော်သက်က ထမင်းစားပြီးရင် အချိုတည်းဖို့ သစ်သီးတွေကိုပဲ ရေဆေးနေ၏။

စပျစ်သီး အလုံးခပ်ကြီးကြီးတွေကို ရေစင်စင်ဆေးကာ ပန်းကန်ပြားထဲ ထည့်ရင်းက တစ်လုံးဖြုတ်ကာ ဇင့်ကို ခွံ့သည်။

တယုတယ သူတို့ပုံစံကို မြင်ဖြစ်အောင် မြင်ကာ နောင်လင်းနှင့် နန်းတို့လည်း အကြည့်ချင်းဆုံလျက် ပြုံးမိကြသည်။





"ငါတို့အားကျအောင် မလုပ်နဲ့နော် ငကျော်၊ မင်း သိပ်မကဲနဲ့"

"အို. . . ကိုနောင်လင်းကလည်း"

သဇင်က ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ဟုတ်သားပဲ၊ ရှင်က သူများတွေပဲ သွားကြည့်နေတယ်၊ ဒီမှာ ဂျုံလိပ်လုပ်ပေးပါဆိုတာကို. . ."

နန်းက အခုကတည်းက သူ့ကို နိုင်စားဟန်လေးနှင့် ပိုင်စိုးပိုင်နင်း ဆိုပါသည်။

သဇင်သည် မမနန်း ဟန်ပန်လေးကို မသိမသာ အကဲခတ်သည်။

ရန်ကုန်အိမ်ကို ပြန်ရောက်ရင်တော့ ဒီည ပြောစရာစကားတွေ ကုန်မှာ မဟုတ်။

မမနန်းမှာ ဇင့်ကို လျှို့ထားတဲ့ ဖွက်ဖဲတွေ ရှိနေသည် မဟုတ်လား။

ကိုနောင်လင်းကို ကြည့်ရတာ. . မမနန်းအပေါ် ရိုးပုံမရ။

ဘာပဲဖြစ်ဖြစ် အခုလို ပတ်သက်ဆက်စပ်မှု ရှိနေတာကို သဇင် ကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူထားရာမှာ အဖော်ရတော့ မကောင်းဘူးလား

ကိုသက်နှင့် ကိုနောင်လင်းကလည်း ရင်းနှီးတဲ့ဘော် အရင်းအချာတွေ ဖြစ်နေတယ်လေ။ ဒါဟာ ကံကောင်းတဲ့အချ ပဲပေါ့။

ကိုယ့်အချင်းချင်းတွေ လာဆုံတော့ နောင်လည်း လ တွဲမပျက် ပျော်ပျော်နေသွားနိုင်သည်။

ကိုနောင်လင်းရဲ့အကြည့်မှာ မမနန်းအပေါ် ကြင်န ယုယစွာ တမြတ်တနိုး ချိုမြိန်နွေးထွေးလှတာ ဘေးကနေ သိသာနေပါသည်။

"အေးပါ. . ငါ့ကိုတော့ လျှောင်ထားပေ့ါ မင်းအလှည့် မှ တွေ့မယ်၊ သတိသာထား၊ မမနန်း သူ့ကို သိပ်မယုံနဲ့ဗျ၊ သူ့ အကျင့်တွေ ကျွန်တော် ကောင်းကောင်းသိတယ်၊ အကုန်ပြော မယ်"

"မင်းမပြောလည်း ငါ့အကြောင်းတွေ နန်းက သိပြီးသား ပါကွာ၊ ဟုတ်တယ်မို့လား နန်း"

နန်းဆန်သူက ပြုံးရုံလေးသာ ပြုံးနေပါသည်။

သူနှင့် ချစ်ခွင့်ရသောအဖြစ်ကို နန်းရင်ထဲ ဝမ်းသာဝမ်း နည်း ခံစားနေရသည်။





မျက်ချေယ်သာ နန်းတို့ကိစ္စကို သိသွားလျှင် နန်းကို အပြစ် တင် မုန်းမျက်သွားမည် ထင်သည်။

"ကြိုက်စရာရှားလို့ ငါ့လူကိုမှ ကြိုက်ရသလား"

မေးရင် နန်း အဖြေရခက်မှာ သေချာသည်။

ကိုယ်လည်း မမှားဘဲ အလိုလို ရှုံးနိမ့်သလို ဖြစ်နေရတာ ကို ဘဝင်မကျ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

"ကဲ. . . သစ်သီးစင်တွေ ဒီဖက်ပေး၊ ဇင် ပန်းကန်ထဲ လှအောင် ပုံဖော်ပြီး စီထည့်ပေးမယ်"

သဇင့်စကားကြောင့် အတွေးစပြတ်ကာ လုပ်လက်စ အလုပ်တွေထဲ အာရုံ ပြန်ရောက်သွားပြန်သည်။

သဇင်တို့က တိုက်သစ်ကလေးမှာ အိမ်တက်သဘော လုပ်တယ်ဆိုပေမယ့် ဖိတ်ထားတဲ့ဧည့်သည်က များများစားစား မရှိလှ။

တကယ်တော့ သူ့ကိုသက်ကို မိတ်ဆက်ပေးချင်လို့သာ ပွဲလေးသဘော ဖန်တီးတာပါ။

ဆွေမျိုးသားချင်း ဧည့်သည်တစ်ချို့ပြန်သွားမှ လေး ယောက်သား နံနက်စာ ဝိုင်းဖွဲ့ စားဖြစ်သည်။ ထိုနေ့လေးက မမေ့နိုင်စရာ ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် မျက်နှာချင်းဆိုင်ကာ လက်စုံစားရသော ထမင်းဝိုင်းက ကြည်နူးစရာပါ။

နန်းဆန်သူရင်ထဲမှာ ပျော်နေသည်။

သို့သော် တစ်ခုခုကို လည်း စိုးထိတ်နေသည်။

သူ့ကို မြန်မြန်ဆန်ဆန် ချစ်လိုက်မိတာ နန်းမှာ အပြစ် မရှိပါဘူးနော်။

မရဲတရဲတွေးကာ နန်းစိတ်ထဲ မလုံသလိုလည်း ဖြစ်နေ သည်။

မတော်တဆ မျက်ချယ်နဲ့ တွေ့ခဲ့ရင် သူမ ဘယ်လို ရင်ဆိုင်ရမလဲ။

ကိုနောင်ရယ်. . .

လက်တွဲရင်ဆိုင်ဖို့ သတ္တိတွေ ပေးလှည့်ပါနော်။

ဘယ်သူဘယ်လိုတားတား နန်း ရှင့်ကို ချစ်နေမှာ သိလား။



နန်း စိုးရိမ်နေမိသော နေ့တစ်နေ့က လျှင်မြန်စွာပင် ကျရောက်လာပါသည်။

ကိုနောင်နှင့် ချစ်သူဖြစ်ပြီး ငါးရက်ခန့်မှာပင် နန်းဆန်သူ ၏အိမ်ကို မျက်ချယ်ဇင် ရောက်လာခဲ့ပါသည်။

ခါတိုင်းလည်း ခုလို ကားလေးမောင်းပြီး တစ်ယောက် တည်း ရောက်လာနေကျဆိုပေမယ့် ဒီတစ်ခါတော့ နန်းဆန်သူ ရင်မှာ ဒိတ်ကနဲ မြည်ဟီးတုန်ခါသွားရသည်။

သူ့ကားအနီးသို့ လျှောက်လာသော နန်းခြေလှမ်းတွေ က မူမမှန်ချင်။

မျက်ချယ်က ကားပေါ်က မဆင်းသေးဘဲ သူမကို မော့ ကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်တက်စမ်းပါဦး. . . နင့်ကို ပြောစရာရှိတယ်"

"ဘယ်ကိုလဲ မျက်ချယ်၊ ဒီညနေ ငါ မအားဘူး၊ ဖေဖေ့ အပြင်သွားစရာရှိတယ်"

"ဒါဆိုလည်း ပြီးတာပဲ၊ ခြံထဲမှာပဲ ထိုင်မယ်၊ ရတယ်မှ"

မျက်ချယ်လေသံက အနည်းငယ် မခိုးမခန့် ဖြစ်နေသ နန်း ခံစားမိသည်။

သူ . . . သိများသိသွားပြီလား. . .

နန်းမှာ အပြစ်မရှိဘူးထင်ပေမယ့် မျက်နှာကတော့ တာပါပဲ။ သူ့ရည်းစားဟောင်းကို ကိုယ်က ကြိုက်မိမှတော့ ဆိုင်ဖို့ အသင့်ပြင်ထားရတော့မည်။

စိုးရွံ့ရှောင်ဖယ်နေလို့လည်း မဖြစ်နိုင်ပါ။

အစကတည်းကလည်း တွေးမိပါတယ်။

အနည်းဆုံး ကိုနောင်နဲ့ တွဲသွားတဲ့အခါ. . .

*'အဲဒါ အရင်က မျက်ချယ်လူပေါ့'*

ဟု မေးငေါ့ဝေဖန်စရာတစ်ခုတော့ ဖြစ်နိုင်သည် မဟုတ် လား။ မျက်ချယ်က ကားသော့လေး လက်ထဲ လှည့်ပတ်က ရင်း မြက်ခင်းစပ် ထီးအမိုးအောက်မှာ ချထားတဲ့စားပွဲမှာပဲ သွာ ထိုင်သည်။





"ဘာသောက်မလဲ. . . မျက်ချယ်"

"မလိုဘူး. . . ငါ ရင်ပြည့်နေတယ်"

မျက်ချယ်က ထိုင်ခုံကျောမှီကို မှီကာ သူမကို ခပ်တင်း တင်း ကြည့်လေသည်။

မျက်လုံးတွေထဲမှာ တင်းမာရိပ်နှင့်အတူ ဒေါသခိုးတွေ ပါသည်။ နန်း မျက်နှာလေးပျက်ကာ တစ်မျိုးဖြစ်သွားရ၏။

"နင့်ကို နောင်လင်း ကားပေါ်မှာ တွေ့လိုက်တယ်၊ အဲဒါ ဘယ်လိုသဘောလဲ၊ နည်းနည်းလောက် ရှင်းပြစမ်းပါဦး"

မျက်ချယ်လေသံမှာ အထက်စီးနင်းဆန်လှ၏။ မျက်နှာ ပေးကလည်း တရားသူကြီးလို ပုံစံ။

နန်းကို သူ စစ်ဆေးမေးမြန်းပိုင်ခွင့်ရှိသလို ဟန်ပန်မျိုးပါ။ န်းက ခပ်အေးအေးသာ ကုလားထိုင်ဆွဲပြီး ထိုင်လိုက်၏။

"နောင်လင်းက ငါနဲ့ ကြိုက်ဖူးတဲ့ ငါ့ရည်းစားဆိုတာ နင် သိပါတယ် နန်းရာ၊ ဒီလောက်တော့ မျက်နှာပြောင် မတိုက်သင့် ဘူးလို့ ငါထင်တယ်"

"နန်းက နင့်ဆီကနေ လုယူတာ မဟုတ်ဘူးလေ၊ နင်နဲ့ ပြတ်သွားပြီပဲ၊ နင်ကိုယ်တိုင် နင် ရွေးပြီးသားပဲ၊ သူ့ကို နင်က ပြီး စွန့်ပစ်တာပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ငါ့ကိစ္စလေ"

"ငါ ကိုနောင်လင်းကို လက်ခံတာ လက်မခံတာလည်း ငါ့ကိစ္စပဲ"

"ဩော်. . . နင်က ဒီလိုလား. . ."

မျက်ချယ်က ပုခုံးလေးတွန့်ကာ ရယ်လိုက်ပါသည်။

"သူများဝတ်ပြီးသား အကျႌဟောင်းတစ်ထည်ကိုမှ နင်က မက်မောတယ်ဆိုတော့ မတတ်နိုင်ဘူးပေါ့၊ မျက်ချယ်သာဆိုရင် တော့ သူများသုံးပြီးသားပစ္စည်းဆို လုံးဝ မသုံးချင်ဘူး၊ သူများ ရည်းစားကြိုက်ဖို့တော့ အဝေးကြီးပဲ"

"အခုလက်ရှိကိုနောင်လင်းမှာ ချစ်သူမရှိပါဘူး မျက်ချယ် နင်နဲ့ ပတ်သက်ခဲ့တဲ့အတွက် သူ့ဆီမှာ နောင်တပဲ ရှိတယ်"

"ဟား. . . ဟား. . . သူ ကျန်ရစ်မှတော့ သူက ဒီလို ပြောမှာပေါ့၊ ယောကျ်ားတွေအကြောင်းကို နင် မသိပါဘူး နန်းရဲ့ သူက ငါ့ကို ချိုးပြချင်လို့ ငါ့သူငယ်ချင်းကို ဖန်တာ၊ ဒါ ကလဲ့စား ချေနည်း တစ်မျိုးပဲ၊ နင်က သိပ်အ,ပါလား နန်းရာ၊ အလကား သက်သက် ဓားစာခံ အဖြစ်ခံတယ်၊ နောင်လင်းဆိုတာ ငါ့အတွက် ဘာမှ မက်မောစရာ မရှိဘူး၊ ငါ သေဆိုသေ၊ ရှင်ဆိုရှင်မယ့်ကောင် ပါဟာ၊ ငါက နင့်ဖက်ကနေ နမြောလို့ မခံချင်လို့ပါ၊ ငါနဲ့သူ





ပြတ်တာ ဘယ်လောက်များကြာသေးလို့လည်း နန်းရဲ့၊ တကယ်ဆို နင့်ကို အကဲစမ်းလိုက်တာပါ၊ နင်က အတွေ့အကြုံ မရှိလို့ အဟုတ်ကြီး ထင်တာ၊ နောင်လင်းစိတ်ထဲမှာ နင့်ကို ဘယ် လောက် အထင်သေးနေလိုက်မလဲဟင်. . စဉ်းစားကြည့်ပါလား"

တစ်ခွန်းပြီးတစ်ခွန်း ဆင့်ကဲဆင့်ကဲနှင့် မျက်ချယ်စကား တွေက သူမကို ထိုးနှက်စော်ကားနေပါလား။

နန်းသည် ရွတ်တရက် စကားလုံးတွေနှင့် တရစပ် တိုက် ခိုက်ခံရတာ ဖြစ်သည်။

တကယ်ဆို သူ စွန့်ပစ်ပြီးသား အရာတစ်ခုအပေါ် ဒီ လောက်ထိ ဝင်မစွက်ဖက်သင့်တော့ပါ။

မျက်ချယ်စကားတွေက ဘောင်ကျော်နေသည်။

ကိုနောင့်ကိုလည်း သူ့လက်ခုပ်ထဲကရေလို ပုံစံမျိုး နင်း တန်ချိုးဖွဲ့ နှိမ့်ချနေသည်။

သူ လှည့်စားမာယာပြလို့ရခဲ့တာ အရင်က ကိုနောင်ပါ။

အခု ကိုနောင့်ဆီမှာ မှန်ကန်သော အသိတရား ရှိနေခဲ့ ပါပြီ။

သူစေခိုင်းရာ က,နိုင်မှာ မဟုတ်တော့။

ဒါကို မျက်ချယ် မသိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



"မထင်ဘူးဟာ. . . ငါ့သူငယ်ချင်း နန်းတစ်ယောက် ဒီ လောက် အပေါ်စားဆန်လိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး သိလား၊ နှင့်ကို ငါက ဖြူဖြူစင်စင် မိန်းကလေးလို့ ထင်ထားတာ ဒါမျိုးလုပ်ဖို့ ရှက်သင့်ပါတယ် နန်းရာ၊ အနည်းဆုံး နှင် ငါနဲ့တော့ ကြိုတိုင်ပင်သင့်တယ်"

ဟား. . . ဟား. . . သူနဲ့ပဲ တိုင်ပင်ရမယ်တဲ့။

ရန်သူတစ်ယောက်ဆီမှာ အကြံဉာဏ်တောင်းလို့ရတာ ကတော့ သေလမ်းပဲ ရှိမှာပေါ့။

မျက်ချယ်ပြောပုံကို နန်း စိတ်ထဲ လှောင်ရယ်ပစ်လိုက် ချင်သည်။ ဒီကိစ္စနဲ့ ပတ်သက်လို့ စေတနာကောင်းတွေပဲ ရှိမလို လုပ်နေသေးသည်။

"နှင့်ကို တိုင်ပင်ဖို့က အားနာစရာလေ၊ ကိုနောင်က နှင့် ပတ်သက်ခဲ့ဖူးတဲ့ ယောကျာ်းတစ်ယောက်ဆိုတာ မှန်ပါတယ် မျက်ချယ်၊ ဒါပေမယ့် သမီးရည်းစားအဆင့်ပဲ ပတ်သက်တာ နှင် သူ့ကို မပိုင်ပါဘူး"

"ငါကလည်း ပိုင်တယ်လို့ မပြောမိပါလား နန်းရဲ့"

"အခုဆိုရင် နှင့်မှာ လက်ထပ်ရမယ့်သူလည်း အနားမှာ ရှိနေပြီ၊ ကိုနောင်နဲ့ နှင်နဲ့ ဘာမှမဆိုင်တော့တာပဲ၊ နှင် သူ့





ချစ်ခဲ့တာလည်း မဟုတ်ဘူး၊ ကစားရုံလေး လှည့်ပတ်ကစားခဲ့တာ၊ အခုအချိန်မှာ နှမြောစရာအကြောင်း မရှိပါဘူး မျက်ချယ်"

"ငါ နှမြောတာ နောင်လင်းကို မဟုတ်ဘူး၊ နှင့်ကို နှမြော တာ နားလည်လား၊ နှင် ခံရမှာစိုးလို့ သနားနေတာ"

"သူ နန်းအပေါ် မရက်စက်ပါဘူး၊ သူက ယောကျာ်း သပြီး သဘောထားကြီးတဲ့ လူတစ်ယောက်ပါ"

"အမယ်လေး. . . အမွန်းက တင်နေသေးတယ်၊ နှင်က နောင်လင်းအကြောင်းကို ဘယ်လောက်များသိလို့လဲ၊ နှင့်ကို ဟိုက နူးမနပ်မှန်း အစောကြီးကတည်းက ရိပ်မိတယ်၊ သူ တစ်ချက် လေး ကြည့်လိုက်တာနဲ့ နှင့်မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေပြီမဟုတ်လား၊ ကလည်း ဒါကြောင့် နှင့်ကို အသုံးချတာပေါ့ နန်းရဲ့"

မဟုတ်ပါ. . .။

မျက်ချယ် စွပ်စွဲသလို လုံးဝ မဟုတ်။

နောင်လင်းက နန်းဆန်သူကို အမှန်တကယ် မြတ်နိုး က်ဝင် စုံမက်တာပါ။

ဒါကို နန်းတို့နှစ်ယောက် နှလုံးသားချင်း နားလည်သည်။

နန်းသည် နောင်လင်းအပေါ် သံသယ လုံးဝမရှိ။

အကြွင်းမဲ့ ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ချစ်မိတာလည်း အပြစ်တစ်ခုဟု မထင်။

မျက်ချယ်ကို မျက်နှာပူ အားနာမိတာကလွဲလျှင် နန်း ရဲ့ အချစ်ရေးမှာ တစ်ခြား ဘာပြဿနာမှ မရှိပါ။

မျက်ချယ်နှင့် ကြိုက်ဖူးလို့ဆိုတဲ့အချက်ဟာ နန်း နော ဆုတ်ဖို့ လုံလောက်တဲ့အချက် မဖြစ်နိုင်ဘူးဆိုတာလည်း အခ စဉ်းစားပြီးသားပါ။

မျက်ချယ်ကြောင့်မို့လို့ နန်းက ကိုယ်ချစ်သော ယောကျ် တစ်ယောက်ကို မချစ်ဖို့ ဆင်ခြင်နောက်ဆုတ်ရမယ်ဆိုတာလည်း အဓိပ္ပာယ် မရှိပါဘူး။

နန်းသည် စိတ်ကို တင်းလျက် မျက်ချယ်ကို အေး စက်သာ တုန့်ပြန်ကြည့်နေမိသည်။

ဘာလိုပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်အတွက် ပြဿနာဖြစ်၊ သက်ရှင်နေရမှာတော့ ရှက်စရာပဲ။

ဒါကို မလိုလားတာ အမှန်ပါ။

"ငါ ပြောတာ နားလည်ရဲ့လား နန်း"

သူက ကျူရှင်ဆရာမလို နားလည်လားဟု ဆရာမ လေသံနှင့် မေးသေးသည်။

"ဘာကို နားလည်ရမှာလဲ"





"နောင်လင်းကို နင် မယုံနဲ့၊ ဆက်မတွဲနဲ့၊ ရပ်တန်းက ရပ်လိုက်တော့"

"ဆောရီးပဲ မျက်ချယ်၊ ငါ့ ကိုယ်ရေးကိုယ်တာကိစ္စ ငါ့ ဘာသာ စဉ်းစားဆုံးဖြတ်တတ်ပါတယ်၊ နင် အမိန့်ပေးလို့ ဘယ်ရ ပါ့မလဲ၊ ငါတို့ တစ်ဘဝစာလက်တွဲဖို့ ချစ်တာပါ၊ ပေါ့ပေါ့ဆဆ သဘော မဟုတ်ဘူး၊ အဲဒီအတွက် ငါ စိတ်အနှောင့်အယှက်တော့ ဖြစ်ရတယ်၊ နည်းနည်းတော့ မျက်နှာပူစရာကောင်းတာပေါ့ဟာ၊ ဒါပေမယ့် ဘာတတ်နိုင်မလဲ၊ သူက လမ်းမှားကို လျှောက်ခဲ့မိတာ ကိုး၊ နင်နဲ့ ဇာတ်လမ်းက လုံးဝ ပြီးသွားခဲ့ပြီပဲ၊ ကျေးဇူးပြုပြီး နင်လည်း အဲဒါကို မေ့လိုက်ပါလား မျက်ချယ်"

"ဪ. . . နင်က ငါ့ရည်းစားဟောင်းကို ဆက်တွဲမယ် ပေါ့ ဟုတ်လား. . . နန်း ပတ်ဝန်းကျင်က နင့်ကို ရှုံ့ချကဲ့ရဲ့မှာ နင် ထည့်မတွက်ဘူးလား၊ နောင်လင်းမှာ ဘာတွေ ဒီလောက် မက်မောစရာ ရှိနေလို့လဲ၊ ယောကျ်ားတွေ ပေါပါတယ်၊ နန်း အတွက် ဒီလောက်ရှားမယ် မထင်ပါဘူး"

"ငါတို့ချင်း နားလည်မှု ရှိပါတယ်၊ သူ့မှာ ရည်းစားတစ် ယောက် ရှိခဲ့ဖူးတာ ကြီးမားတဲ့ ပြဿနာမှမဟုတ်ဘဲ၊ အဲဒါက နင် ဖြစ်နေလို့သာ နင် အခုလို ငါ့ကို ပိုင်စိုးပိုင်နင်း လာပြောခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ နင့်နေရာမှာသာ တခြားမိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရင် အဲဒီမိန်းကလေးက သူနဲ့ ပြတ်ပြီးသား စွန့်ခွာပြီးသားယောက်ျား တစ်ယောက်အတွက် အရေးလုပ်ပြီး စကားထဲ ထည့်ပြောနေမှာတောင် မဟုတ်ဘူး”

“ဘာရယ်. . . နန်း၊ နင်စကားပြောတာ ရင့်လှချည်လား ငါကပဲ စိတ်မကုန်လို့၊ မနာလိုလို့၊ မပြတ်သားလို့ နင့်ကို လာပြန်ရစ်နေတာလို့ ဆိုလိုတာလား၊ နောင်လင်းနဲ့ ပတ်သက်လို့ တားမရရင်လည်း မတတ်နိုင်တော့ဘူး၊ နင့်ကြည့်ရတာ ရောဂါအတော်ရင့်နေပြီ၊ နောင်လင်းက ဒီလောက်ရက်ပိုင်းလေးနဲ့ ဘာတွေ သွေးဆောင်ဖြားယောင်းလိုက်လဲ မသိဘူးနော်၊ အေးလေ. . . နင့်ဖက်ကတော့ မမြင်ဘူးတော့ မူးမြစ်ထင်မှာပဲပေါ့၊ နင်ဟာ အစကတည်းက အယုံလွယ်ပြီး ပျော့ညံ့ညံ့သံမားဆိုတော့ . . .”

နန်းအထင်တော့ မျက်ချယ်ဟာ သူ့စိတ်ထဲ မကျေမနပ်တနုံ့နုံ့ဖြစ်တိုင်း နန်းကို စကားတွေနှင့် တင်စီးပစ်ပေါက် အနိုင်ယူနေသည် ဆိုတာပဲ။ တမင် ဖိနှိပ်ပြီးပြောတာတွေ နန်းက သည်းခံနားထောင်နေလိုက်တာ ဖြစ်သည်။

“အစွဲကြီး စွဲနေပြီဆိုရင်လည်း ဆက်တွဲလိုက်ပေါ့၊ ဒါပေမယ့် နင့်တို့ ဘာဆက်ဖြစ်မလဲ ငါ သေချာစောင့်ကြည့်နေလိုက်ဦးမယ် . . . သိလား၊ နင့်လို သစ္စာမရှိတဲ့သူငယ်ချင်းမျိုး ငါ့စာရင်းထဲမှာ မရှိတော့ဘူး မှတ်”

မျက်ချယ်သည် အနိုင်မခံ အရှုံးမပေး ဒေါနှင့်မောနှင့် ရေရွှတ်ကြိမ်းဝါးကာ ဆောင့်ကြီးအောင့်ကြီး ထပြန်သွားခဲ့၏။

ကားပေါ်တက်ကာ စက်သံအကျယ်ကြီးနှင့် ဝေါကနဲမောင်းထွက်သွားပုံမှာ ဘယ်သူ့မှ ဂရုမစိုက်ပါဘူးဆိုတဲ့ပုံစံ။

ပြတ်ပြီးသား ရှည်းစားလည်း ဆိုသေး. . .

ဆတ်ဆတ်ထိမခံ လာသောင်းကျန်းတာလည်း သူပဲ။

နန်းသည် စိတ်ရှုပ်ရှုပ်နှင့် ပင့်သက်မောသာ ရှိုက်မိသည်။







www.burmeseclassic.com

www.burmeseclassic.com

မျက်ချယ်သည် မှန်တင်ခုံရှေ့ထိုင်ကာ စိတ်ရှုပ်လက်ရှုပ် အလှပြင်ရင်း ခေါင်းထဲမှာလည်း အတွေးမျိုးစုံနှင့် တွေဝေဝေ ဖြစ်နေမိသည်။

ကိုဖြိုးနဲ့ စေ့စပ်ကြောင်းလမ်းဖို့ လက်ခံခဲ့မိတာ သူမ မှားသွားပြီလား။

ဒီတစ်ခါတော့ နောင်လင်းက သူမအပေါ် ပြတ်ပြတ်သားသားကြီး စိတ်နာသွားခဲ့ပြီ။

အရင်က မျက်ချယ် ဘာလုပ်လုပ် ခွင့်လွှတ်ပြုံးလေးနှင့်သာ ပြီးသွားတတ်တဲ့သူ။





အခုတော့ အချစ်ကြီးတဲ့ နောင်လင်းကို သူမ တကယ် လက်လွှတ်ဆုံးရှုံးခဲ့ရပြီလား။

မျက်ချယ်စိတ်တွေက မပြတ်မသားနှင့် နောင်တရချင်လာသည်။

ကိုဖြိုးနဲ့ သွားလာလည်ပတ်ရတဲ့အခါတိုင်း မျက်ချယ် ရင်မှာ နောင်လင်းကိုပဲ ပြန်သတိရတတ်သည်။

မထင်မှတ်ဘဲ နောင်လင်းက နန်းဆန်သူဖက် လှည့်သွားတော့ ပို၍ အခံရခက်သည်။ ဒါဟာ လင်း အရွဲ့တိုက်တာပဲဖြစ်မှာပါ။ လင်း ဒီလောက် မရက်စက်ပါဘူး။

ရင်ထဲက လင်းအပေါ် ယုံကြည်နေမိဆဲပါ။

အခုတော့ အချစ်ဆိုတာ ဘာလဲ သူမ သဘောပေါက်စပြုပြီ။

လင်းကို ချစ်နေတုန်းပဲဆိုတာ တစ်ခါလောက်တော့ ဝန်ခံ ပြောပြချင်သေးသည်။

မျက်ချယ်ကို ခွင့်လွှတ်နိုင်မလား လင်းရယ် . . .။

လင်းအပေါ် အနိုင်ယူ ဆိုးခဲ့မိပါတယ်။

မျက်ချယ်ဇင်သည် နောင်လင်းကြိုက်တတ်သော ခရမ်းပြာရောင်ဝတ်စုံလေးကို အမှတ်တရ ထုတ်ယူဝတ်ဆင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကျီလေး ဝတ်ထားတုန်းက မျက်ချယ်ကို သိပ်လှတယ်ဟု ပြောကာ တစိမ့်စိမ့်ကြည့်ခဲ့ဖူးတာ ပြန်အမှတ်ရတာမို့ ရင်ထဲ နွေးဖြာလာရသည်။

လင်းရယ်. . .

လင်းကို နန်းလက်ထဲ အပ်မခံနိုင်ဘူး။

သူမ မလိုတမာ တွေးသည်။ ကိုယ့်လက်ထဲက အဖိုးတန်ပစ္စည်းတစ်ခုကို တစ်ပါးသူ ယူသွားမှာ မျက်ချယ် စိုးရိမ်လာသည်။

ခုတလော ဒါကိုပဲ စိတ်ထဲ တနုံ့နုံ့နဲ့တွေးကာ နေမရထိုင်မရ ဖြစ်နေသည်။ ညကလည်း သေချာအိပ်မပျော်။ အဆုံးရှုံး မခံချင်သော ဆန္ဒတွေနှင့် လူက ပူလောင် ယောက်ယက်ခတ်နေခဲ့သည်။

နန်းဆန်သူဆိုတဲ့ မိန်းမကလည်း အတော်စိတ်ပျက်စရာကောင်းသည်။ လင်းကို သူက ပွဲလန့်တုန်း ဖျာခင်းတာလေ။ ဒီလိုရမလား။ တကယ်ဆို မျက်ချယ်တို့ပွဲထဲ သူ ဝင်မလာသင့်ပါဘူး။

သူငယ်ချင်းချင်း စည်းလေးတော့ ရှိရမှာပေါ့။

အရင်ကတည်းက ကိုနောင်လင်း သနားပါတယ်ဟာဟူသောကနေ ကရုဏာသက်နေခဲ့တာ အကောင်းမှတ်လို့. . . ဟွန်း။





တကယ်တမ်း. . . သူ . . . ခိုးကြိုက်နေတာကိုး။

မျက်ချယ်သည် နန်းကိုလည်း ချိုးချိုးဖွဲ့ဖွဲ့ နစ်နစ်နာနာကြီး တွေးကာ မုန်းတီးခါးသီးနေမိ၏။

သူက လင်းကို ချစ်စရာလား။

မဆီမဆိုင်. . .

မျက်ချယ် မာနကို တူးဆွလိုက်သလို ခံပြင်းမိ၏။

နောင်လင်းဆိုတာ မျက်ချယ်ထားရာမှာ နေတတ်တဲ့ယောကျ်ားမျိုးပါ။ မျက်ချယ်မျက်နှာကို အရိပ်ကြည့် လိုက်လျောကြင်နာခွင့်လွှတ်တတ်သူ။

အခုတော့ လင်း တကယ်ပြောင်းလဲသွားခဲ့ပြီလား။

သူမ မယုံချင်. . .

မျက်ချယ်ဖက်က လျှော့တွက်မိတာပဲလေ။

ကိုယ်က ထားသွားလျှင်တောင် အဲဒီယောကျ်ားက ကိုယ့်ကို မရလေခြင်းဟု တသသဆွေးကာ အချစ်ကြီး ချစ်နေစေချင်သေးသည်။

လွယ်လွယ်ကူကူ တစ်ခြားမိန်းကလေးတစ်ယောက်အစားထိုး မချစ်စေချင်။

အခုတော့ နန်းကိုမှ ချဉ်းကပ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူမ မရှုစိမ့်နိုင်အောင်။ မလိုတမာဖြစ်အောင် စိန်ခေါ်တာပဲ မဟုတ်ဘူးလား။

လင်းရယ်. . မညာပါနဲ့။ လင်းနှလုံးသားထဲမှာ မျက်ချယ် ရှိနေတုန်းပဲ မဟုတ်လား။

မျက်ချယ်လည်း အခု လင်းဖက်ကို စိတ်လည်လာချင် တယ်။

လင်းက တစ်ခြား ဘယ်ယောက်ျားနဲ့မှ မတူအောင် မျက်ချယ်ကို စိုးမိုးထားနိုင်တယ်။

မျက်ချယ်တွေ့ဖူးတဲ့ ယောက်ျားတွေအားလုံးထဲမှာ လင်းဟာ မြတ်နိုးတန်ဖိုးထားချင်စရာ အကောင်းဆုံးပဲဆိုတာ မျက်ချယ် တစ်စတစ်စ ပိုသိလာခဲ့သည်။

လင်းဟာ ဘာမှပြစ်ချက်မရှိတဲ့ယောက်ျား။

ရုပ်ရည်လည်း ချောသည်။ အရည်အချင်းလည်း ရှိသည်။

စိတ်ဓာတ်လည်း ကောင်းမွန်သည်။ ကိုယ်ကျင့်တရားနှင့် သိက္ခာပိုင်းမှာလည်း ထောက်ပြစရာ မရှိ။ အရက်သေစာနှင့် လောင်းကစားဖက်တာလည်း မရှိ။ မိန်းမလည်း မရှုပ်။

စေ့စေ့တွေးလေ အင်မတန် ရှားပါးလေပါပဲ။





လင်းလို ယောက်ျားတစ်ယောက် မျက်ချယ် ထပ်တွေ့ဖို့ ဆိုတာ မလွယ်ဘူး။

အိမ်က သဘောတူစေ့စပ်ပေးတဲ့ ဦးလှိုင်ဖြိုးဆိုတာက မျက်ချယ်ထက် အသက်ကြီးသည်။ စီးပွားရေးမှာ အတော်ကြီး ချမ်းသာတာမှန်ပေမယ့် လင်းလို အပြစ်ကင်းတဲ့သူ မဟုတ်ပါ။

မျက်ချယ်သည် ကိုယ့်ရဲ့ ပြောင်းလဲလာသောစိတ်တွေကို ကိုယ်သာ သိပါသည်။

ရင်ထဲမှာ လင်းကို တွေ့ချင်စိတ်တွေပဲ တစ်စတစ်စ ပို ပြင်းပြနေမိသည်။

ဒီနေ့တော့ လင်းကို သွားတွေ့မည်ဟု သူမ ဆုံးဖြတ် လိုက်သည်။ တက်တက်ကြွကြွနှင့် ရေမိုးချိုး အလှပြင်သည်။

သို့သော် အလှပြင် အဝတ်လဲနေရင်းက ခေါင်းထဲမှာ အတွေးတွေ ရှုပ်ထွေးနေတာ။

ဆင်ခြင့်စရာတွေကလည်း ရှိနေခဲ့ပြီ။

အရင်တုန်းကတော့ မျက်ချယ် ဘာကိုမှ မဆင်ခြင်။

သွားချင်ရာကို ဆတ်ကနဲ ထထွက်သွားလိုက်တာပင်။

အခုတော့ ဘာလို့ ထပ်တလဲလဲ စဉ်စားနေမိတာလဲ။

သူ့ကို တွေ့ချင်တာ သွားတွေ့တာ ဘာဖြစ်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ချယ် ကိုယ့်ကိုယ်ကိုလည်း အားပေးမိ၏။

လင်းသာ သူမကို မမျှော်လင့်ဘဲတွေ့ရရင် ဘယ်လိုဖြ[...] သွားမလဲ။

သိချင်လိုက်တာ. . .

အရင်လိုပဲ သူ့မျက်နှာပြင်ပေါ်မှာ ဝမ်းသာအံ့ဩကြည်[...] ရိပ်တွေ ထင်ဟပ်လာမလား။

ဘာပဲဖြစ်ဖြစ် သူက သဘောမနော ကောင်းသူ[...] မျက်ချယ်ကို နှင်လွှတ်မှာတော့ မဟုတ်ပါဘူး။

ချစ်တဲ့သူ မျက်နှာကို မျက်ချယ် တွေ့လိုလှသည်။

မငံ့မရဲဖြစ်နေစရာ မလိုပါဘူးနော်။

သူ့အကြင်နာတွေကို တစ်ခါလောက်တော့ ပြန်လိုချ[...] သည်။

သူ့ပုခုံးပေါ် မှီလိုက်ရတဲ့ အရသာကလေး ပြန်ခံစားချ[...] မိတာ မျက်ချယ် မညာချင်ပါ။

အခုတလော တစ်ခြားဘယ်အရာကိုမှလည်း စိတ်မဝ[...] စားနိုင်။ တမ်းတမိခြင်းနှင့် နှလုံးသားတစ်ခုလုံး မွန်းကြပ်နေရ[...]

သူ မျက်ချယ်အပေါ် အေးစက်စက် မာကြောကြော[...] ဆက်ဆံခဲ့ရင်ရော့ဟု စိုးရွံ့စိတ်ကလေးလည်း ဝင်နေသည်။





ကိုယ်က မှားခဲ့တဲ့သူ မဟုတ်လား။

သူ စိတ်နာနေနိုင်သည်။

ဒါပေမယ့် မျက်ချယ်ရဲ့ပရိယာယ်တွေကို သူ တင်းမခံနိုင်ပါဘူး။

မျက်ချယ်သာ သူ့ရင်ခွင်ထဲ ပြန်လာမယ်ဆိုရင်. . .

မျက်ချယ်က လျှို့ဝှက်ပိုင်နိုင်သေချာသော အပြုံးကလေး တစ်ပွင့်ကို မှန်ထဲကြည့်လျှက် လှပစွာ ပြုံးပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားပါကင်မှာ ကားထိုးရပ်ပြီးနောက် မျက်ချယ်ထ
ခြေလှမ်းမှန်မှန်လေးဖြင့် ကွန်ဒိုအထပ်မြင့် အဆောက်အဦလေး
ဆီ လှမ်းလာခဲ့ပါသည်။

ရင်ထဲမှာတော့ တထိတ်ထိတ် ခုန်နေ၏။

သူ့အခန်းဆီ တက်သွားဖို့ မဝံ့မရဲရှိလှတာ အမှန်။

ရင်ဆိုင်ရတော့မယ်ဆိုတော့ မျက်ချယ်သတ္တိတွေ ပျောက်
ဆုံးနေသည်။

ပင့်သက်လည်း မကြာခဏ ရှိုက်နေမိ၏။

ဓာတ်လှေကားခလုတ်ကို မဖိခင် တခဏ ရပ်နေ
၏။

လင်းက သူမကို နွေးနွေးထွေးထွေး ကြိုဆိုပါ့မလား





ဘာကိစ္စရှိလဲဟု ခပ်တင်းတင်း မေးလာခဲ့လျှင်. . .

မယုံမရဲ စိုးထင့်ခြင်းတွေ ရင်ထဲ ဝင်လာပြန်၏။

အခုတော့ မျက်ချယ် မျက်နှာငယ်ရမယ့်အလှည့် ရောက်
လာပြီထင်ပါရဲ့. . .

ငါ အခုနေ ပြန်လှည့်ရင်ကောင်းမလားဟု ခပ်ကြောက်
ကြောက်နှင့် တွေးမိပြန်သည်။

အို. . . တွေ့ချင်လို့ သွားတွေ့တာပဲ။

ဘာဖြစ်လဲ။

နေစမ်းပါဦး။

လင်း. . . အိမ်မှာ ရှိမနေရင်ရော။

အရင် ဖုန်းဆက်ကြည့်ခဲ့ရင် အကောင်းသား။

လင်း ဖုန်းမကိုင်မှာ စိုးရိမ်လို့သာ။

ဖုန်းတောင် လက်ခံနားမထောင်တဲ့ သူ့ကို မျက်ချယ်
ဘာလို့ အိမ်အထိ သွားတွေ့ချင်မိတာလဲ။

စိတ်တွေက မြန်သွားသည်။

အခု နဖူးတွေ့ ဒူးတွေ့ တွေ့ရမည်ဆိုတော့မှ ချွေးပျံချင်
လာသည်။

ကွန်ဒိုမီနီယံ တိုက်တွဲကြီးကို မော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ သူနဲ့ သူ့အမေနှစ်ယောက်ထဲပဲ နေကြတာ မျက်ချယ် သိသည်။

သူ့အမေက သူ့ကို သိပ်ချစ်တာလည်း မျက်ချယ် သိသည်။ ခြေလှမ်းတုန့်နေမိပြီးမှ မျက်ချယ်က အားတင်းလိုက်သည်။

ဒါလေးကို ဒီလောက်ခဲခဲယဉ်းယဉ်း စဉ်းစားနေမိတာ ဘာကြောင့်ပါလိမ့်နော်။

ငါ့ဘဝမှာ ဘယ်ယောကျ်ားအပေါ် အခုလို တခါတလေ အခစားဝင်ခဲ့ဖူးလို့လဲ။

ဒါ ပထမဆုံး . . . ငါက အရှုံးပေးတာပါ။

အရင်က ငါ တင်းမာအေးစက်တုန်းက သူဘယ်လောက် အောင့်သက်သက်ဖြစ်မလဲဟု မျက်ချယ် အခုမှ စာနာတွေးကြည့်မိ၏။

သူ့ခမျာ တကယ်ချစ်လို့ မျက်ချယ်အပေါ် အောက်ကျို့ခဲ့ရှာတာ။

လင်းရယ် . . . တို့ကို ခွင့်လွှတ်ပါ။

နှုတ်ခမ်းလေး ဖိကိုက်အားတင်းရင်း ဓာတ်လှေကား ခလုတ်ကို ဖိလိုက်သည်။





သိမ်ငယ်ခြင်းနှင့် မျက်နှာပြင်မှာ ရှက်အမ်းအမ်းကြီး ဖြစ်နေရသည်။

ဓာတ်လှေကားတံခါး ပွင့်သွားတော့ နောင်လင်းအခန်းရှေ့ ရပ်မိသည်။ ဘဲလ်နှိပ်ပြီးလျှင် သူမ အသက်မရှူဘဲ အောင့်ထားမိ၏။

"တီး. . . . တောင်"

မြည်သံလေးကို တံခါးချပ်အပြင်မှပင် ကြားရ၏။

"ဧည့်သည်ထင်တယ်. . . ဇင် ဖွင့်လိုက်မယ်နော်"

နောင်လင်းက ဧည့်ခန်းမှအသံကို နားစွင့်ရင်း တီရှပ်ကို ခေါင်းပေါ်က မြန်မြန်စွပ်ချလိုက်သည်။

သူ အခုမှ ရေချိုးပြီးစ အဝတ်လဲ ခေါင်းဖြီးနေတာ။

ဒီမနက် အိမ်ကို ကျော်သက်နှင့် သဇင်တို့ ရောက်နေကြသည် မဟုတ်လား။

"ဘာကိစ္စပါလဲရှင်"

"ကိုနောင်လင်း ရှိလား"

"ဪ. . . ရှိပါတယ်. . . ဝင်ပါ"

ကျော်သက်က ဝရံတာကနေ လှမ်းကြည့်ရင်း အိမ်ထဲဝင်လာတဲ့ အမျိုးသမီးကိုတွေ့လျှင် အံ့သြသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နောင်လင်းကို သတင်းပေးဖို့တောင် အချိန်မမီ၊ မျက်ချယ်က ဧည့်ခန်းဆီ လှမ်းဝင်လာခဲ့ပြီ။

ခရမ်းပြာရောင် အထက်အောက်ဝတ်စုံလေးနှင့် ပုန်း လွယ်အိတ် ဖန်စီအဆန်းအပြားနှင့် သူမရဲ့အလှက တောက်ပ ဝင့်စားနေပါသည်။

ရေမွှေးရနံ့လေးတစ်မျိုးကလည်း တစ်ခန်းလုံးကို မွှေး ကြိုင် သွားစေသည်။

"မမျက်ချယ်ပါလား"

ကိုသက် နှုတ်ဆက်မှ သဇင် မျက်လုံးလေး ဝိုင်းသွားရ၏။

ဒါဟာ မမနန်းရဲ့သူငယ်ချင်း ကိုနောင်လင်း ချစ်သူ ဟောင်းပေါ့။

လှလိုက်တာများကတော့ အသက်ရှူ မှားလောက်ပါရဲ့။

သူမပင် တအံ့တသြ ငေးမောသွားမိသည်။

"လင်းနဲ့ တွေ့ချင်လို့ လာခဲ့တာ"

"ဪ. . ."

ကျော်သက်က ဘာပြောရမည် မသိ။

ထိုအချိန်မှာပင် နောင်လင်းက ဆံပင်ရေစိုတွေ သဘက် နဲ့ သုတ်လက်စဖြင့် ထွက်လာပါသည်။





ဧည့်ခန်းမှာ မျက်ချယ်ကို မြင်လိုက်ရတော့ သူ မျက်နှာ ညှိုး ယမ်းပြီး ခြေလှမ်းပင် တုန့်သွားမိပါသည်။

ဟောဗျာ. . .။ ဒီမိန်းမ သူ့ဆီ ရောက်လာတယ်။

"မျက်ချယ်. . . မင်းဘယ်လိုရောက်လာတာလဲ၊ ဘာ ကိစ္စ အရေးကြီးလို့လဲ"

"အရေးတော့ မကြီးပါဘူး၊ လင်းကို တွေ့ချင်လို့ပါ"

သူမရဲ့ တိုးနွဲ့နွဲ့အဖြေကြောင့် နောင်လင်း မျက်မှောင် ကုပ်သွားရ၏။ ကျော်သက်နှင့် သဇင်က ဝရံတာဖက်သို့ အလိုက် သိသိ ရှောင်ထွက်သွားကြသည်။

ဧည့်ခန်းရှင်းရှင်းထဲ သူနှင့် မျက်ချယ်သာ ရှိနေပါသည်။

နောင်လင်းသည် ဘာပြောရမည်ပင် မသိ။

သူမမျက်လုံးတွေက နောင်လင်းကို ချိုရီနွဲ့ညှို့ တောက်ပ စွာ စိုက်ငေးကြည့်လျက်သား။

"လှမ်းကြုံလို့ ဝင်လည်တာပါ၊ လင်းအိမ်ကို မျက်ချယ် အလည်လာလို့ မရဘူးလား"

"ရတော့ ရပါတယ်"

"ဒါဆို လာထိုင်လေ၊ ဧည့်သည်ကို ဒီတိုင်းပဲ ရပ်ကြည့် နေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဖိတ်စာလာပေးတာ မှတ်လို့"

"အို. . . မဟုတ်တာ၊ လင်းကို ဘာလို့ ဖိတ်စာပေးရမှာလဲ၊ လင်း အထင်လွဲနေတာပါနော်၊ မျက်ချယ်ကဖြင့် အိမ်က သဘောတူလို့ ခေါင်းညိတ်ထားတာပဲ ရှိတာပါ၊ အဲဒီ ကိုဖြိုးကို တစ်စက်မှ ချစ်တာ မဟုတ်ဘူး"

"အဲဒါတွေက မျက်ချယ်ကဏ္ဍပါ၊ ကိုယ့်ကို ရှင်းပြစရာ မလိုတော့ပါဘူး"

"လင်း. . . စိတ်ဆိုးနေတာလားဟင်"

သူမရဲ့ တရင်းတနှီးဟန်ပန်ကြောင့် နောင်လင်း မျက်နှာ အပျက်ကြီး ပျက်မိသည်။

သူမဖက်က ဘာသဘောလဲ။

အရင်လိုပဲ ကိုယ့်ကို အရူးလုပ်လို့ရမည်ထင်နေသလား။

နောင်လင်း စိတ်ထဲ ခံပြင်းလာမိ၏။

"နောင်လင်းလို့ပဲခေါ်ပါ မျက်ချယ်၊ သူများတွေ ထင်ယောင်ထင်မှားဖြစ်အောင် မလုပ်ပါနဲ့၊ ကိုယ်နဲ့ မင်းနဲ့ ဘာမှ မပတ်သက်တော့ဘူးလေ"

"လင်း. . . တို့ကို နားလည်ပေးပါလား"

သူမက တောင်းပန်ဟန်ကလေးနှင့် ခပ်တိုးတိုး ဆို၏။





"တို့မှားသွားပြီ ထင်တယ်"

မျက်ချယ်က နောင်တရ ကြေကွဲစွာ ဆိုမိ၏။

"မင်း မှားတာပေါ့၊ မင်း ဒီကို တစ်ယောက်တည်း မလာသင့်ဘူး မျက်ချယ်၊ မင်းရဲ့ ဣန္ဒြေသိက္ခာကို ထိခိုက်နိုင်တယ်၊ နောက်ဘယ်တော့မှ ကိုယ့်ဆီ မလာပါနဲ့"

ရက်စက်သော နောင်လင်း နှုတ်ခမ်းတွေကို အံသြစွာ စိုက်ကြည့်နေမိရင်း သူမရင်ထဲ ရှိုက်သွေးတွေ ဖျန်းခနဲ တက်လာခဲ့၏။

သူမ မာနက ပြန်လည်ခေါင်းပြူလာကာ. . .

"မေးစရာတစ်ခုရှိလို့ မျက်ချယ် လာခဲ့တာပါ"

သူမဆီက နူးညံ့ရိပ်ကလေးက လျှင်မြန်စွာ ပျောက်ကွယ်သွားသည်။ သူ့ကို စူးရဲစွာ စိုက်ကြည့်နေသည်။

နောင်လင်းက သူမ အနေခက်အောင် ရည်ရွယ်တာ မဟုတ်။ ဒါပေမယ့် သူ့ဖက်က ပြတ်ပြတ်သားသား တားမြစ်မှ ဖြစ်မယ်လေ။

နန်းဆန်သူ အထင်လွဲ မခံနိုင်ပါ။

"လင်း. . . လင်းက အသစ်တွေ့လို့ တို့ကို ကန်ထုတ်ချင်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တာတွေ မပြောပါနဲ့ မျက်ချယ်၊ ကိုယ်က မင်းကို ကန့်ထုတ်တာလား၊ မင်းဘာသာမင်း ထွက်သွားတာလား၊ ပြန် စဉ်းစားကြည့်ပါဦး"

"အဲဒါက အခြေအနေအရပါ၊ တို့ရက်စက်နိုင်လို့ မဟုတ်ဘူး"

"မျက်ချယ်ဖက်က အခြေအနေတွေ မဖြေရှင်းနဲ့တော့ ကိုယ် ဘာမှ မသိချင်ဘူး"

"လင်း တို့ကို စိတ်နာနေပြီလား"

"စိတ်မနာပါဘူး. . . ကိုယ့်ရင်ထဲမှာ ဘာမှ မရှိတော့တာ"

"တို့ကို နာကျည်းတာနဲ့တို့သူငယ်ချင်း နန်းဖက်ကို ပစ်မှတ်မရွေးပါနဲ့"

"ဩော်. . . မင်းက ဒီကိစ္စကို ပြဿနာ ရှာချင်လို့လား"

"နန်းနဲ့ မပတ်သက်နဲ့"

သူမက ခုထိ သူ့ကို အမိန့်ပေးချင်တုန်းပါလား။

နောင်လင်း ဟက်ကနဲ ရယ်သွမ်းသွေးမိသည်။

ဒီမိန်းမ ဘာလဲကွာ။

သူ့ကိုယ်သူ ဘာမှတ်နေသလဲ မသိ။





"ရှင် ဘာရယ်တာလဲ လင်း"

"မင်းကို ရယ်ချင်လို့ပေါ့ကွာ၊ ဒီမှာ မျက်ချယ်၊ မင်း သိအောင် ပြောလိုက်မယ်၊ နန်းကို ကိုယ် မြတ်မြတ်နိုးနိုး လက်ထပ်ယူမှာ၊ မင်းထင်သလို လုံးဝမဟုတ်ဘူး ကိုယ်နဲ့ ထိုက်တန်ကိုက်ညီတဲ့ မိန်းကလေးကို ကိုယ် အခုမှ တွေ့တာပါ၊ ကျေးဇူးပြုပြီး မင်းလုံးဝ ဝင်မစွက်ပါနဲ့"

"နန်းကို ရှင် မကြိုက်သင့်ပါဘူး၊ တို့မျက်နှာကို ထောက်ပါဦး လင်း"

"အဓိပ္ပာယ်မရှိတာတွေ ဘာလို့ပြောနေမှာလဲ မျက်ချယ်၊ သူများကိစ္စတွေ မင်း ဝင်မပါစမ်းပါနဲ့၊ မင်းသာ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲနဲ့ ကချေနေရင် မင်းဘဝ ပျက်သွားလိမ့်မယ်၊ ဒါကိုပဲ ဆင်ခြင်ပါ"

"တို့အခုကစပြီး လိမ္မာတော့မှာပါ လင်းရယ်"

"မင်း ကောင်းကောင်းနေရင် မင်းဘဝ ကောင်းစားမှာပါ"

လင်းဆီက စေတနာစကားလေးတစ်ခွန်းကို ကြားလျှင် မျက်ချယ်နှလုံးသားမှာ ပီတိဖြာဝေသွားရသည်။

အကြာကြီး ချစ်ခဲ့ဖူးတာပဲ။

သူလည်း လွယ်လွယ်လေး စိတ်ကုန်နိုင်မှာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်ပြီး နန်းကို တွဲနေတယ်ဆိုပေမယ့် ကံကောင်း ရင် မျက်ချယ်ဖက် ပြန်လှည့်လာနိုင်ပါသေးသည်။

မျက်ချယ်စိတ်ထဲ အားတက်လာရ၏။

"သိမှာမယ်ဆိုရင် ကိုယ့်ဝမ်းသာပါတယ်၊ မင်းနဲ့ စေ့စပ် ထားတဲ့ ဦးဖြိုးလှိုင်အပေါ်မှာ မင်္ဂလာသဘောရှိတာ အကောင်းဆုံးပါ နောက်ဆို ခုလို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ မျက်ချယ်"

"အို. . . ကိုဖြိုး အထင်လွဲမှာ မျက်ချယ် ဂရုမစိုက်ပါ ဘူး"

"ကိုယ်ကတော့ နန်း အထင်လွဲမှာ စိတ်ပူတယ်"

"အမယ်လေး. . . အဖြစ်သည်းနေလိုက်တာ"

မျက်ချယ်က သူ့ကို အမြင်ကပ်စွာ မျက်စောင်းရွယ်မိ သည်။

မျက်နှာမပျက်အောင် ကြိုးစားထိန်းထားပေမယ့် မျက်ချယ် ရင်မှာ အလိုမကျနိုင်ခြင်းနှင့် ဗလောင်ဆူ လှုပ်ရှားနေရပါသည်။

သူ့ဆီ လာလိုက်မိတာ ကိုယ့်အနေအထားအမှန်ကို မျက်ချယ် သိသွားရပါပြီ။

မျက်ချယ်တော့ အဖိုးတန်ယောက်ျားတစ်ယောက်ကို ဆုံးရှုံးရတော့မည်။





ဒီတစ်ခါ မျက်ချယ် တကယ် ရှုံးပြီထင်ပါသည်။

ဘဝရဲ့ ကျေနပ်ပျော်ရွှင်မှုတွေကို ပြန်ရမှရပ့ါမလား။

သူတို့ အချစ်ရေးကို ဆက်ပြီး ဟန့်တားနှောင့်ယှက်ပစ် လိုက်ရင်ရော. . . မျက်ချယ်သည် လွယ်လင့်တကူတော့ အရှုံး မပေးချင်ပါ။

ကိုယ်နာကျင်ရတဲ့အခါ လက်တုန့်ပြန်ချင်မိတာ အမှန်။

လင်းဘဝထဲကို အသစ်တစ်ဖန်ပြန်ဝင်ရောက်ဖို့ မျက်ချယ် မှာ ကြိုးစားခွင့်တော့ ရှိသင့်ပါသည်။ လမ်းမှားကနေ လမ်းမှန်ကို ပြန်လျှောက်ရင် မကြိုဆိုဘူးလား လင်းရယ်။

တို့မျှော်လင့်ချက်တွေ ပြန်ရှင်သန်ခွင့် မရနိုင်ဘူးလား။ ကိုဖြိုးလှိုင်နဲ့ စေ့စပ်မိတဲ့အတွက် တို့ဘဝဟာ လမ်းဆုံးသွားခဲ့ပြီလား။

မျက်ချယ် လက်မခံချင်ပါ။

သူနဲ့ နန်းနဲ့ လက်တွဲပျော်ရွှင် နေကြမှာကို မျက်ချယ် လက်ပိုက်ကြည့်နေဖို့လည်း ခံနိုင်ရည် မရှိသေးပါ။

သို့သော် ခုချိန်မှာ လင်းအပေါ် စကားမမှားဖို့လည်း နှုတ်ထိန်းရပါတော့မည်။

"မင်းကို တစ်ခုတော့ ကြိုတင်ပြောထားရဦးမယ်၊ နန်းကို ထိုးနှက်ဝေဖန်တဲ့ စကားမျိုး မင်း လုံးဝမပြောမိပါစေနဲ့ မျက်ချယ်၊



www.burmeseclassic.com

www.burmeseclassic.com



နန်းကို ထိခိုက်နစ်နာစေရင် ကိုယ် ဘယ်သူ့မှ သည်းခံမှာ မဟုတ်ဘူးနော်၊ ဒါပဲ"

သူ့စကားကို မျက်ချယ် အံ့ဩစွာ နားထောင်နေမိသည်။

ဟိုတုန်းက အထက်စီးနေရာကနေ ခပ်မာမာနှင့် သူ့ကို လွှမ်းမိုးကြိုးကိုင်နိုင်ခဲ့တဲ့ အချိန်တွေဟာ တကယ်ပဲ ပြန်မရနိုင်တော့ဘူးလား။

နွေးထွေး လှိုက်လှဲတဲ့ သူ့အကြင်နာတွေကို မျက်ချယ် ဒီတစ်သက် ပြန်မရနိုင်တော့ဘူးလား။

သူ မယုံလည်း သူ့ကို မျက်ချယ် ချစ်တယ်ဆိုတာ သိစေချင်ပါသေးသည်။



မျက်ချယ်သည် ရင်ထဲမှာ ခံပြင်းလောင်မြိုက်နေသော်လည်း ကိုယ့်ရည်ရွယ်ချက်ကိုတော့ မစွန့်လွှတ်နိုင်သေးပါ။

လယ်သာဆက်တီလေးပေါ် အသာမှီ လဲလျောင်းရင်း. . .

"လင်းစကားတွေ ကြားရတာ တို့အရမ်းမောသွားပြီ၊ တို့ကို အအေးတစ်ခွက်လောက် တိုက်ပါလား"

နောင်လင်းက ခေါင်းညိတ်သည်။ အအေး လှမ်းဖျော်ခိုင်းဖို့ အိမ်က ကောင်မလေး ဘဲဥမလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့သူငယ်ချင်းရဲ့ ဘုန်းကြီးကျောင်း အလှူ
တွက် ဘဲဥမပါ ဝိုင်းကူလုပ်ပေးဖို့ အဖော်ခေါ်သွားသည် မဟုတ်
လား။

အိမ်မှာ ကျော်သက်တို့ ရောက်နေတာပဲ ကံကောင်းလို့

တော်တော်နှင့် မပြန်နိုင်သော မျက်ချယ်ကို သူတို့လည်း
ဝရံတာဖက်ကနေ မသိမသာတော့ အကဲခတ် နားစွင့်ထားကြ
သည်။

သဇင်ကတော့ မျက်နှာလေးပင် ရှုံ့မိသည်။

ကိုနောင်လင်း ရည်းစားဟောင်းဆိုတာ အတော်မလှ
တဲ့ မိန်းမတစ်ယောက်ပဲကိုး...။

သူကတော့ သဇင့်ကို မမနန်း ညီမမှန်း သိပုံမရပါ

ရဲတင်းသွက်လက်လှသော ထိုအမျိုးသမီးပုံစံကို သဇ
တအံ့တသြ ဖြစ်ရသည်။ ဘယ့်နှယ်ပါလိမ့်နော်...။

နောင်လင်းက ကိုယ်တိုင်အအေးဖျော်ပေးဖို့ မီးဖိုခ
ဖက် ဝင်ခဲ့သည်။

ထိုအခိုက်လေးမှာ မျက်ချယ်က ဆိုဖာမှာ မှီထားရာ
ဖျတ်ခနဲထပြီး အနီးက ဖုန်းခွက်ကို ကောက်ကိုင်၍ နံပါတ်
သည်။





"ဟက်လို"

တစ်ဖက်က တိုးဖွသော ထူးသံလေးကို ကြားရလျှင်
မျက်ချယ်နှုတ်ခမ်းလေးကို မဲ့ရွဲ့လိုက်ကာ...

"ဖုန်းနံပါတ်မြင်တော့ နင်က နောင်လင်းပဲ ထင်တာပေါ့
ဟုတ်လား... ဟား... ဟား၊ ငါပါဟဲ့... မျက်ချယ်ပါ၊ ငါအခု
လင်းတို့အိမ် ရောက်နေတာ"

"ဘာရယ်"

နန်းမှာ ကြားလိုက်ရသော အထက်စီးနင်းဆန်ဆန်
လေသံကြောင့် မျက်လုံးလေး ဝိုင်းသွားရသည်။

ဖုန်းနံပါတ်က ကိုနောင်တို့အိမ်ရဲ့ ကြိုးဖုန်းဖြစ်နေတာ
အမှန်ပါ။

မျက်ချယ်က ဘာကြောင့် ကိုနောင့်အိမ် သွားရတာလဲ။

ဒေါသနှင့် နန်း ရုတ်တရက် ပူလောင်သွားရသည်။

"ဘာကိစ္စမှ မရှိဘူး၊ နင် မယုံမှာစိုးလို့ ဆက်လိုက်တာ၊
ဟင်း... ဟင်း... ဒါပဲနော်... ဘိုင့်... ဘိုင်"

မျက်ချယ်က တစ်ဖက်က ဘာမှမပြောရသေးခင်
ချက်ချင်း ဖုန်းချပစ်လိုက်သည်။ ပြီးတော့ မေးစေ့လေးကို ပွတ်ကာ
ပျော်ရွှင်ကျေနပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေလိုက်ပြီလေ. . . ဘာရမလဲ. . .။

သူတို့နှစ်ယောက် ပြဿနာတက်ပေရော့. . .။

မျက်ချယ်ကို ဒီလိုလာကြောလို့ ရမလား. . .

ဟွန်း. . နောက်ထပ်လည်း မျက်ချယ်အကြောင်းတွေ သိရဦးမှာပါ။



"မမနန်းကလည်းနော် . . . ဘုမသိဘမသိနဲ့ စိတ်ကောက်တာက အရင်ပဲ၊ ကိုနောင်လင်းဖက်က လုံးဝ မမှားဘူး၊ သူက သူ့ဘာသာအိမ်ပေါ် တက်လာတာ မမနန်းရဲ့ ဇင်ကိုယ်တိုင်ပဲ တံခါးဖွင့်ပေးလိုက်တာ"

မျက်ချယ်လုပ်ပုံနှင့် နောင်လင်း မလွယ်။

သဇင်တို့ သက်သေရှိနေလို့သာ တော်ပါသေးသည်။

"ဘာပဲဖြစ်ဖြစ် . . . သူလက်ခံလို့သာ ဒီမိန်းမလာရဲတာပေါ့. . . မဟုတ်ဘူးလား"

"ဘယ့်နှယ် လက်ခံရမှာလဲကွာ၊ အဓိပ္ပာယ်မရှိတာ၊ ကိုယ် အဲလိုလူစား ဖြစ်မလားကွာ၊ နန်းက နည်းနည်းပါးပါး စဉ်းစားသင့်တယ်၊ ကိုယ့်ကို ယုံကြည်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . မျက်ချယ်ပုံစံက မစားရတဲ့အမဲ သဲနှင့်ပက်တဲ့ သဘောပေါ့။ မင်းတို့ ကျွိုင်တက်အောင် သူ တမင်ဖန်တီးသွားတာ"

ကျော်သက်ကလည်း မခံချင်သလို ဝင်ပြောလိုက်ပါသည်။

"တော်တော် အရှက်မရှိတာပဲ၊ နောင်လင်းကို လာပြန်အီနေတယ်၊ ပေါ်တင်ကြီးပဲ၊ ဟိုလူတော့ ဒီဇာတ်ရှုပ်မကို ဘယ်လိုထိန်းမလဲ မသိဘူး"

"သူ့ကိစ္စတွေ စိတ်မဝင်စားပါဘူးကွာ၊ အရေးကြီးတာ ငါတို့ကို မနှောင့်ယှက်ဖို့ပဲ"

နောင်လင်းက စိတ်ရှုပ်ရှုပ်နှင့် ရေရွတ်လိုက်သည်။

သူ့မှာ စိတ်ကောက်နေတဲ့ နန်းကို ကျော်သက်တို့စုံတွဲ သက်သေခေါ်ကာ မနည်း ရှင်းနေရပါသည်။

မျက်ချယ် သူ့အိမ်ကိုပင် ရောက်လာတယ်ဆိုတဲ့ကိစ္စကို နန်းဖက်ကလည်း အတော် မကျေနပ်စရာ ဖြစ်နေသည်။

ဒါဟာ နန်းမမျှော်လင့်တဲ့ တိုက်ကွက်ပါ။

နန်းထင်တာက သူ့လမ်းသူ လျှောက်မှာမို့ အေးပြီ မှတ်တာ။





"မင်းကွာ. . သူနဲ့သွားပတ်သက်တာကိုက မဟာအမှားပြီးပဲ"

"အဲဒါက ပြီးသွားပြီလေကွာ၊ အတိတ်မှာ ကျန်ခဲ့ပြီပဲ"

"သူ့ဖက်က မပြတ်နိုင်သေးဘူးထင်တယ်နော် ကိုနောင်"

နန်းက ရတက်မအေးသော ပုံစံလေးနှင့် ပြောလိုက်၏။

နောင်လင်းက ကတိပေးသော မျက်ဝန်းတွေနှင့် နန်းကို ကြည့်တာ. . .

"ကိုယ့်ကို နန်း မယုံဘူးလားကွာ"

မချင့်မရဲ မေးမိ၏။

"ကိုနောင့်ကို မယုံကြည်လို့တော့ မဟုတ်ပါဘူး"

"ဒါဆိုပြီးရောလေ၊ ဘာလို့စိတ်အနှောင့်အယှက် ဖြစ်နေလဲ၊ ထားလိုက်တော့"

နောင်လင်းက ချစ်သူလေးကို ချော့မော့ဟန်ဖြင့် လက်လေးကို ဆုပ်ကိုင်ဖိညှစ်လိုက်၏။

"ဟုတ်သားပဲ မမနန်းရဲ့၊ ကိုနောင်လင်း သူ့ဖက်မပါရင် ပြီးရောပေါ့"

နန်းက ပင့်သက်ငွေ့လေး ရှိုက်မိသည်။ မျက်ချယ် စိတ်ထားနှင့် အမူအကျင့်ကို သူမ အသိဆုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် လောဘကြီးပြီး အတ္တပြင်းတဲ့ မိန်းမတစ်ယောက်ပါ။ နန်းအပေါ် ဘယ်နည်းနှင့်မှ သူ ကျေနပ်နိုင်မှာ မဟုတ်ပါ။

နန်းလက်ထဲကနေ ကိုနောင့်ကို ပြန်ဆွဲခေါ်ဦးမှာ၊ သူကြိုပြီး စိတ်ထင့်ခဲ့တာ မှန်နေပြီ။

ကိုနောင့်စိတ်ဓာတ်ကရော ခိုင်မာမှု ရှိပါ့မလား။

မျက်ချယ်ရဲ့ ဖျားယောင်းဆွဲခေါ်မှုတွေကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ပါ့မလား။

စိုးရိမ်တွေးနှင့် မယုံမရဲ ဖြစ်လာမိတာ အမှန်။

"ဟုတ်တယ်ကွ၊ အရေးကြီးဆုံးက မင်း သူ့မာယာထဲ ဝင်မသွားဖို့ပဲ"

"ဟာကွာ၊ မင်းတို့ကလည်း ငါ့ကို အထင်သေးလိုက်တာ၊ ငါ အရင်က နောင်လင်း မဟုတ်ပါဘူးကွာ၊ ငါ့ကို စိတ်ချစမ်းပါ"

နောင်လင်း မျက်နှာပျက်လာမိသည်။ ထိုမိန်းမနှင့် ပတ်သက်ပြီး အတိတ်က ပျော့ညံ့ခွက်တွေဟာ သူ့ကို ခုထိ ဖိစီးနှိပ်စက်နေတုန်းပါလား။

"နောက်တစ်ခါဆို မင်း သူ့ကို အတွေ့မခံနဲ့ ရှောင်လွှဲလိုက်ကွာ၊ ဘာမှ အားမနာနဲ့"





"အို. . . အဲဒါဆို သူ ရှက်သွားပြီး ပိုတောင် အငြိုးထားဦးမှာ၊ အဲလိုတော့ မလုပ်ပါနဲ့"

နန်းက ကန့်ကွက်သည်။

မိန်းမသားချင်း စာနာစိတ်ကလေးနှင့် ကန့်ကွက်မိတာပါ။

မျက်ချယ်ဆိုတာကလည်း သူစိမ်းတော့ မဟုတ်ဘူးလေ။ နန်းသူငယ်ချင်း အရင်းအချာတစ်ယောက်ပဲ မဟုတ်လား။

သူ့ကို ပစ်ပစ်ခါခါ နစ်နစ်နာနာကြီးတော့ မလုပ်စေချင်။

သူ့မှာလည်း မိန်းမသား မာနတော့ ရှိဦးမှာပဲ။ ထိုမာနကို ထိပါးခံရလျှင် သူ ပိုပြီး သွေးကြွလာနိုင်သည်။

သူက နဂိုကပင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ်နေချင်သလို ပုံစံနှင့် ကိုယ်နေလာခဲ့တဲ့သူ။

ယောကျ်ားတွေရဲ့အကြိုက်လည်း အင်မတန် ပြောတတ်တဲ့သူ။

မျက်ချယ်က ဒီနေရာမှာတော်တဲ့ မိန်းမတစ်ယောက်ဆိုတာ နန်း မျက်မြင်ပဲ မဟုတ်လား။

သူတော့ ရှုပ်ချင်တိုင်း ရှုပ်ပြီး နောင်လင်းကိုတော့ လုံးဝ မလှုပ်နိုင်အောင် ထိန်းချုပ်ထားခဲ့တာ သူမ တွေ့နေခဲ့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ချယ်ကို နန်း ဘယ်လိုမှ လျှော့မတွက်ရဲတာ ဝန်ခံပါသည်။

သူ့ရည်ရွယ်ချက် . . . သူ့လုပ်ဆောင်ချက်ကို သေးသေးမွှားမွှားပါဟု နန်း မတွက်ရဲ။

သူက လုပ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့သူလေ။

ဇွဲနပဲလည်း ပြင်းထန်သည်။

တခြားနေရာတွေမှာသာ အစွမ်းအစ မရှိချင်နေမှာ။

ယောကျ်ားတစ်ယောက်ကို ကိုယ့်ဖက်ပါအောင် ဖျားယောင်းသိမ်းသွင်းတဲ့နေရာမှာတော့ မျက်ချယ်က ပညာသားပါသည်။

"နန်းကိုလည်း ကိုနောင်နဲ့ ဆက်မတွဲဖို့ သူလာပြောသွားတယ်"

"အို . . . သူနဲ့ဘာဆိုင်လို့လဲ မမနန်းရဲ့ . . . သူ့ကို ဂရုစိုက်မနေစမ်းပါနဲ့"

နန်းလည်း ကိုယ့်ချစ်သူကို အနှောင့်အယှက်ကင်းကင်း ချစ်ချင်တာပဲလေ . . . မဟုတ်ဘူးလား။

ကိုနောင်က နန်းရဲ့အချစ်ဦးပါ။

နန်းတို့ရဲ့ ချစ်သက်တမ်းလေးဟာလည်း ဘာမှမကြာသေးပါ။





သူများ ဖျက်ဆီးလို့ မတော်တဆ ပျက်သုန်းသွားမှာ နန်း စိုးရိမ်သည်။

"နန်းရယ် ဘာမှမစိုးရိမ်နဲ့နော်၊ ကိုယ့်အချစ်ကို ယုံပါ။ ကိုယ် လုံးဝ သူ့ဖက် စိတ်မယိုင်ပါဘူး၊ တစ်သက်လုံး နန်းအနားမှာပဲ နေမှာပါ"

ချစ်သူရဲ့စကားသံ တိုးဖွဖွက နန်းနှလုံးသားကို နူးညံ့စွာ နှစ်သိမ့်နိုင်လေသည်။

တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်လျက်သား အကြည့်ချင်း ခပ်ကြာကြာဆုံနေမိလျှင် ကျော်သက်ာ သဇင့်ကို မျက်ရိပ်ပြကာ ခြံထဲ ဆင်းသွားသည်။

စိတ်ကောက်ပြေကာစ နန်းလေးကို နောင်လင်းက အသာအယာ ရင်ခွင်ထဲဆွဲသွင်း၍ ဖက်ထားလိုက်ပါသည်။ သူ့ရဲ့ ထွက်သက်နွေးနွေးက နန်းပါးပြင်လေးကို ထိတွေ့ ရိုက်ခတ်နေသည်။

"အရမ်းချစ်တယ်ကွာ"

နောင်လင်းက ခပ်တိုးတိုးဆိုရင်း သူမပါးပြင်လေးကို ချင့်မရဲ အခါခါ အထပ်ထပ် ဖိကပ် နမ်းရှိုက်ပစ်လိုက်၏။

နန်းလည်း နွေးထွေးသော ချစ်သူ့ရင်ခွင်ထဲမှာ သက်တောင့်သက်သာ ငြိမ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အယုအယကို ခံယူရမှ နန်းနှလုံးသားလေးက ရွှင်လန်းအေးမြ ဘဝင်ကျရတာပါ။

သဇင်က အလိုက်သိစွာ တံခါးလေးလည်း စေ့ပိတ်ပေးသွားသည်။

လိုက်ကာဖားဖားကိုလည်း ဆွဲစေ့ပေးသွားသည်။

ဒီတော့ နောင်လင်းလည်း အပြင်ကို တစ်ချက် ကြည့်ကာ သူမနှုတ်ခမ်းအိအိလေးကို ချိုမြိန်စွာ ငြင်သာဖွဖွ ထိကပ် အနမ်းပေးလေသည်။

နန်းက သူ့ရင်ဘတ်ကို မသိမသာလေး တွန်းရင်း နှလုံးသားမှာ ဖိုနွေး လှိုက်ခုန်သွားရ၏။



“ဟက်လို”

“နောင်လင်း”

“ပြော. . . ကျော်သက်၊ မင်းအိမ်ကို လာမလား၊ ဘရိတ်ဖတ်စ် သွားစားရအောင်”

“ဟော့ကောင်. . . အသာထား၊ မင်းတို့အိမ် သတင်းစာရောက်ပြီလား”

စောစောစီးစီး ကျော်သက်မေးပုံကြောင့် နောင်လင်း ရင်ထဲ ဒိတ်ကနဲ မြည်သွားရသည်။

“မရောက်သေးဘူးကွ. . . ဘာဖြစ်လို့လဲ”

သူ ခုပ်လန့်လန့်နှင့် ပြန်မေးမိသည်။

“မျက်ချယ်တို့ သတင်းပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းလဲ"

"စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတာတဲ့ကွ၊ မင်း ဖတ်ကြည့်လိုက်ဦး"

"ဟာ. . . ဟော့ကောင်. . . မင်း မနောက်နဲ့နော်"

"အဲဒါကြောင့် ဖတ်ကြည့်လို့ ပြောတာပေါ့ကွ၊ ဒါ နောက်စရာမှ မဟုတ်တာကွာ၊ အရေးထဲ. . . မင်းက ငါ့ကို မယုံဘူးကျွတ်. . . သူတို့ ကွိုင်တာ မင်းပယောဂ မကင်းဘူး ထင်တယ်"

"မျက်ချယ်တော့ ရှုပ်ပြန်ပြီ၊ ငါနာမည် လာဆွဲထည့်လို့ကတော့ ဒီအမျိုးသမီး မလွယ်ဘူး"

"မင်းရဲ့နန်းလေး သိသွားရင် ဘယ်လိုလုပ်မလဲ"

"သူ စေ့စပ်တာပျက်လည်း ဘာဆိုင်လဲကွာ၊ နောင်ဆယ်သက်လည်း ငါ သူနဲ့ ပတ်သက်မှာမှ မဟုတ်ဘဲ"

"မင်း ကြိုတင်ပြီး မနန်းကို သွားချော့ထားရင် ကောင်းလိမ့်မယ် ထင်တယ်နော်၊ မျက်ချယ်ကတော့ မင်းကို ပြန်နွှယ်မှာ ကျိန်းသေပေါက်ပဲ၊ သဇင်ကလည်း အဲဒါကိုပဲ စိုးရိမ်နေတယ်"

ကျော်သက်က ပျာပျာသလဲ သတိပေးစကား ဆိုသည်။

သူနဲ့ ပြန်ဆက်သွယ်ခွင့်ရဖို့များ တစ်ဖက်မှာ စေ့စပ်ထားတာ ဖျက်ပစ်လိုက်တာလား။





မျက်ချယ်သဘောကို နောင်လင်း နားမလည်နိုင်တော့။

ဘယ်လိုပဲဖြစ်ဖြစ် ဒီပြဿနာက သူ့ဆီ ဦးတည်ရွေ့လျားလာမှာက ကျိန်းသေ။

ကျော်သက် ဖုန်းချသွားလျှင် ခေါင်းကို ဖွကုတ်ကာ သူ အတော် စိတ်ရှုပ်သွားရပါသည်။

မျက်ချယ်နဲ့ ချစ်ခဲ့ဖူးတာဟာ သူ့ဘဝမှာ အရိပ်အမည်းကြီးတစ်ခုလို ဖြစ်နေသည်။

နောင်လင်းကတော့ ကိုယ့်အချစ်ကို အစွန်းအထင်း အပွန်းအပဲ့ မခံနိုင်တော့ပါ။

မျက်ချယ် လာဖျက်ဆီးလည်း သူ အပျက်စီးမခံနိုင်။

နောင်လင်းက ပင့်သက်ခပ်နက်နက်ကြီး ရှိုက်မိသည်။

ချစ်သူနန်းလေးသာ သိရင် စိုးရိမ်မကင်း ဖြစ်ရှာတော့မည်။ ကိုယ်ကတော့ နန်းလေးကို မခွဲနိုင်ပါဘူး။

ဘယ်သူဟန့်တားနှောင့်ယှက်ပစေ နောက်မဆုတ်နိုင်။

နောင်လင်းမှာ ကော်ဖီသောက်ရတာပင် စိတ်မပါနိုင်။

သတင်းစာလာလို့ ကြော်ငြာစာမျက်နှာကို ကြည့်လိုက်တဲ့အခါ မျက်ချယ်တို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းခြင်း သတင်းကို အထင်ကရ တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာဖြစ်ကြတာလဲ။

ဟာကွာ. . . ဘာကြောင့်ဖြစ်ဖြစ် စိတ်ဝင်စားစရာ မရှိပါဘူး။

နောင်လင်းသည် စိတ်အနှောင့်အယှက်ဖြစ်ဖြစ်နှင့်ပဲ ရေချိုး အဝတ်အစားလဲပြီး နန်းတို့အိမ်ဆီ ထွက်လာခဲ့သည်။

ဖုန်းထဲကပင် ဘာမှ ကြိုမပြောမိ။

သူ့ကို နန်းဆန်သူကိုယ်တိုင်ပဲ ခြံတံခါး ဖွင့်ပေးသည်။

ကားဝင်လာပြီးတဲ့အခါ သူ့ကို မကြည့်ဘဲ တံခါးကို ဖြေးညင်းစွာ ပြန်ပိတ်နေသော သူမကို နောင်လင်း ငေးကြည့်နေမိသည်။

"နန်း"

နောင်လင်းက ကားပေါ်ကဆင်းပြီး သူမအနားသို့ လျှောက်လာခဲ့သည်။

ကိုယ်ဟာ သူမအိမ်ကို ဝင်ထွက်ခွင့်ရနေသော တရားဝင် ချစ်သူတစ်ယောက် ဖြစ်နေခဲ့ပြီလေ။

နန်းလေးက သူ စိတ်ပြောင်းသွားမလား စိုးထိတ်နေတုန်းပဲ ရှိဟန်တူသည်။

မျက်နှာလေး သိပ်မကောင်းပေ။





"နန်း. . ဒီနေ့ နောင်တို့ လျှောက်လည်ကြရင် မကောင်းဘူးလား"

"ဘယ်သွားချင်လို့လဲ"

နန်း အသံလေးက မပွင့်တပွင့်။

"ရွှင်ရယ်ဂါးဒင်းသွားမယ်လေ၊ ပြီးရင် ရုပ်ရှင်ကြည့်မယ်"

"နောင်က သိပ်ပျော်နေတယ်ပေါ့လေ"

"ဟာကွာ. . . မျက်နှာလေးက စူပုတ်နေတာပဲ"

နောင်လင်းက သူမလက်ဖျားလေးကို ဆွဲယူဆုပ်ကိုင်လိုက်သည်။ သူတို့အချစ်တွေ အေးစက်သွားမှာ သိပ်စိုးရိမ်သည်။ အမြဲတမ်း နွေးထွေး နီးကပ်နေချင်သည်။

"သူ. . . နောင့်ဆီကို ဖုန်းဆက်သေးလား"

"မဆက်ပါဘူး၊ ဆက်ရင်လည်း နောင့်မှာ သူနဲ့ ပြောစရာစကား မရှိပါဘူး"

"နောင့်ကြောင့် စေ့စပ်ထားတာ ဖျက်လိုက်တာလား"

"ဘာကြောင့်လဲ ကိုယ်မသိဘူး. . . ကျေးဇူးပြုပြီး သူ့အကြောင်း မပြောပါနဲ့လား နန်းရာ"

"နန်းစိတ်တွေ မွန်းကျပ်နေတယ်၊ နောင်တို့ လုံးဝရှင်းရှင်း ပြတ်သွားပြီလို့ နန်း ထင်ခဲ့တာ၊ အခု ထင်သလို ဖြစ်မလာဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



နန်းမျက်ဝန်းအိမ်မှာ မျက်ရည်လေးပင် ရစ်ဝိုင်းလာသည်။

"ဟာ. . . နန်းရယ်"

စိုလက်လာသော မျက်ဝန်းလေးကို သူ စိတ်ထိခိုက်စွာကြည့်မိသည်။

"နန်း . . . ကိုယ့်ကို မချစ်ဘူးလား၊ ကိုယ့်အချစ်တွေကို မယုံဘူးလား၊ ဘာအတွက်ကြောင့် အမိပ္ပာယ်မဲ့စိတ်ဆင်းရဲနေတာလဲ"

"အမိပ္ပာယ်မဲ့ ဟုတ်မလားလို့ သူ နောင့်ကို ပြန်ကပ်တော့မှာ သေချာတယ်"

"ကိုယ်သစ္စာဆိုရဲပါတယ် နန်းရယ်၊ ဘယ်နှစ်ခါ ကတိပေးရမလဲကွာ၊ ကိုယ် လုံးဝ မပတ်သက်ဘူး၊ သူ့ဘာသာ ဘာပဲဖြစ်ဖြစ် စိတ်လည်း မဝင်စားဘူး"

နောင်လင်းက လက်ဖျားလေးကို လွှတ်ပြီး သူ့မပုန်း မွှတ်မွှတ်ကလေးကို တင်းတင်းဆုပ်လိုက်မိ၏။

"ကိုယ့်တစ်သက်မှာ နန်းပဲ ကိုယ့်မိန်းမ ဖြစ်ရမယ်၊ နန်းက လက်မခံဘူးဆိုရင်တောင် မျက်ချယ်ဆီတော့ ဘယ်တော့မှ အရောက်မခံဘူး၊ အဲဒါတစ်ခုကို ခေါင်းထဲ သေချာမှတ်ထား"





သူ ဒီလိုပြောလိုက်တော့လည်း ပူလောင်ပူစပ်ဖြစ်နေတဲ့ နန်းရင်မှာ အေးမြ ကျေနပ်သွားမိပြန်သည်။

"တကယ်နော် . . . နောင်၊ နန်းကို ဘယ်တော့မှ ပစ်မသွားရဘူးနော်"

ချစ်သူထံ မရဲတရဲ တောင်းဆိုမိသည်။ အောက်ကျတယ်ဟု မတွေးနိုင်ပါ။

မာယာများသော မျက်ချယ်ကို သူမ မယုံခဲ့တာလည်း အမှန်ပါ။

အရေးကြီးတာ နောင်လင်းဖက်က စိတ်မာတ်ကြံ့ခိုင်ဖြတ်သားဖို့ပဲ မဟုတ်လား။

"စိတ်ချ. . . နန်းတွေဝေမှာပဲ ကိုယ်က ကြောက်နေတာ၊ မထူးပါဘူးကွာ ကိုယ်တို့ မြန်မြန်လက်ထပ်ကြတာပဲ ကောင်းလိမ့်မယ်ထင်တယ်၊ ကိုယ့်မေမေကို မိန်းမတောင်းခိုင်းလိုက်တော့မယ် ဘယ်လိုလဲ"

"အို. . . ဖြေးဖြေးပေါ့ ဆရာကြီးရဲ့၊ ဒါက အချိန်ယူ စီစဉ်ရဦးမှာ၊ လာလေ . . . အိမ်ထဲဝင်ဦး၊ မေမေ ဈေးသွားနေတယ်၊ အိမ်မှာ ဒေါ်လုံးပဲ ရှိတာ၊ အိမ်မှာပဲ အေးအေးဆေးဆေး စကားပြောရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စကားပဲ ပြောရမှာလား"

"နောင်. . . နော်"

"ဟ. . . ဘာလဲ၊ ကိုယ်က ကော်ဖီလည်း တိုက်ဦးမှ
လို့ ပြောမလို့ပါ၊ နန်းက ဘာတွေတွေးမိလို့လဲ"

"သွား. . . အဲဒါဆို လာမကပ်နဲ့"

နန်းက သူ့ကို အတင်းတွန်းလွှတ်နေသည်။

နောင်လင်းက သူမရဲ့ ရှက်မျက်နှာနီနီလေးကို ချစ်
စွာ ရယ်ဟဟ ကြည့်နေမိ၏။

ညှော်ခန်းထဲရောက်လျှင် သူတို့ နှစ်ယောက်ထိုင် ဆို
ဆက်တီရလေးပေါ် ပူးပူးကပ်ကပ် ထိုင်လိုက်မိသည်။

သူက နန်းကို သူ့ဖက် ဆွဲယူဖက်ထားလိုက်တာပါ။

"ဒေါ်လုံး ထွက်လာဦးမှယ်. . . ဖယ်ကွာ"

"ထွက်မလာပါဘူး၊ အဲဒီ အဒေါ်ကြီးက အလိုက်
တတ်ပါတယ်"

နောင်လင်းက သူမကို မလွှတ်။

ပါးချင်းအပ်ကာ သူမမျက်နှာလေးကို ထိကပ်ထား
၏။

ရင်ခွင်မှာပဲ ရင်ထဲ နွေးသွားရသည်။





"ကိုယ် နန်းနဲ့ မခွဲချင်ဘူးကွာ၊ အိမ်ကိုတောင် မပြန်ချင်
တော့ဘူး"

မျက်နှာလေးကို ပင့်မော့ယူကာ သူ ပြောလိုက်မိသည်။

ပင့်မော့လာသော သူမနှင့် အကြည့်ချင်း ခပ်နက်နက်
ဆုံမိကြသည်။

"ချစ်တယ်ကွာ၊ အရမ်းချစ်တယ်၊ နန်းရော ကိုယ့်ကို ချစ်
လား"

"ရော . . . ပြောပြီးသားလေကွာ"

"နောင့်ကို ချစ်တယ်၊ နန်းဖက်က အများကြီး စွန့်စားပြီး
ချစ်ရတာပါနော်၊ နန်း ဘယ်လောက်စွန့်စားရတယ်ဆိုတာ နောင်
ကတော့ သိချင်မှ သိလိမ့်မယ်"

"သိပါတယ်၊ ဆက်ပြီးတော့လည်း ကိုယ့်ဘေးမှာ သတ္တိ
ရှိရှိနေပေးပါ၊ နောင်တို့ အရာရာကို ရင်ဆိုင်သွားကြမယ်လေ၊
ဘယ်လိုလဲ"

"အင်းပါ"

"ဒါဖြင့် ကတိပေး"

"ပေးတယ်လေ"

"ဒီလိုမျိုး"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ပါးပြင်လေးကို လက်ညှိုးထိုးပြ၏။

နန်းက ရှက်စနိုးလေး တစ်ချက်ရယ်မိသည်။

သူက မချင့်မရဲ သူ့ဖက်ဆွဲယူ တင်းတင်းသိမ်းဖက်၏။

နန်းက အရဲစွန့်ကာ သူ့ပါးကို ဖွဖွနမ်းလိုက်သည်။

သူ့မျက်နှာ ဝင်းကနဲလက်ကာ ကျေနပ်ပျော်ရွှင်သွားလေသည်။



မျက်ချယ်သည် နောင်လင်းကို ဆက်သွယ်ဖို့အမျိုးမျိုး ကြိုးစားအားထုတ်ရုံမျှမကဘဲ တစ်ညနေမှာ နန်းဆန်သူ၏မိခင် ဒေါ်သူဇာလွင်ထံသို့ပင် ဖုန်းဆက်တိုင်တောခဲ့လေသည်။

"အန်တီ . . . နန်းဆန်အကြောင်း အသိပေးချင်လို့ပါ"

"အေး. . . ပြောလေ သမီး၊ ငါ့သမီးတောင် အန်တီတို့အိမ် မရောက်တာ ကြာပြီနော်"

"လာချင်ပါတယ် အန်တီ၊ ဒါပေမယ့် မျက်ချယ်နဲ့ နန်းနဲ့ ပြဿနာတက်ထားလို့ပါ"

"ဟယ်တော့. . . ဘာဖြစ်ကြပြန်တာလဲ"

"သူ အခုတွဲနေတဲ့ ကိုနောင်လင်းကို အန်တီသိလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် . . . သမီး၊ နန်းလေးက ခေါ်ပြမိတ်ဆက်ပေးထားလို့ မောင်နောင်လင်းနဲ့ ခင်မင်နေပါပြီ"

"အဲဒါ ဘယ်သူမှတ်လဲ၊ အဲဒါ မျက်ချယ်ကိုမှ မရရင် သေပါတော့မယ်လို့ အပီလိုက်ကပ်တဲ့သူလေ"

"ဩော် . . ."

မျက်ချယ်ဇင်ရဲ့ ရဲတင်းပွင့်လင်းမှုအတွက် ဒေါ်သူဇာလွင်ပင် မျက်ခုံးပင့်သွားရသည်။

ဒီကလေးမ အပြောရဲလွန်းလှပါလား။

"မျက်ချယ်က သူ့ကာရိုက်တာ မကြိုက်လို့ ရအောင်ခွာခဲ့တာ အန်တီရေ၊ အဲဒါကိုမှ နန်းက အဟုတ်ထင်နေတယ်၊ မျက်ချယ် သတိပေးတာလည်း ပြောမရတော့ဘူး၊ အဲဒီ . . . နောင်လင်းအမေက ဘယ်လိုဆိုတာ အန်တီ စုံစမ်းကြည့်ဦး တော်တော် နာမည်ပျက်ရှိတာနော်၊ သူ့သတင်းက မွှေးနေတာပဲ ဒေါ်စိမ်းရဝေ ဘယ်လောက်ရှုပ်ထွေးပွေလီလည်းဆိုတာ အန်တီသိရင် ရင်ဘတ်ဖိသွားမယ်"

"ဘယ်သူ . . . သမီး၊ စိမ်းရဝေ ဟုတ်လား"

ဤအမည်မျိုးဆင်တူ သိပ်မရှိနိုင်ပါဘူးဟု ဒေါ်သူဇာက တွေးသည်။





"ဟုတ်ကဲ့ . . . အန်တီ သိလို့လား"

"မန္တလေးတုန်းက အန်တီ့သူငယ်ချင်းတစ်ယောက်ရဲ့ နာမည်နဲ့ ဆင်လို့ပါကွယ်၊ အခုတော့ အဆက်အသွယ်မရှိတာ ကြာပါပြီ"

ဒေါ်သူဇာ အလိုက်သင့်လေးသာ ပြေရာပြေကြောင်း ပြောပါသည်။

သမီးလေး နန်းက သူတို့သုံးဦးသားရဲ့ဖြစ်စဉ်တွေ အကုန်လုံး မိခင်ဖြစ်သူကို ရင်ဖွင့်ပြောပြထားတာမို့ ဒေါ်သူဇာလည်း သိသင့်သလောက် သိထားပါသည်။

တကယ်တမ်း . . . နန်းလေး မပေါင်းသင်းအပ်တာက မျက်ချယ်လို စည်းလွတ်ဝါးလွတ် အထိန်းအကွပ်မဲ့ သူငယ်ချင်းမျိုးပါပဲ။

အရှက်သိက္ခာကို သိပ်တန်ဖိုးမထားတာ။

ဒေါ်သူဇာ လေ့လာမိလို့ နန်းလေးကိုပင် သတိပေးစကား ဆိုဖူးလေသည်။

သူမ သိသလောက် မောင်နောင်လင်းက ရိုးသားရည်မွန်ပြီး လူကြီးမိဘသိတတ်သော ကလေးတစ်ယောက်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖေဖေကို ခေါ်လာပြီး သမီးတောင်းဖို့ပင် ဒေါ်သူဇာကို ခွင့်တောင်းထားပြီလေ။

မျက်ချယ်ဆိုတဲ့ မိန်းကလေးက တမင်အနှောင့်အယှက်ပေးနေတာ သိထားလို့သာပေါ့။

အခုတစ်ဖန် ဒေါ်စိမ်းရဝေ နာမည်ပျက်ရှိကြောင်း အတင်းဆိုနေပြန်ပါပြီ။

ဒေါ်စိမ်းရဝေဆိုတာ ဒေါ်သူဇာ ငယ်စဉ်က သိကျွမ်းရင်းနှီးခဲ့သော စိမ်းရဝေ ဟုတ်မဟုတ်သာ သိချင်လှသည်။



၂၁၉

ကံကောင်းထောက်မစွာဖြင့် ဒေါ်စိမ်းရဝေက မေမေ့ငယ်သူငယ်ချင်းတစ်ဦး ဖြစ်နေခဲ့ပါသည်။

အိမ်ထောင်ကိုယ်စီကျပြီးမှ ပြန်မတွေ့ခဲ့ကြဘဲ ယခုမှပင် ပြန်ဆုံကြတာ ဖြစ်သည်။

ဒေါ်စိမ်းရဝေသည် တစ်ဦးတည်းသော သားလေးနောင်လင်းအတွက် စည်းစိမ်ဥစ္စာအပြည့်ဖြင့် ကောင်းမွန်စွာ ပြုစုပျိုးထောင်ခဲ့ဖို့ရာ ယောက်ျားများနှင့် ရင်ဘောင်တန်းပြီး စီးပွားရှာဖွေခဲ့တာပါ။

မျက်ချယ်စွပ်စွဲခဲ့သလို အကျင့်စာရိတ္တ ဖောက်ပြန်ပျက်ပြားနေတာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာက စိမ်းရဲ့ ဖွဲ့သတ္တိနှင့် အရည်အချင်းကို သဘောကျ ချီးမွမ်းနေမိသည်။ ဤသို့နှင့် နန်းလေးတို့ကိစ္စမှာ မျက်ချယ် ဝင်ဖျက်ကာမှ ပို၍ပင် အဲဆင်ပြေသွားပါသေးသည်။

နှစ်ဖက်မိဘတို့က သဘောတူကြည်ဖြူကြတာမို့ မင်္ဂလာကိစ္စပင် စောစီးစွာ စီစဉ်ဖြစ်သွားကြသည်။ နန်းကတော့ မင်္ဂလာမဆောင်နိုင့်မီအထိ ရင်တမမ စိုးရိမ်နေမိဦးမှာပါပဲ။

မျက်ချယ်မှာ ဘယ်လိုအကြံအစည်တွေ ရှိနေသလဲမှ မသိတာ။ နောင့်အပေါ် သူ မပြတ်နိုင်လို့ပဲလား။ နန်းမှာ ဇဝေဇဝါ အတွေးနှင့် စိတ်မအေး။

နောင့်ကို ယုံကြည်စိတ်ချပေမယ့် မျက်ချယ်ကိုတော့ မယုံရဘူးလေ။

မင်္ဂလာပွဲကိစ္စ ရင်တထိတ်ထိတ်နှင့်သာ စီစဉ်ရပါသည်။

နန်းတို့နှစ်ယောက်သာ တော်ရုံတန်ရုံ မေတ္တာမျိုးဆို မျက်ချယ် ဖျက်ဆီးနှောင့်ယှက်တာနှင့် ပျက်စီးမှာပင်။

အခုတော့ နန်းတို့နှစ်ယောက်က ဖူးစာစစ်မှန်သူတွေ ဖြစ်နေကြ၏။ နောက်တစ်ရက်ဆို မင်္ဂလာလက်ထပ်ပွဲကျင်းပတော့မည်။ ထိုညဉ့် နန်း တော်တော်နှင့် အိပ်မပျော်နိုင်ပေ။



မိုးလင်းလို့ မျက်စိဖွင့်လိုက်တာနှင့် ရင်ထဲ နွေးနွေးလေး အခုန်မြန်လာရသည်။

နန်း ဒီနေ့ လက်ထပ်ရတော့မည်။

မနက်ပိုင်း မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီး နေ့လည်ပိုင်းမှာ မင်္ဂလာဧည့်ခံပွဲ။

သိပ်လှတဲ့ သတို့သမီးဝတ်စုံ သခွားရောင်မလေးတို့ ဆင်မြန်းရတော့မည်။

နောင်က သူမ စိတ်ပူမှာစိုး၍ မနက်အစောကြီးထဲက သူမဆီ ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမောင်နှံ တူယှဉ်တွဲလို့ ရှိနေကြပြီ။ ဘာလိုသေးသနည်း။

နောင်ရယ်. . . နန်းတို့အတူ လက်တွဲခွင့်ရတော့မယ် နော်။

ဒါဟာ တကယ့်ကို ဘုရားပေးတဲ့ဆုပါ။

နောင်လင်းကို ပိုင်ဆိုင်ရတော့မည်ဆိုတာ သူမအတွက် ဆန်းသစ်ကြီးကျယ်သော ရင်ခုန်အိပ်မက်တစ်ခုပါပဲ။

နောင်ကလည်း ဒီလိုပဲ ပြောသည်။

နန်းလေးနဲ့ ဆုံခွင့်ရတာ သိပ်ပျော်စရာကောင်းတာပဲ တဲ့။

မနက်ပိုင်း လက်မှတ်ရေးထိုးပြီးချိန်မှသာ နှစ်ယောက်သား စိတ်အေးအေး သက်ပြင်းချနိုင်ပါသည်။

နန်း မိဘနှစ်ပါးနှင့် ကိုနောင့်မေမေတို့လည်း ပီတိပြုံးတွေ ဝေနေကြသည်။

လက်မှတ်ရေးထိုးပွဲပြီးလျှင် နေ့လည်ပိုင်း မင်္ဂလာဧည့်ခံပွဲအတွက် စီစဉ်ကြ ပြင်ဆင်ကြပြန်သည်။

ကျော်သက်က သူတို့သား အရံ. . .

သဇင်က သူတို့သမီး အရံ. . .



BURMESE CLASSIC



သူတို့နှစ်ယောက်လည်း ပျော်ရွှင်စိတ်လှုပ်ရှားနေကြသည်။

မင်္ဂလာအချိန်နီးကပ်လာလျှင် နှစ်ဖက်သော မိဘအခြံအရံတို့နှင့်အတူ မင်္ဂလာမောင်နှံက လျှောက်လမ်းကတ္တီပါခင်းလေးပေါ်မှာ အခါတော်ပေးတီးလုံးနှင့် ဖြေးညှင်းစွာ တစ်လှမ်းချင်း ထွက်လာပါသည်။

စိန်ရွှေရောင်တို့ လင်းလက်ဝင်းဖြာနေသော ဧည့်ပရိသတ်အပေါင်းမှာ ငြိမ်သက်ငေးမောလျက်။

တကယ်ပဲ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်တင့်တယ်နေတဲ့ စုံတွဲမောင်နှံပါ။ နတ်ဖက်တဲ့ ဖူးစာတွေဆိုတာ ဒါမျိုးပေါ့။

*. . . အောင်ဖေယျတု ငွေခရုငယ်သင်္ချီ. . .*

*. . . အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ. . .*

*. . . နတ်ဒေဝါအပေါင်းငယ်တို့. . .*

*. . . ဆုတောင်းပေးကြသည်ချိန်ခါ. . .*

ဇောမာနေဝင်းရဲ့အခါတော်ပေးသီချင်းသံမှာ ချိုမြစွာ ညို့ငင်ဆွဲဆောင်နိုင်၏။

မောင်နောင်လင်းနှင့် မနန်းဆန်သူတို့ ရင်ထဲမှာ တဖျပ်ဖျပ်ခါအောင် ကြည်နူးနှစ်သိမ့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုံကတ္တီပါမှာ စုံညီစွာ ရောက်ရှိပြီးချိန်မှာတော့ မင်္ဂလာ သြဘာ ဖတ်ကြားသံလေးက ခန်းမတစ်ခုလုံး ဖုံးလွှမ်းထားပါ သည်။

ထိုအချိန်မှာပင် မင်္ဂလာခန်းမအတွင်းသို့ ပိုးအပြောင်စ အစိမ်းရောင်ကို ဂါဝန်ကိုယ်တိ ဝတ်ဆင်ကာ ရင်ဘတ်မှာ ဆေး ရေးပန်းချီ ရေးချယ်ထားသော မိန်းကလေးတစ်ဦးက နောက်ကျ မှ ဝင်ရောက်လာပါသည်။

သူမ ရင်ဘတ်က ဆေးရေးပန်းချီ စတစ်ကာမှာ. . . အသည်းပေါ် မြားတစ်စင်း စိုက်ဝင်နေတဲ့ဟန်. . .

ထိုမိန်းကလေးသည် မင်္ဂလာ စင်မြင့်ရှိရာသို့ စူးနစ်ငေး မောစွာ စိုက်ကြည့်နေပါသည်။

သူမ ရင်ထဲက နာကျင်ခံစားမှုကို ဘယ်သူမှ နားလည် နိုင်မှာ မဟုတ်ပါ။

သူမ ဘဝမှာ ဒီတစ်ကြိမ်သာ အကြီးအကျယ် ရှုံးဖူးခဲ့တာ ပါ။

ထိုအရှုံးက သူမနှလုံးသားကို ပြင်းထန်စွာ ထိုးနှက်နေ သည်။

လင်း. . . လင်းရယ်. . .





မျက်ချယ်ဘဝမှာ လင်းတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးပါ တယ်။ ဒါကို သိတဲ့အချိန်မှာ ပြင်းပြင်းပြပြ ပိုင်ဆိုင်ချင်ခဲ့မိတယ်။

ဒါပေမယ့် တို့ နောက်ကျခဲ့တယ်။

လင်းရဲ့ခြေလှမ်းတွေက တို့နဲ့ ဝေးသထက်ဝေးရာဆီ လျှောက်လှမ်းနေခဲ့ပြီလေ။

လင်း တို့ကို မချစ်ဘူးဆိုတာ အခုတော့ တို့သိပါပြီ။

အချစ်ကို ဖွတ်အတင်း ရယူပိုင်ဆိုင်ချင်လို့ မရဘူးဆိုတာ လည်း တို့ ကောင်းကောင်းနားလည်ခဲ့ပါပြီ။

ဒါကြောင့် လင်းရဲ့ပျော်ရွှင်နေတဲ့ မျက်နှာလေးကို တို့ နောက်ဆုံးအနေနဲ့ လာကြည့်တာပါ။

ဘာပဲဖြစ်ဖြစ် တို့အာရုံထဲမှာ လင်းတို့ မင်္ဂလာပွဲမြင်ကွင်း ကို တစ်သက်လုံး သိမ်းဆည်းသွားချင်လို့ပါ။

ဒါကြောင့်ပဲ တို့ အားတင်းပြီး ရောက်လာခဲ့တာပါ။

သူတို့သမီးကလေး နန်းဆန်သူသည် သူမကို လှမ်းတွေ့ သွားလျှင် မျက်ဝန်းထဲမှာ စိုးရိမ်မကင်းသော အရိပ်အခြည်လေး ဖြစ်ပေါ် လာသည်။

နောင်လင်းလည်း အစိမ်းရောင်နှင့် ထင်လင်းလှပကြော့ ရှင်းနေသော သူမကို မြင်တွေ့သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ချယ် . . . ဒီမိန်းမ ဘာကြောင့် ရောက်လာရတ
လဲ။ ဘာများ နှောက်ယှက်မလို့လဲ။

တကိုယ်ကောင်းဆန်လွန်း အတ္တကြီးလွန်းသော ထိုမိန်း
ကို နောင်လင်း ဒီအချိန်မှာ မတွေ့မြင်လိုပါ။ ခါးသီးမှုတွေ ရင်ထဲ
ကျန်နေဆဲပါ။

မျက်ချယ်က ပြုံးပြုံးလေးသာ ငေးကြည့်နေပါသည်
တစ်ခြား ဘယ်နေရာကိုမှ မျက်ဝန်း လွှဲမသွားပေ။

သို့သော် သူမက ငေးရုံသာ ငေးမောနေပြီး ဘာမှမ
ရှားပါ။

နောင်လင်းမေမေနှင့် နန်းဆန်သူမိဘတွေမှာလည်
မျက်နှာအနည်းငယ် ပျက်နေကြပါသည်။

မင်္ဂလာပွဲလေး အောင်မြင်စွာ ပြီးစီးသွားတဲ့အချိန်မှ
သူတို့ ပင့်သက်ချနိုင်ကြမှာပါ။

အစိမ်းရောင်မိန်းကလေးသည် စင်မြင့်ရှိရာ ဖြေးညင်း
လျှောက်လှမ်းလာသည်။

သူမကို အားလုံးက ဝိုင်းကြည့်နေကြ၏။

မင်္ဂလာစင်မြင့်နားရောက်လာလျှင် သူမက ခြေစုံ
သွားသည်။





ပြီးလျှင် လက်ထဲက ကင်မရာနှင့် မင်္ဂလာမောင်နှံတို့ကို
စိမ်ပြေနပြေ ဗီဒီယို ရိုက်ယူလိုက်သည်။

မထင်မှတ်သော သူမအပြုအမူကြောင့် နန်းရင်ထဲမှာ
တစ်မျိုးလေး ခံစားလိုက်ရပါသည်။

သူမသည် စိတ်ကျေနပ်စွာ ဗီဒီယို ရိုက်ယူပြီးလျှင် နွေး
ထွေးသော ခြေလှမ်းများဖြင့် မင်္ဂလာခန်းမထဲက တစ်ဦးတည်း
ထွက်ခွာသွားပါတော့သည်။

"နောင်"

နန်းဆန်သူက သူ့နံဘေးက သူတို့သားကို တိုးညင်းစွာ
ခေါ်သည်။

"သူ ပြန်သွားပြီ ထင်တယ်နော်"

"အင်း . . . တော်ပါသေးရဲ့ကွာ"

နန်းက ပင့်သက်ကလေး တစ်ရှိုက်နှင့် . . .

"ခုလိုကျတော့လည်း နန်းရင်ထဲမှာ တစ်မျိုးကြီးပဲ . . . သိ
လား၊ သူ့ကို သနားမိသလိုပဲ"

နောင်လင်းက ဘာမှ ပြန်မပြောပါ။

သူ့ရင်ထဲမှာရော ကရုဏာသက်နေမလား။

နန်း တွေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နောင့်ကို တစ်သက်စာ ပိုင်ဆိုင်ခွင့်ရလိုက်တာကိုပဲ နန်းရင်ထဲ ကြည်နူးချမ်းမြေ့လှပါပြီ။

အခုမှ နန်းရဲ့ဘဝက ပြီးပြည့်စုံလျှက် လုံခြုံသွားပါသည်။

ဆုလေးနွယ်



www.burmeseclassic.com